www.burmeseclassic.com




BURMESE CLASSIC
www.burmeseclassic.com

www.burmeseclassic.com

စူးစူးနစ်နစ် ချစ်ခဲ့တဲ့ ကျွန်မကို
ရက်ရက်စက်စက် စွန့်ပစ်ခဲ့တဲ့ အတွက်
အသက်ဝိညာဉ်ကို ရင်းပြီး နောက်ဆုံးထွက်သက်နဲ့
အတူ ကျိန် ဆိုခဲ့တယ်။ အဲ့ဒီကျိန်စာကတော့...
ရှင် မသေမချင်း ရှင့်ရဲ့အနီးဆုံးနေရာမှာ နေပြီး
ရှင့်ကို ဒုက္ခပေး နှောင့်ယှက်နိုင်တဲ့သူ ဖြစ်ရပါစေလို့...။
(လပြည့်ဝန်း)



www.burmeseclassic.com

www.burmeseclassic.com



BURMESE CLASSIC

# အခန်း(၁)

၁၉၉၀ခုနှစ် ဝန်းကျင်က. . .

စားတော်ဆက်တစ်ခုရဲ့ အခန်းထဲရှိ ပြာလဲ့သောမီးရောင်အောက်မှာ လွတ်လပ်ပေါ့ပါးသောရယ်သံတို့က ဝေစည် ခုန်ပျံလို့နေသည်။

"ချီးယားစ်"

"ချီးယားစ်"

ဖန်ခွက်ချင်း ထိခတ်သံနှင့်အတူ ပယင်းရောင်အရည်တို့ လှုပ်ခတ်သွားသည်။

"တို့ကောင်ကြီး ငြိမ်းချမ်းအေးအတွက်".

"ဂုဏ်ပြုပါတယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဟား . . ဟား . . ဟား . . ဟား"

ရယ်ပွဲဖွဲ့ ဆုတောင်းသံနှင့်အတူ တဟားဟား ရယ်မောသံများက လွင့်ပျံ့သွားသည်။

BURMESE CLASSIC

ငြိမ်းချမ်းအေး ပျော်တတ်သော သူငယ်ချင်းများကြောင့် လိုက်ရယ်မိရင်းမှ မေလေးကို ကြည်နူးစွာ လှည့်ကြည့်လိုက်မိသည်။

"အဟင်း . . . ဟင်း"

ရယ်သံလွင်လွင်ကလေးဖြင့် မေလေးကလည်း သူ့ကို ပြန်ကြည့်သည်မို့ နှစ်ယောက်သား အကြည့်ချင်းဆုံပြီး ကြည်နူးစွာ ရယ်လိုက်မိကြပြန်သည်။

"ဟား . . ဟား . . ဟား"

"ဟင်း . . ဟင်း . . "

သူတို့ဝိုင်းမှာ အတောမသတ်နိုင်သော ရယ်သံများက ဝေစည်သွားရပြန်သည်။

"ချမ်းကြီး . . . အပျော်လွန်ပြီး ရယ်ပဲ ရယ်မနေနဲ့၊ ဒါလေးလည်း ချဦး"

ဇော်ထွန်းက ပယင်းရောင် ယမကာများ လှုပ်ခတ်နေသော ဖန်ခွက်လှလှလေးကို သူ့ရှေ့ ကမ်းပေးသည်။

သူ ဇော်ထွန်းလက်ထဲက ဖန်ခွက်ကို လှမ်းမယူသေးဘဲ မေလေးကို ခွင့်ပြုမှာလားဆိုသောသဘောဖြင့် ဆတ်ခနဲ မျက်ခုံးပင့်ပြလိုက်သည်။

"အံမာ . . . ချမ်းကြီး . . ချမ်းကြီး၊ ကြည့်စမ်း . . . အပိုးကျိုးနေလိုက်တာ"

ဇော်ထွန်းက ရိတော့ မေလေးက တဟင်းဟင်း ရယ်ရင်းက ခွင့်ပြုချက် တောင်းနေသော သူ့ကို ခေါင်းလေး အသာညိတ်ပြသည်။

သူ ဇော်ထွန်းလက်ထဲက ဖန်ခွက်ကို ပိုင်ပိုင်နိုင်နိုင် လှမ်းယူ

www.burmeseclassic.com

www.burmeseclassic.com



လိုက်ပြီး သူငယ်ချင်းတွေဘက် လှည့်ကာ မျက်စပစ်ပြလိုက်သည်။

တွေ့လားဆိုပြီး ကြွားလိုက်ခြင်းပင်။

"အေးပါ. . အေးပါ. . မင်း ကြွားထားဦးပေါ့"

ဇော်ထွန်း မခံချိမခံသာ ပြောတော့ သူနှင့်မေလေး ပြိုင်

ရယ်လိုက်မိပြန်သည်။

ရယ်ရင်းမှ ဇော်ထွန်းကို ပိုပြီးမခံချင်အောင် ထပ်ပြီးနော

လိုက်သည်။

"ပုံ့ပုံ့ကို မေလေးဆီမှာ သင်တန်းတက်ခိုင်းလိုက်ဦး ဇော်ထွန်

ဇော်ထွန်းမျက်နှာကြီး အီလည်လည်ဖြစ်သွားပြီး. .

"အေးပေါ့ကွာ. . မင်းပြောထားဦးပေါ့"

သူနှင့်မေလေး ဇော်ထွန်းစကားကြောင့် ရယ်မိပြန်သည်။

ပုံ့ပုံ့က ဇော်ထွန်း အရက်သောက်ရင် အမြဲပြဿနာရှာတတ်

မေလေးကတော့ သူ့ကို နားလည်တတ်သူကလေးလို့

ယုံကြည်မိသည်။

ခုပဲ ကြည့်လေ. .

သူနှင့်မေလေး ချစ်သူတွေ ဖြစ်ကြသည့် အထိမ်းအမှတ်အ

သူငယ်ချင်းတွေက ကျွေးမွေးပြုစုရမည်လို့ တောင်းဆိုတော့ မေ

ကိုယ်တိုင် လိုက်ထိုင်ပေးတာ. .

ဘယ်လောက် နားလည်မှုရှိသည့် ချစ်သူကလေးလဲ။

"ဒါနဲ့ စကားမစပ်၊ မိတ်ဆက်ပေးဦးလေ ချမ်းကြီး၊ မင်း

လည်း တိုနေလိုက်တာ"

နိုင်ကြီးပြောတော့မှ သူ မေလေးကို သူငယ်ချင်းတွေနှင့်

သေချာချာ မိတ်ဆက်မပေးရသေးတာ သတိရပြီး. .

"မတိုပါဘူးကွာ. . မေ့နေလို့ပါ၊ မေလေးတဲ့"

"မေလေး ဟုတ်လား၊ အရမ်းချစ်စရာကောင်းတဲ့နာမည်



www.burmeseclassic.com

www.burmeseclassic.com



ပဲ"

"ဟော့ကောင် နိုင်ကြီး"

သူ နိုင်ကြီးကို စိတ်ဆိုးချင်ယောင်ဆောင်ကာ လက်သီးနှင့် ရွယ်လိုက်သည်။

နိုင်ကြီး ရယ်ပြီး လက်ကာပြတော့ ဖိုးညီက ရှေ့တိုးလာကာ. .

"ကျောင်းပြီးသွားပြီလား. . . ကျောင်းတက်တုန်းကတော့ ဒီကောင်နဲ့ တွဲတာ မတွေ့မိပါဘူး"

"မေလေး ကျောင်းမပြီးသေးပါဘူး၊ ဖိုင်နယ်တက်နေတာ၊ သူနဲ့ တွေ့တာလည်း မကြာသေးပါဘူး"

ဒီတစ်ခါတော့ မေလေးကိုယ်တိုင် ရင်းရင်းနှီးနှီး ဝင်ဖြေသည်။

"မေလေးက ဓါတ်ပုံဝါသနာအိုးလေ၊ ငါ့ဆိုင်မှာ ဓါတ်ပုံလာ ရိုက်ရင်း တွေ့တာ"

"ဩော်. . . ဇာတ်လမ်းက ဒီလိုကိုး"

သူ ဝင်ရှင်းပြတော့ ဟိုကောင်တွေ ခေါင်းတညိတ်ညိတ်နှင့်။

"ဒါဆို ဒီကောင် ကျောင်းတုန်းက ဇာတ်လမ်းတွေ မေလေး မသိသေးဘူးပေါ့"

ဇော်ထွန်း သူ့ကို ပြဿနာရှာဖို့ အကွက်ချောင်းသည်မို့ သူ မျက်လုံးပြူးသွားရသည်။

မေလေးကို လှည့်ကြည့် အကဲခတ်တော့ အရယ်မပျက်။

"ဒီကောင် ကျောင်းတက်တုန်းက ဇာတ်လမ်းတစ်ခု ရှိခဲ့ဖူးတယ်"

"အသည်းကွဲ ဇာတ်လမ်းလေးတစ်ပုဒ်ပေါ့၊ ကျွန်တော်တို့ သူငယ်ချင်းက အရမ်းသနားဖို့ကောင်းတာ"

ဇော်ထွန်းနှင့်နိုင်ကြီး သူ့ကို အချွန်နှင့် မ,ဖို့ ကြံစည်နေပြီ။

မေလေးက အရယ်အပြုံး မပျက်ဘဲ. . .



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်လား"

လို့ စကားထောက်ပေးနေသေးသည်။

"ပြောပြလိုက်ရမလား ငြိမ်းချမ်း"

မေးမည့်သာ မေးနေသော်လည်း တားမရမှာလည်း သိ
သည်မို့ သူ ဇော်ထွန်းကို လက်သာ မြှောက်ပြလိုက်ရသည်။

"သူ အဲ့ဒီတစ်ယောက်ကို အရမ်းချစ်ခဲ့တာဗျ"

သူ မျက်လုံးပြူးသွားရတော့သည်။

ဒါပေမယ့် . . .

မေလေး စကားတစ်ခွန်းကြောင့် သူ အသက်ရှူချောင်သွား
သည်။

"ဟုတ်လား . . ဒါပေမယ့် ကိစ္စမရှိပါဘူး၊ အခု သူ ကျွန်
အနားမှာ ရှိနေတာပဲ၊ ပြီးခဲ့တာတွေ ကျွန်မ စိတ်မဝင်စားပါဘူး . .
အဟင်း . . ဟင်း"

မေလေးက မျက်နှာမပျက်ဘဲ ရယ်ရင်း ပြန်ပြောလိုက်တ
ဟိုကောင်တွေ ခေါင်းတွေ ယမ်းကာ ပခုံးကိုယ်စီ တွန့်ပြကြလေသ

သူကလည်း အောင်နိုင်သူကြီးတစ်ယောက်လို မျက်ခုံးပင့်
လိုက်သည်။

"ဟုတ်ကဲ့ပါ . . ဟုတ်ကဲ့ပါ၊ ဘာပဲဖြစ်ဖြစ် မေလေးကို ကျေး
တင်ပါတယ်ဗျာ၊ အသည်းကွဲနေတဲ့ ကျွန်တော်တို့ သူငယ်ချင်းကို ခ
ပျော်ရွှင်လာအောင် ဖန်တီးပေးတဲ့အတွက်"

ဇော်ထွန်းက မျက်နှာကို တမင်မဲ့ကာ မချိတရိ ပြောပေမ
သူနှင့်မေလေး သဘောတကျ ရယ်လိုက်မိကြသည်။

ပြီးတော့ . . .

တကယ်လည်း သူ့အပေါ် နားလည်မှုရှိစွာ ကြင်နာမှုတွေ
နွေးထွေးပေးသည့် ချစ်သူရဲ့လက်ကလေးတစ်ဖက်ကို ချစ်မြတ်နိုး



www.burmeseclassic.com

www.burmeseclassic.com



ဆုပ်ကိုင်လိုက်မိသည်။

အဲ့ဒီနောက်. . .

ဇော်ထွန်းတို့တတွေ ပြောင်လားနောက်လားနဲ့ နောက်နေကြပေမယ့်. . .

သူတို့ချစ်သူနှစ်ဦးကတော့ တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်ကာ ကြည်နူးစွာ ပြုံးလျက် တိတ်ဆိတ်နေမိကြသည်။

ရင်ထဲမှာတော့ အရမ်းကို ပျော်နေရလွန်းသည်လေ။



www.burmeseclassic.com

www.burmeseclassic.com



ထို့နောက်. . .

အားလုံးနှင့် နှုတ်ဆက်လမ်းခွဲပြီး သူနှင့်မေလေး ပြန်ခဲ့ကြသည်။

"မေလေးပဲ မောင်းမယ်နော်၊ ချမ်းက မူးနေပြီ မဟုတ်လား"

မေလေးက မျက်စောင်းကလေး ဝင့်သော်လည်း အပြုံးဖြင့်သူ့ကို ကျီစယ်ကာ ကားမောင်းသူနေရာမှာ ဝင်ထိုင်သည်။

"အာ. . . မေလေးကလဲကွာ၊ ကိုယ်သောက်တာ လက်နှစ်လုံးထင်ပါ"

သူ ရှက်ရယ်,ရယ်ရင်း မေလေးကို ပြန်ချေပမိသည်။

"အံမယ်. . . ဘာလက်နှစ်လုံးလဲ၊ ဒီလို လက်နှစ်လုံးလား"

မေလေးက လက်ကလေး ငါးချောင်းဖြန့်ပြီးမှ အစွယ်ကထက်ညှိုး၊ လက်ခလယ်၊ လက်သူကြွယ် သုံးချောင်းကို ကွေးကာ လက်မ



www.burmeseclassic.com

www.burmeseclassic.com



နှင့် လက်သန်းအကွာအဝေးကို ပြသည်။

"အဟား. . ."

မေလေး လည်တာကို သူ သဘောကျကာ ရယ်လိုက်မိသည်။

မေလေးကလည်း ရှက်ရယ်,ရယ်နေသည့် သူ့ကို ကြည့်ကာ ရယ်နေသည်။

ကားမောင်းထွက်လာတော့ ထိုင်ခုံမှာ လျှောမှီထိုင်ကာ ကား မောင်းနေသော မေလေးကို ရီဝေစွာ ငေးစိုက်ကြည့်ရင်း သူပြုံးနေမိသည်။

"ဟိတ်. . . ဘာလို့ စိုက်ကြည့်နေတာလဲ၊ မေလေးက ကား မောင်းတုန်း ဘေးကလူ စိုက်ကြည့်ရင် မနေတတ်ဘူးနော်"

"မေလေးက အရမ်းလှတာကိုး၊ မကြည့်ဘဲ မနေနိုင်ဘူး"

"အာ. . . ကပ်မြှောက်နေတယ်ကွာ၊ မနေတတ်ဘူးဆို. . . မကြည့်နဲ့"

"မကြည့်စေချင်ရင် မလှနဲ့ပေါ့"

"ချမ်းနော်. . . မိန်းကလေး လှလှမြင်ရင် အဲ့လို စိုက်ကြည့်နေ ကျပဲလား"

"ကိုယ့်မျက်စိထဲမှာ မေလေးတစ်ယောက်ထဲ လှတာ"

"အိုး. . . အဲ့ဒါတော့ အရမ်းပိုပြီ၊ ဟင်း. . ဟင်း"

မေလေး မနေနိုင်တော့ဘဲ ရယ်သည်။

ကားထဲမှာ သူတို့ချစ်သူနှစ်ယောက်ရဲ့ရယ်သံလေးများ ချိုလွင် စွာ လွင့်ပျံ့နေသည်။

ဘယ်လောက်ကြည်နူးစရာ ကောင်းလိုက်သလဲ။

"ချမ်းကွာ. . . မကြည့်နဲ့ဆို၊ မေလေး မမောင်းတတ်တော့ဘူး"

"ကြည့်မှာပဲ"

"အိုး. . . ဆိုးလိုက်တာ"



www.burmeseclassic.com

www.burmeseclassic.com



မေလေး ရယ်ရင်းက မျက်စောင်းကြီး ဝင့်ပြီး သူ့ကို ပခုံးချင်း အထိုက်. . .

ကြည်နူးဖွယ် အခြေအနေကလေးမှာ ရုတ်တရက် လုံးဝ မယုံကြည် မထင်မှတ်လောက်အောင် ပြောင်းလဲသွားခဲ့ရသည်မှာ. . .

လူသူတစ်ယောက်မှ မရှိဘဲ ရှင်းနေခဲ့သော ကားလမ်းမကြီး ပေါ်မှာ ယိမ်းခါသွားခဲ့သော သူတို့ရဲ့ကားကလေးရှေ့ မိန်းကလေးတစ်ယောက် ရုတ်တရက် ဘွားခနဲ ပေါ်လာပြီးလျှင်. .

"ဟာ"

"ဒိုး. . . "

"အား. . . "

"အံမယ်လေး"



www.burmeseclassic.com

www.burmeseclassic.com



ကျွယ်လောင်လှသော မြည်ဟီးသံကြီးက ညဉ့်အမှောင်ကို ကြောက်မက်ချောက်ခြားဖွယ်ရာ ဖြိုခွင်းသွားခဲ့ပြီ။

"အား. . . ကျွတ်. . . ကျွတ်"

သူ သတိပြန်ဝင်လာခဲ့ချိန်မှာ သူ့ခေါင်းဆီမှ မခံမရပ်နိုင်သော နာကျင်မှုကြီးနှင့်အတူ ပူနွေးစေးပျစ်သော သွေးများက သူ့ဘယ်ဘက် ပါးပြင်တစ်လျှောက် လိမ့်စီးလာခဲ့တာကို သတိပြုလိုက်မိတာ ဖြစ်သည်။

သို့သော်. . .

သူ့ရဲ့နာကျင်မှုကို ဂရုမစိုက်အားဘဲ သူ စိုးရိမ်ထိတ်လန့်မိသည်မှာ မေလေးအတွက်ပဲ ဖြစ်သည်။

"မေလေး. . ."

သူ ကြိုးအော်ရင်း လူးလဲထလိုက်မိသည်။

"ဟင်. . ."

သူ့ရင်ထဲ ဒိန်းခနဲ ဖြစ်သွားခဲ့ရသည်။



www.burmeseclassic.com

www.burmeseclassic.com



ဘာဒဏ်ရာမှ မရှိဘဲ မေလေးမှာ စတီယာရင်ကို ကျစ်ကျစ်ပါအောင် ဆုပ်ကိုင်ကာ အသိစိတ်မဲ့သူတစ်ယောက်လို ဖွေးဆုတ်နေသော မျက်နှာနှင့် မျက်လုံးအစုံမှာ အဓိပ္ပါယ်မဲ့ ပြူးကြောင်လျက်။

"မေလေး. . . မေလေး"

သူ မေလေးရဲ့ပခုံးနှစ်ဖက်ကို စိုးရိမ်တကြီး လှုပ်ခါကာ ခေါ်လိုက်မိသည်။

"ဟင်. . . "

ခုမှ အသိစိတ် ပြန်ဝင်လာသူ တစ်ယောက်လို မေလေး သူ့ကို လှည့်ကြည့်သည်။

"ဘာဖြစ်သွားသေးလဲ မေလေး. . ဟင်. . ဘာဖြစ်သွားသေးလဲ"

သူ ထိတ်ထိတ်ပျာပျာ မေးနေမိသော်လည်း မေလေးမှာ သူ့စကားကို မကြားသလို အရှေ့ဆီကို ပြန်ကြည့်လျက် တဆတ်ဆတ် တုန်နေသော လက်ညှိုးကလေးဖြင့် ညွှန်ပြကာ. . .

"သူ. . . သူ. . . "

မေလေး လက်ညှိုးကလေး ညွှန်ပြရာဆီ သူ ထိတ်လန့်စွာ လှည့်ကြည့်လိုက်မိသည်။

"ဟာ. . "

သူ့ခေါင်းမှာ အဆမတန် ကြီးသွားသလို ခံစားလိုက်ရတော့သည်။

သူတို့ကားနှင့် ပေငါးဆယ်အကွာခန့်မှာ ငြိမ်သက်လဲကျနေသော မိန်းကလေးတစ်ယောက်။

"ချမ်း. . . သူ. . . သူ. . . "

မေလေးအသံမှာ တုန်ယင်နေသည်။

သူကိုယ်တိုင်လည်း ငြိမ်သက်နေသော မိန်းကလေးမျက်နှာကို



www.burmeseclassic.com

www.burmeseclassic.com


သေသေချာချာကြည့်ကာ ဆောက်တည်ရာ မရအောင် စိတ်လှုပ်ရှား တုန်ယင်နေမိသည်။

ဟာ. . . တူလိုက်တာ. . . ခုချိန်ကြီး ဒီနေရာမှာ သူမ မဖြစ် နိုင်ပါဘူး. . . ရုပ်တူတာပဲနေမှာပါ. . .

ငြိမ်းချမ်းအေး စိတ်ချောက်ခြားစွာ တွေးနေစဉ်. . .

"သူ. . သူ. . သေများသွားပြီလားဟင်"

တုန်ယင်သောအသံဖြင့် သွေးရူးသွေးတန်း ပြောရင်းက မေ လေး ကားတံခါးဖွင့်၍ ဆင်းကြည့်ရန် ပြင်သည်။

"ဟင့်အင်း. . . မဆင်းနဲ့ မေလေး"

သူ မေလေးကို ကမန်းကတန်း ဆွဲထားလိုက်မိသည်။

"ဆင်းကြည့်မှ ဖြစ်မယ်"

မေလေးက သူ့လက်ကို ရုန်းသည်။

"မေလေး"

သူ အသံမာမာဖြင့် မေလေးကို ဟန့်တားလိုက်ရတော့သည်။

"မေလေး. . . အခုချိန်မှာ လုပ်သင့်တာက ဒီနေရာက အမြန် ဆုံး ထွက်သွားဖို့ပဲ"

"ဟင့်အင်း. . . သူ. . ."

မေလေးမှာ သူ့စကားကို နားမဝင်ဘဲ ခေါင်းမာဆဲ။

"မေလေး. . . ကားကို အမြန်မောင်းတော့"

"သူ. . သူ. . သေ. . "

"အမြန်မောင်း"

သူ အသံကုန် ကြုံးအော်လိုက်မိတော့သည်။

မေလေး ခန္ဓာကိုယ်လေး ဆတ်ခနဲ တုန်သွားကာ သူ့ကို အံ့သြ တကြီး လှည့်ကြည့်သည်။

သူ မေလေးပခုံးကို ဆုပ်ညှစ်ကာ. . .


www.burmeseclassic.com

www.burmeseclassic.com



"စိတ်ကို အတတ်နိုင်ဆုံး တည်ငြိမ်အောင် ထားပြီး ကားကို ပြန်လှည့်လိုက်တော့ မေလေး"

သူ မေလေးကို တစ်လုံးချင်း ပြောလိုက်သည်။

မေလေး လဲကျနေသော မိန်းကလေးကို တစ်ချက်စိုက်ကြည့်ပြီး သက်ပြင်းရှိုက်သည်။

ထို့နောက်. . .

သူတို့ကားကလေး ထိုနေရာမှ ပြန်လှည့်ကွေ့ကာ လာရာလမ်းအတိုင်း တရှိန်ထိုး မောင်းထွက်လာခဲ့တော့သည်။

အပြန်လမ်းမှာတော့. . .

ရယ်သံများ ပျောက်ဆုံးလျက် သူတို့နှစ်ယောက်လုံး တိတ်ဆိတ်စွာ။ ပြီးတော့ စိတ်လှုပ်ရှား ထိတ်လန့်လွန်းလှစွာ. . . ။

သို့သော်. . .

သူတို့ကားလေး မရှိတော့သည်နှင့် လဲကျနေသော မိန်းကလေးများ ဘာမှမဖြစ်သလို ကုန်းထလာပြီး မဲ့ပြုံးပြုံးလျက် အမှောင်ထဲဝင်ပျောက်သွားခဲ့သည်ကို သူတို့ တွေ့လိုက်ရမည်ဆိုလျှင်. . .

စိတ်သက်သာသွားလေမည်လား. . .


ပို၍ပင် ချောက်ခြားသွားလေမည်လား. . .

ဆိုတာကိုတော့. . .



www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com



# အခန်း(၂)

"ချမ်း ရေ. . . လှလှလေး ရိုက်ပေးနော်"

အမိုက်စားလေး အိုက်တင်ထုတ်ရင်းက လှမ်းပြောလိုက်သော မေလေးစကားကြောင့် သူ ပြုံးလိုက်မိသည်။

"မေလေးနော်. . . ငါက ကာယကံရှင်ဆိုတာလည်း မမေ့နဲ့ဦး"

မေလေးအစ်မ ဂျူလိုင်က မျက်စောင်းဝင့်ပြီး ချစ်စနိုး ပြောသည်။

"မမကလည်း. . . မေလေးက မမထက် ပိုလှနေတာတော့ တတ်နိုင်ဘူးလေ. . . ဟဲ. . . ဟဲ"

"ဟုတ်ပါတယ်. . . ဟုတ်ပါတယ်၊ ရှင်က ကျုပ်ထက် ပိုလှပါတယ်. . . ကျေနပ်ပြီလား"



www.burmeseclassic.com

www.burmeseclassic.com



မေလေးတို့ ညီအစ်မ ကလေးဆန်စွာ ပြောနေကြတာမို့ သူ ရယ်လိုက်မိတော့သည်။

မေလေးကလည်း မေလေးပင်။

တကယ်တော့ ပွဲက မေလေးအစ်မ ဂျူလိုင်ရဲ့ပွဲ။

မေလေးအစ်မ ဘွဲ့ယူသည်မို့ ကျောင်းဝင်းထဲမှာ မိသားစုလိုက် ဓါတ်ပုံရိုက်ချင်သည်ဆို၍ သူက လိုက်ရိုက်ပေးရခြင်းဖြစ်သည်။

ဒီရောက်တော့ ဘွဲ့ယူမည့် ကာယကံရှင် ဂျူလိုင်ထက် မေလေး က ပိုကဲနေသည်မို့ ပြောလည်း ပြောချင်စရာ။

ဒါပေမယ့် တကယ်လည်း ဘွဲ့ယူမည့်ဂျူလိုင်ထက် မေလေးက ပိုလှနေတာ အမှန်ပဲဖြစ်သည်။

"ငြိမ်းချမ်းရေ. . . ကျောင်းကို နောက်ခံထားပြီး ဓါတ်ပုံရိုက် ချင်သေးတယ်"

"အိုကေ. . . ရိုက်လေ"

ဂျူလိုင်က ကျောင်းတော်ကြီးကို နောက်ခံထားပြီး ဓါတ်ပုံရိုက် ချင်သေးသည်ဆိုတာကြောင့် သူတို့ နေရာရွှေ့ခဲ့ကြသည်။

ဂျူလိုင်တစ်ယောက်ထဲ။

ပြီးတော့ မေလေးနှင့် ညီအစ်မနှစ်ယောက်။

နောက် မိသားစုပုံ။

"ကဲ. . . ကျောင်းနဲ့လည်း ရိုက်ပြီးပြီဆိုတော့ တော်လောက်ပါ ပြီ၊ နေရာလည်း စုံပါပြီ၊ ကျေးဇူးတင်တယ်နော် ငြိမ်းချမ်း"

"အာ. . . ရပါတယ်၊ ကျေးဇူးတင်ရမယ့် လူတွေလားဗျာ"

သူနှင့်ဂျူလိုင် စကားပြောနေကြဆဲ ဂျူလိုင့်သူငယ်ချင်းတစ်အုပ် အနားရောက်လာကာ. . .

"ဂျူလိုင်. . . ရှင့်ကို လိုက်ရှာနေတာ၊ မေဂျာဂရုဖ်ပုံ ရိုက်မလို့ မြန်မြန်လာ"



www.burmeseclassic.com

www.burmeseclassic.com



ဂျူလိုင်တို့ မေဂျာကျောင်းသားအုပ်စုပုံ ရိုက်မည်ဆိုတော့ သူပါ ဝင်ရိုက်ပေးဖို့ ကင်မရာ လွှယ်ကာ လိုက်သွားမိသည်။

လူစုံသလောက် ရှိနေပြီမို့ တခြားရိုက်ပေးမည့် ကင်မရာမန်း တွေက အသင့်ဖြစ်နေကြပြီ။

ဂျူလိုင် အုပ်စုထဲ ဝင်ကာ ဓါတ်ပုံရိုက်ဖို့ အသင့်ဖြစ်တော့ သူ လည်း တခြားကင်မရာမန်းတွေနောက် ဝင်လိုက်ကာ ကင်မရာကို အသင့်ချိန်လိုက်မိဆဲ. . .

"ဟင်. . ."

သူ့ဆံပင်မွေးများ ထောင်ထသွားသလား ထင်လိုက်ရသည်။

သူ တွေ့လိုက်ရသည်မှာ ဂျူလိုင့်နောက်နားမှာ ပေါ်လာသော တစောင်းအနေအထားနှင့် တစ်စုံတစ်ယောက်။

ဖရိုဖရဲ လွင့်ကျဲနေသောဆံပင်များနှင့် ဖွေးဆုတ်ပြာနှမ်းနေ သောမျက်နှာ။

မျက်နှာသွင်ပြင် သဲသဲကွဲကွဲ မပီပြင်သော်လည်း လူမဟုတ် သည့် တစ်စုံတစ်ယောက်မှန်း ပေါ်လွင်နေသည်။

သူ ရင်တွေ တဒိန်းဒိန်း ခုန်မိလျက်က ကင်မရာကို ချက်ချင်း ဖယ်ကာ ကြည့်လိုက်သည်။

မရှိ။

ဂျူလိုင့်နောက်မှာ ဘယ်သူမှ မရှိ။

ဒါ. . ဒါ ဘယ်လိုဖြစ်ရတာလဲ။

သူ ချက်ချင်းပင် ထိုမြင်ကွင်းကို ကင်မရာဖြင့် ပြန်ကြည့်လိုက် သည်။

ဘုရားရေ။

ထိုတစ်စုံတစ်ယောက် ရှိနေသေးသည်။

ခုနက ကင်မရာကို ဖယ်ကြည့်တော့ ဘာလို့ မတွေ့ရတာလဲ။



www.burmeseclassic.com

www.burmeseclassic.com



ဒါ. . ဒါ. .

မကောင်းဆိုးဝါးလား။

ကားနှင့် တိုက်မိသည့် မိန်းကလေး၏မျက်နှာက ဖြတ်ခနဲ အာရုံထဲ ဝင်လာသဖြင့် ပိုချောက်ခြားသွားရသည်။

“ဖျတ်. . . ဖျတ်”

ဘေးက ကင်မရာမန်းတွေဆီမှ ခလုတ်နှိပ်သံ ကြားရတော့မှ သူ ဘာမှ စဉ်းစားမနေတော့ဘဲ ဖျတ်ခနဲ ခလုတ်ကို ဆက်တိုက် နှိပ်ချလိုက်မိသည်။

ရင်ထဲမှာတော့ တလှပ်လှပ် တုန်ခါလျက်။

ဘာကိုမှလည်း မစဉ်းစားတတ်အောင် ဖြစ်နေမိသည်။

သူ ကင်မရာ ကိုင်ခဲ့တဲ့ သက်တမ်းတစ်လျှောက်မှာ ဒီလို အတွေ့အကြုံမျိုး တစ်ခါမှ မဖြစ်ဖူးခဲ့။



www.burmeseclassic.com

www.burmeseclassic.com



ဒီမှောင်ခန်းထဲမှာ ဓါတ်ပုံကူးရင်း ထွက်လာမည့်ဓါတ်ပုံကို
စိတ်လှုပ်ရှားလွန်းစွာ စောင့်ကြည့်နေမိသည်။

ရတာနှင့် သူ ချက်ချင်း ဓါတ်ပုံကို ထောင်ကြည့်လိုက်မိသည်။

တွေ့လိုက်ရသောမြင်ကွင်းကြောင့် သူ မျက်လုံးအစုံ ပြူးကျယ
ဝိုင်းစက်သွားရတော့သည်။ ဂျူလိုင့်နောက်မှာ တစောင်းအနေအထား
နှင့် ပြာနှမ်းနှမ်း မိန်းကလေးတစ်ယောက်။

သူ ထိတ်လန့်မှင်သက်စွာ စိုက်ကြည့်နေမိဆဲမှာပဲ ဓါတ်ပုံထဲမှ
ထိုမကောင်းဆိုးဝါးမက သူ့ကို ချိုင့်ခွက်မဲနက်နေသော ကြောက်စရာ
မျက်လုံးကြီးများဖြင့် ဖြည်းဖြည်းချင်း လှည့်ကြည့်လာခဲ့သောအခါ. . .

"အား. . ."

သူ လက်ထဲမှ ဓါတ်ပုံကို လွှတ်ချကာ အခန်းပြင်ကို ပြေးထွက်
လိုက်မိတော့သည်။

ဘယ်လိုမှ စဉ်းစား၍ မရနိုင်တော့သည်မို့ သူ ဓါတ်ပုံဆိုင်ကြီး



www.burmeseclassic.com

www.burmeseclassic.com



တစ်ဆိုင်သို့ ထွက်လာခဲ့မိသည်။

သူ ရိုက်ခဲ့သည့် ဖလင်လိပ်ထဲက မေဂျာဂရုဖ်ပုံတစ်ပုံကိုသာ မသက်ာစွာ သူ့ဘာသာ ကူးခဲ့ပြီး ကျန်သည့်ပုံတွေ မကူးရသေးသဖြင့် သူနှင့်ခင်သည့် ဦးရဲရဲ့ဓါတ်ပုံဆိုင်ကြီးမှာ ကူးယူကြည့်လိုက်သည်။

ဦးရဲဆီမှာ ကူးသည့် မေလေးတို့ မိသားစု ဓါတ်ပုံတွေထဲမှာ ရော ဘာများထူးခြားမလဲဆိုတာ သူ သိချင်စိတ် စောနေမိသည်။

"ဟား. . . ကိုယ့်လူ ဘာတွေ အရေးကြီးနေလို့လဲ"

သူ ဦးရဲ မေးတာကိုပင် ဂရုမစိုက်နိုင်ဘဲ. . .

"ပုံတွေ ရပြီလား ဦးရဲ"

"ရပါပြီကွာ. . . ရော့. . . ဘာတွေ လောနေတာလဲ"

ဦးရဲ လှမ်းပေးသော ဓါတ်ပုံအိတ်ကို သူ အမြန်ဖွင့်ကာ အလျင် စလို ကြည့်လိုက်မိသည်။

"ဟင်. . ."

သူ မျက်မှောင်ကုတ်လိုက်မိသည်။

ဂျူလိုင်တစ်ယောက်ထဲပုံ။

ပြီးတော့ မေလေးနှင့် ညီအစ်မနှစ်ယောက်ပုံ။

နောက် မိသားစု လေးယောက်လုံး။

သုံးပုံစလုံးမှာ အနောက်မှာ မီးဆလိုက် ထိုးထားသလိုလို မြူငွေ့ တွေလိုလို အဖြူတန်းကြီးတစ်ခုက ဓါတ်ပုံရဲ့သုံးပုံတစ်ပုံနီးပါးလောက်ကို ဝင်ရောက်နေသည်။

"ဦးရဲ. . . ဒါ ဘာဖြစ်တာလဲ ကြည့်ပါဦး၊ ဆေးသားကြောင့် လား. . . ရုပ်ဆိုးလိုက်တာဗျာ"

သူ ဦးရဲကို ချက်ချင်းခေါ်ပြမိသည်။

ဦးရဲက သူ့လက်ထဲက ဓါတ်ပုံတွေကို ကြည့်ပြီး ပခုံးတွန့်ပြ သည်။



www.burmeseclassic.com

www.burmeseclassic.com



"အာ. . . အဲဒါ ကိုယ့်ကို အပြစ်မတင်နဲ့နော်၊ မောင်ရင့် ...တ်ကိုလည်း တဆိတ်ပြန်ကြည့်လိုက်ပါဦး. . . ဒီမှာ"

ဦးရဲက ချက်ချင်းပဲ အသင့်ပြင်ထားဟန်ရှိသော နဂ္ဂတစ်ကို ... ထုတ်ပြသည်။

သူ ဦးရဲကို မယုံကြည်စွာ နဂ္ဂတစ်များကို ထောင်ကြည့်လိုက်မိ ...

"ဟင်. . ."

"ကဲ. . . တွေ့ပြီလား၊ မောင်ရင့် နဂ္ဂတစ်မှာကိုက အဲ့ဒီအတိုင်း ...နေတာ"

တကယ်ပဲ သူ့နဂ္ဂတစ်မှာကို အဖြူတန်းတွေ ဖြတ်နေတာ တွေ့ ...ရသောအခါ သူ အရမ်းကို တုန်လှုပ်သွားရတော့သည်။

ဒါဆို ဆေးသားကြောင့်လည်း မဟုတ်ဘူးပေါ့. . . ဘာဖြစ်လို့ ... ဖြစ်ရတာလဲ။

ဘာကိုမှ နားမလည် မစဉ်းစားတတ်အောင် ဖြစ်လာရပြီး စိတ် ... သံသယတွေ ကြီးစိုးလာရတော့သည်။

"ဆောရီး. . . ဦးရဲ"

သူ ဦးရဲကို တောင်းပန်ပြီး ဓါတ်ပုံတွေရော နဂ္ဂတစ်ကိုရော ...ထဲ ပြန်ထည့်ကာ ထွက်လာခဲ့မိသည်။

မေလေးတို့ပုံများ ပျက်သွားသဖြင့် မည်သို့ရှင်းပြရမလဲဆိုတာ ...းနေမိသောကြောင့် ထပ်ကူးခိုင်းသည့် မေဂျာဂရုဖ်ပုံပါမလာ ...တို့ သတိမထားမိလိုက်တော့ချေ။



www.burmeseclassic.com

www.burmeseclassic.com



ချမ်းတစ်ယောက် ပေါ်မလာတာ ကြာပြီ။

ကျောင်းကိုလည်း လာမတွေ့၊ ဖုန်းလည်း မဆက်သည်မို့ မေလေး ချမ်းကို အရမ်းတွေ့ချင်နေမိသည်။

နှလုံးသားထဲက စူးနစ်နေအောင် ချစ်ရသည့် အချစ်ဦးမို့ သူက မလာတော့လည်း ကိုယ်က မိန်းကလေးရယ်လို့ မူမနေနိုင်ဘဲ မေလေး ချမ်းဆီ ထွက်လာခဲ့မိသည်။

အရမ်းကို တွေ့ချင်နေသည်လေ။

ချမ်းတစ်ယောက် မေလေးဆီ မလာနိုင်အားအောင် အလုပ်တွေ အရမ်းရှုပ်နေသည် ထင်ပါရဲ့။

ချမ်းရဲ့တိုက်ခန်းရှေ့ ရောက်တော့ ဘဲလ်ကို ချက်ချင်းမနှိပ်ဖြစ်သေးဘဲ တိတ်တိတ်ကလေး ရပ်နေမိသည်။

မေလေး ရုတ်တရက် ရောက်လာတာကို ချမ်း အံ့သြသွားစေချင်သည်လေ။



www.burmeseclassic.com

www.burmeseclassic.com



တိတ်တိတ်ကလေး နေကာ အခန်းထဲက လှုပ်ရှားမှုကို နားစွင့်နေမိခဲ့ ပိတ်ကာထားသော တံခါးရဲ့အောက် လွတ်ဟာနေသောနေရာလေးမှနေ အတွင်းမှ တစ်စုံတစ်ယောက် ဖျတ်ခနဲ လျှောက်သွားသောအရိပ်ကို တွေ့လိုက်ရလျှင် မေလေး ပြုံးမိကာ. . .

"ချမ်း. . ."

လို့ ခေါ်လျက် တံခါးကို လက်ဝါးဖြင့် ပုတ်လိုက်မိသည်။

သို့သော်. . .

ပြန်ထူးသံလည်း မကြားရ။

တံခါးကိုလည်း လာမဖွင့်ပေးသောအခါ မေလေးစိတ်ထဲ တစ်မျိုးကြီး ဖြစ်သွားမိသည်။

မေလေး ခေါ်တာ ချမ်း မကြားဘူးလား။

ခေါ်သံ မကြားရင်လည်း တံခါးပုတ်လိုက်သည့် အသံကတော့ ကြားသင့်တာပေါ့။

"ချမ်း. . ချမ်း"

မေလေး အသံကို မြှင့်ကာ ခေါ်လိုက်သည်။

တံခါးကိုလည်း တဒုန်းဒုန်းမြည်အောင် ထုမိတော့သည်။

သို့သော်. . .

အထဲမှာ လူမရှိသလို ဘာမှ ထူးခြားမလာခဲ့သောအခါ အံ့ဩထူးဆန်းမိသူမှာ မေလေးကိုယ်တိုင်ပဲ ဖြစ်ခဲ့ရတော့သည်။

အထဲမှာ လူရှိနေတာ သေချာလို့ ခုနက ကြမ်းပြင်မှာ အရိပ်ကို တွေ့လိုက်ရတာပေါ့။

ဒါဆို အထဲမှာ ရှိနေတာ ဘယ်သူလဲ။

ချမ်း မဟုတ်ဘူးလား။

ချမ်းမဟုတ်ရင် ချမ်းတစ်ယောက်ထဲ နေတဲ့အခန်းမှာ အခြားဘယ်သူရောက်နေတာလဲ။



www.burmeseclassic.com

www.burmeseclassic.com



သံသယစိတ်တွေနှင့် ရှုပ်ထွေးလာလျက် မေလေး တံခါးကို စိတ်လှုပ်ရှားစွာ ဆွဲဖွင့်လိုက်သည်။

"အံမယ်လေး"

တံခါးမှာ အထဲမှ ချက်ချထားတာ မဟုတ်ဘဲ တစ်စုံတစ်ယောက်က ဖိပိတ်ထားသလို လေးလံသည့် ခံစားမှုမျိုးကြီး ခံစားလိုက်ရသောအခါ မေလေး အရမ်းကို တုန်လှုပ်သွားခဲ့ရတော့သည်။

ဘုရား. . . ဘုရား။

အထဲမှာ ရှိနေတာ ဘယ်သူလဲ။

ချမ်း အန္တရာယ် တစ်စုံတစ်ရာများ တွေ့နေရသလား။

သံသယစိတ်တွေက ပူပန်ထိတ်လန့်စိတ်အဖြစ် ကူးပြောင်းသွားကာ မေလေးသည် အသံကုန် မြှင့်ကာ. . .

"ချမ်းရေ. . ချမ်း. . ချမ်း. . ချမ်း အထဲမှာ ရှိလား၊ ချမ်း ဘယ်မှာလဲ ချမ်း. . ချမ်း"

မေလေးသည် အော်လည်း အော်ကာ တံခါးလက်ကိုင်ကိုလည်း အားကုန်လှည့်ဖွင့်နေမိသည်။

အထဲမှ ဘာသံမှ မကြားရပေမယ့်. . .

တံခါးကိုတော့ တစ်စုံတစ်ယောက်က အားဖြင့် ဖိပိတ်ထားဆဲဖြစ်သည်။

နောက်ဆုံးမှာ. . .

မေလေးက အသက်ကို အောင့်ကာ တံခါးလက်ကိုင် ကိုင်ထားသည့်လက်ကို အသာဖြေလျှော့ပေးလိုက်ပြီး. . .

အထဲမှ ဖိထားသည့်အား ပျော့သွားတော့မှ. . .

ဆတ်ခနဲ တွန်းဖွင့်ကာ အခန်းထဲသို့ စွန့်စားဝင်ရောက်လိုက်တော့သည်။

အထဲမှာ လူမပြောနှင့် ဘာအရိပ်အယောင်မှ မတွေ့ရလေ



www.burmeseclassic.com

www.burmeseclassic.com



သောအခါ မေလေးရင်ထဲ ဒိန်းခနဲ ဖြစ်သွားခဲ့ရသည်။

ခုန တံခါးကို အတင်းဖိပိတ်ထားခဲ့တာ ဘယ်သူလဲ။

ပြီးတော့ ကြမ်းပြင်မှာ တွေ့လိုက်ရသည့်အရိပ်ကရော။

စဉ်းစားစရာ အတွေးတို့ဖြင့် မေလေးရင်ထဲ တဝုန်းဝုန်း လှိုက်ခါလာ ချောက်ခြားစိတ်တွေ ဝင်လာခဲ့မိသည်။

သတိအနေအထားဖြင့် နေရင်း. . .

"ချမ်းရေ. . . ချမ်း"

ချမ်းကို ခေါ်နေမိရင်းက မျက်လုံးများကို တစ်ခန်းလုံး ဝေ့ဝဲကာ ဘထိတ်ထိတ် ဖြစ်နေမိသည်။

ချမ်း ဘယ်မှာလဲ။

ခါတ်ပုံကူးသည့် အမှောင်ခန်းထဲမှာလား။

ထိုအခန်းတံခါးကို ဖွင့်ကြည့်ရန် စိတ်ကူးကာ သတိအနေအထားဖြင့် ချဉ်းကပ်ဆဲ. . .

နောက်ကျောဘက်ဆီမှ ရေကျသံတိုးတိုးကို ကြားလိုက်ရလျှင် ရင်ထဲ ဒိန်းခနဲဖြစ်ကာ သတိဖြင့် ဖြည်းဖြည်းချင်း လှည့်ကြည့်လိုက်သည်။

လက်ဆေး ကြွေဇလုံထဲသို့ နည်းပါးသော်လည်း အဆက်မပြတ် ကျနေသောရေ။

ချမ်း ပိတ်ဖို့ မေ့နေတာလား။

ဒါမှမဟုတ် သေချာစွာ မပိတ်ခဲ့တာလား။

ဘာပဲဖြစ်ဖြစ် တိတ်ဆိတ်နေသောအခန်းထဲမှာ အုံ့ဒီရေစီး ဆင်မှုင်ကလေး ကျနေသံကလည်း စိတ်ချောက်ခြားစရာ ကောင်းနေသည်။

မေလေး ခေါင်းကို မော့ကာ အသက်တဝကြီး ရှုလိုက်ပြီး. . .

ဘုံပိုင်ခေါင်းကို ပိတ်ဖို့ အရဲစွန့်ကာ ကြွေဇလားဆီ ဖြည်းဖြည်းချင်း လျှောက်သွားလိုက်မိသည်။



www.burmeseclassic.com

www.burmeseclassic.com



ဘုံပိုင်ခေါင်းဆီ လက်လှမ်းလိုက်မိလျှင် စီးကျနေသောရေများမှာ တမဟုတ်ချင်း နီနက်နေသော သွေးများအဖြစ် ပြောင်းလဲသွားတာမြင်လိုက်ရသောအခါ. . .

"အံမယ်လေး"

မေလေး အထိတ်တလန့် အော်လိုက်မိပြီး ပါးစပ်ကို လက်ဝါးဖြင့် ယောင်ယမ်းပိတ်လိုက်မိသည်။

ထို့နောက်. . .

မြင်လိုက်ရသောမြင်ကွင်းမှာ သွေးပျက်ဖွယ်ရာအတိ။

ကြွေဇလားထဲမှ တဖြည်းဖြည်းချင်း မြင့်တက်လာခဲ့သောအရာဝတ္ထုတစ်ခု။

မည်းနက်နေသော ဆံပင်အုံ။

ထို့နောက် တဖြည်းဖြည်း အပေါ်သို့ မြင့်တက်လာခဲ့သည်နှင့်အမျှ မေလေး မြင်တွေ့လိုက်ရသည်မှာ. . .

သွေးကြောများ အပြင်သို့ ပြုတ်တောက်တော့မလို နီရဲစူးတောက်နေသော မျက်လုံးကြီးတစ်စုံ။

တစ်စထက်တစ်စ မြင့်တက် ပီပြင်လာခဲ့သောအခါ ကြောက်မက်ဖွယ်ရာ ကောင်းလွန်းလှသော မကောင်းဆိုးဝါးမျက်နှာကြီးကို မြင်တွေ့လိုက်ရတော့မှ. . .

မေလေးသည် မှင်သက်နေမိရာမှ သတိပြန်ဝင်လာခဲ့ပြီး. . .

"အား. . ."

ခနဲ အသံကုန်ခြစ်အော်ကာ တံခါးပေါက်ဆီ ပြေးမိသည်။

ဘုရား. . . ဘုရား။

ဘယ်လောက်ကြောက်စရာကောင်းလိုက်သည့် မကောင်းဆိုးဝါး မျက်နှာကြီးလဲ။

ကြောက်လွန်းသဖြင့် ရင်ထဲ တလှပ်လှပ် အေးစက်စက် တစ်ကိုယ်



www.burmeseclassic.com

www.burmeseclassic.com



လုံးလည်း တဆတ်ဆတ် တုန်နေမိသည်။

တံခါးလက်ကိုင်ကို အလောတကြီး လှည့်ဖွင့်မိလျှင် အပြင်မှ တစ်စုံတစ်ယောက်က သော့ခတ်သွားခဲ့သလို လုံးဝ ဖွင့်လို့မရတော့။

"အား. . . ကယ်ကြပါဦး၊ တံခါးဖွင့်ပေးကြပါ. . . တံခါးဖွင့် ပေးကြပါ"

မေလေး အသံကုန်ခြစ်အော်ပြီး တံခါးကိုလည်း ဝုန်းဒုန်းဒုန်း ထုနေမိသည်။

ကြောက်လွန်းသဖြင့် အသံတွေတုန်ကာ မျက်ရည်တွေပင် လည်နေမိသည်။

ဒီအခန်းထဲမှာ မကောင်းဆိုးဝါးတစ်ကောင်နှင့် သူမပဲ ရှိနေတာ။ တကယ်လို့များ တံခါးဖွင့်မရဘဲ ပိတ်မိနေခဲ့လျှင်. . .။

"တံခါးဖွင့်ပေးပါ. . . တံခါးဖွင့်ပေးပါ"

မေလေး ငိုကြွေးရှိုက်ငင်ရင်းက အသံကုန် အော်နေမိရင်း နောက်သို့ မရဲတရဲ လှည့်ကြည့်လိုက်မိလျှင်. . .

ကြွေဇလားထဲမှ လျှံကျလာခဲ့သော သွေးများနှင့်အတူ. . .

ရှည်လျားသော ဆံပင်များနှင့်. . .

မည်းနက်နေသော လက်သည်းရှည်ကုပ်ကုပ်ကြီးများနှင့် အရိုးခြောက် လက်ချောင်းများကို မြင်လိုက်ရလေသည်။

"တံခါးဖွင့်ပေးကြပါ. . . တံခါးဖွင့်. . . "

မေလေးအော်သံမှာ ရှိုက်သံနှင့် တိမ်မြုပ်နစ်ဝင်သွားခဲ့ရသည်။

မကောင်းဆိုးဝါးမှာ ကြွေဇလားထဲမှနေ တစ်စထက်တစ်စ ရှည်လုံးပေါ် တိုးထွက်လာခဲ့လေပြီ။

ကြွေဇလားအပြင်သို့ ရောက်လာခဲ့လျှင်. . . ။

မေလေးမှာ ဆက်မတွေးရဲ။

ဆောက်တည်ရာမရစွာ ငိုရှိုက်မိရင်းက တံခါးကို အတင်းဆွဲဖွင့်



www.burmeseclassic.com

www.burmeseclassic.com



နေမိသည်။

“တံခါး. . . တံခါး. . . ဖွင့်”

အော်ရလွန်းသဖြင့် လည်ချောင်းတစ်ခုလုံး အက်ကွဲမတတ် ခြောက်ကပ်နာကျင်လာလျက် မေလေးမှာ အသံပင် မထွက်နိုင်တော့။

ထိတ်လန့်ချောက်ခြားလွန်းလှစွာ နောက်ကို လှည့်ကြည့်လိုက်မိပြန်သည်။

အနောက်တည့်တည့်မှာ တောင့်မတ်စွာ ရပ်ကာ သူမကို စူးစူးရဲရဲ စိုက်ကြည့်နေခဲ့သော နာနာဘာဝမကို မြင်တွေ့လိုက်ရလျှင်. . .

ခေါင်းတစ်ခုလုံး အဆမတန် ကြီးသွားသလို ခံစားလိုက်ရလျက် ကြောက် စိတ်များမှာ ထိန်းချုပ်မရအောင် ဆူဝေသွားရတော့ကာ. . .

“အား. . .”

“ဝုန်း. . .”

မျက်လုံးစုံမှိတ်ပြီး အော်လိုက်သံနှင့်အတူ. . .

တံခါးမှာ အရှိန်ပြင်းစွာ ပွင့်သွားခဲ့ရသည်။

မေလေး ကြောင်သက်ပြီး အခန်းအပြင်သို့ ချက်ချင်းပြေးထွက်လိုက်သည်။

ထို့နောက်. . အခန်းတွင်းသို့ ကြည့်လိုက်မိသောအခါ. . .

ပကတိ ငြိမ်သက်ကာ ဘာမှမရှိသောအခန်းကိုသာ တွေ့လိုက်ရလေသည်။



www.burmeseclassic.com

www.burmeseclassic.com



"ချမ်း မယုံဘူးလားဟင်၊ မေလေး တကယ်မြင်လိုက်တာပါ"

ချမ်း မယုံကြည်မှာစိုးပြီး မနက်က ရောက်လာတုန်းက အဖြစ်အပျက်ကို မေလေး အလေးအနက် ပြောနေမိသည်။

ချမ်းမျက်နှာက ဘာကိုမှ ဝေခွဲမရသလို။

မေလေးက ချမ်းကိုယ်လုံးနှင့် ကွယ်လျက်က လက်ဆေး ကြွေဇလားကန်ငယ်ကို မရဲတရဲ ခိုးကြည့်ကာ. . .

"အဲ့. . . အဲ့ဒီဘေဇင်ထဲက တိုးထွက်လာတာ၊ တဖြည်းဖြည်းနဲ့ မြင့်တက်လာတာ၊ ဆံပင်အုံကြီးက အထူကြီး၊ မျက်လုံးကြီးတွေကလည်း မီးထတောက်တော့မလိုပဲ နီရဲပြီး ပြူးထွက်နေတာ ချမ်းရယ်၊ မေလေးလေ. . ကြောက်လွန်းလို့ လိပ်ပြာတောင် လွင့်ပြီလားပဲ"

ချမ်းက မေလေးစကားများကို ငြိမ်သက်နားထောင်နေရာမှ. . .

"ကိုယ်တော့ ဘာကိုမှ နားမလည်နိုင်အောင်ပဲ မေလေး၊ မနက်



www.burmeseclassic.com

www.burmeseclassic.com



က ကိုယ်အပြင်ထွက်သွားကာနီးမှာ နိုင်ကြီး ရောက်လာတယ်၊ ကိုယ်နဲ့ အပြင်အတူလိုက်ခဲ့ဖို့ ခေါ်တော့ သူက နေရစ်ခဲ့မယ် မြန်မြန်ပြန်လာခဲ့လို့ ပြောတာနဲ့ သူ့ကို ကိုယ် အခန်းစောင့် ထားခဲ့တယ်၊ ကိုယ့်အခန်းထဲမှာ သူတစ်ယောက်ထဲ ကျန်ခဲ့တယ်"

မေလေးမှာ မျက်တောင်မခတ်ဝံ့ဘဲ ချမ်း ရှင်းပြသောစကားများကို နားစိုက်ထောင်နေမိသည်။

"ကိုယ်အပြင်သွားတာ သိပ်မကြာပါဘူး၊ ခဏနေ ကိုယ် ပြန်ရောက်လာတော့ ခါတ်ပုံကူးတဲ့အခန်းထဲမှာ နိုင်ကြီး အိပ်ပျော်နေတာပဲ"

မေလေးနှင့် ချမ်းမှာ တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်ပြီး ဘာကိုမှ မစဉ်းစားတတ်အောင် ဖြစ်နေရသည်။

"မေလေး လာတော့ တံခါးက အခန်းထဲက တစ်ယောက်ယောက် အတင်းဖိပိတ်ထားသလို ဖြစ်နေတာ၊ ပြီးတော့ ကြမ်းပြင်မှာ အရိပ်လည်း တွေ့တယ်၊ ဒါပေမယ့် တံခါးပွင့်သွားခဲ့တဲ့အချိန်မှာ ဘယ်သူမှ ရှိမနေခဲ့ဘူး"

"အင်း. . . ကိုယ်တော့ ဘာကိုမှ မစဉ်းစားတတ်အောင်ဘဲ မေလေးရယ်"

မျက်မှောင်ကြီး ကြုတ်ကာ စိတ်ပျက်လက်ပျက် ပြောလိုက်သော ချမ်းကို ကြည့်ပြီး မေလေးမှာ သက်ပြင်းရှိုက်မိလျက်. . .

"ကဲ. . . ဒီကိစ္စ ထားလိုက်ပါတော့လေ၊ မမ ဘွဲ့ယူတဲ့နေ့က ရိုက်ထားတဲ့ ဓါတ်ပုံတွေရော ရပြီလား ချမ်း. . . ကူးပြီးသွားပြီလား"

မေလေးက ချမ်းကို စိတ်အနှောင့်အယှက် မဖြစ်စေလို၍ စကားလမ်းကြောင်း လွှဲလိုက်သည်။

ဓါတ်ပုံကိစ္စ ပြောလိုက်တော့မှ ချမ်းမျက်နှာမှာ ပိုပြီးပျက်သွားလေသည်။

"ဘာဖြစ်လို့လဲ ချမ်း၊ ဓါတ်ပုံတွေက ဘာဖြစ်သွားလို့လဲ"



www.burmeseclassic.com

www.burmeseclassic.com



ချမ်း မျက်နှာပျက်နေတာမို့ မေလေး စိတ်ပူစွာ မေးလိုက်မိသည်။

ချမ်းက ဘာမှ မပြောချင်တော့သလို ခေါင်းယမ်းပြလျက် အံဆွဲထဲမှ အိတ်တစ်လုံးကို ထုတ်ကာ မေလေးကို လှမ်းပေးသည်။

မေလေး သိချင်လွန်းလှစွာ အလျင်စလို ဖွင့်ကြည့်လိုက်မိသည်။

မေလေးရဲ့အမြင် လုံးဝမမှားပါ။

မမဂျူလိုင်ရဲ့နောက်မှာ တစောင်းအနေအထားဖြင့် ဝိုးတဝါး မျက်နှာတစ်ခု။

ပီပီပြင်ပြင် အနေအထား မဟုတ်သည့်တိုင် ဖွေးဆုတ်ပြာနှမ်းနေသည့် မျက်နှာကြီးမှာ ကြောက်စရာကောင်းလွန်းလှသည်။

မေလေးမှာ ကြောင်အမ်းထိတ်လန့်ကာ မကောင်းဆိုးဝါး မျက်နှာကြီးကို အသေအချာ စိုက်ကြည့်မိဆဲ ဖျတ်ခနဲ တစ်စုံတစ်ခုကို သတိရလိုက်မိကာ. . .

“ချမ်း. . ချမ်း. . ဒီ. . ဒီပုံထဲက တစ္ဆေမက ဘေဇင်ထဲက ထိုးထွက်လာခဲ့တဲ့ တစ္ဆေမပဲ. . ပြီး. . ပြီးတော့. . . ဟိုတစ်လောက ကားနဲ့တိုက်မိတဲ့ အမျိုးသမီးနဲ့ တူသလိုပဲ. . .”

မေလေး ထိတ်လန့်ချောက်ခြားစွာ ပြောလိုက်မိလျှင် စိတ်ပျက်လက်ပျက် ဖြစ်နေသော ချမ်းမှာ အရမ်းကို အံ့အားသင့်သွားရတော့သျှက်. . .

“ဟင်. . . သေချာရဲ့လား မေလေး”

“သေချာတယ်. . . ဒီမျက်လုံးတွေ မေလေး မှတ်မိတယ်”

ငြိမ်းချမ်းအေး စိတ်ထဲတွင်လည်း သူ ရင်းရင်းနှီးနှီးရှိခဲ့သော မျက်ဝန်းတစ်စုံနှင့် တူသလိုလို ခံစားလိုက်ရသည်။

“ဓါတ်ပုံထဲမှာ ဒီမကောင်းဆိုးဝါးမပုံက ဘယ်လိုပါလာရတာလဲ ကိုယ် အရမ်းကို အံ့ဩနေမိတယ်”



www.burmeseclassic.com

www.burmeseclassic.com



"ကင်မရာ မချိန်ခင်တုန်းက ချမ်း သူ့ကို မတွေ့ဘူးလား"

ထူးဆန်းလွန်းလှကာ ထိတ်လန့်စရာ ကောင်းလွန်းလှသော အဖြစ်အပျက်မို့ မေလေး ချမ်းကို တအံ့တသြ မေးလိုက်မိသည်။

ချမ်းက ခေါင်းယမ်းပြကာ. . .

"ဟင့်အင်း. . ကိုယ် ကင်မရာချိန်တော့မှ တွေ့တာ၊ ကင်မရာ ဖယ်လိုက်ရင် မတွေ့ရတော့ပြန်ဘူး၊ အဲ့ဒါကြောင့် ဒီပုံကို ကိုယ် မသကာ လို့ ကိုယ်တိုင်ချက်ချင်းကူးတာ"

"အဲ့ဒါဆိုရင်တော့ ဒါ အတော့်ကို အံ့သြစရာကောင်းပြီး ထူး ဆန်းတဲ့အဖြစ်ပဲ ချမ်း၊ ဒီတစ္ဆေမက ဓါတ်ပုံထဲမှာ ဘယ်လိုပေါ်နေသလဲ ဆိုတာ အတော်ထူးဆန်းတဲ့အဖြစ်ပဲ"

မေလေးစကားကြောင့် ချမ်းက ငြိမ်သက်သွားရကာ အတော် ကလေး ကြာတော့မှ တစ်စုံတစ်ရာကို စဉ်းစားမိသလို. . .

"ကိုယ်ကြားဖူးတာ တစ်ခုတော့ ရှိတယ် မေလေး၊ တစ္ဆေတွေ ဟာ ဓါတ်ပုံထဲမှာ အရိပ်ထင်နိုင်တယ်တဲ့၊ ဒါပေမယ့် ဒီအဖြစ်အပျက်က တော့ ကိုယ့်ရဲ့ဓါတ်ပုံဆရာသက်တမ်းမှာ ပထမဆုံးပဲ"

"ချမ်း. . . ဒါဆို သူ. . သူ မေလေးနဲ့ချမ်းကို တမင် ကိုယ် ယောင်ပြ ခြောက်လှန့်နေတာပေါ့"

"သူဆိုတာ ဘယ်သူ့ကို ပြောတာလဲ မေလေး၊ ဘာဖြစ်လို့ မေလေးနဲ့ကိုယ့်ကို သူက ခြောက်လှန့်ရမှာလဲ"

"သူ. . . သူဆိုတာ"

မေလေးက ချမ်းရဲ့အမေးကို ချက်ချင်းမဖြေရဲဘဲ ချမ်းအနားကို ခြောက်ခြားစွာ တိုးကပ်လိုက်မိပြီးမှ ဘေစင်ဆီ မရဲတရဲ စွေကြည့်ကာ တိုးဖွလွန်းသောလေသံဖြင့်. . .

"ဟို. . ဟိုတစ်ညက မေလေးတို့ကားနဲ့ တိုက်လိုက်မိတဲ့. . "

"အာ. . မဟုတ်တာ မေလေးရာ"



www.burmeseclassic.com

www.burmeseclassic.com



သူ့စကားမဆုံးခင်မှာပင် ဓါတ်ပုံကူးသည့် အမှောင်ခန်းထဲမှ ဘယ်သူမှ မရှိပါဘဲ ရုတ်တရက်. . .

'ဝုန်း' ခနဲ လဲပြိုသံကြီး ပေါ်ထွက်လာခဲ့လေသည်။

"အံမယ်လေး"



www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com



# အခန်း(၃)

မေမေလေးတို့နှစ်ယောက်သား ခေါင်းချင်းဆိုင်ကာ တစ်ပတ်အတွင်း ထွက်သမျှ ဂျာနယ်တွေထဲမှာ ကားတိုက်မှုနှင့် ပတ်သက်သောသတင်းများကို ရှာကြသည်။

"တွေ့လား ချမ်း"

"မတွေ့ဘူး မေလေး၊ တခြားအမှုတွေပဲ တွေ့တယ်"

"မေလေးလည်း မတွေ့ဘူး"

နှစ်ယောက်သား ဂျာနယ်ကိုယ်စီကိုင်လျက် တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်လိုက်မိကြသည်။

"မေလေးတော့ စိတ်ထဲမှာ တစ်မျိုးကြီးပဲ. . . မတင်ဆက်ကျနဲ့"

မေလေးက ချမ်းမျက်နှာကို အကဲခတ်ရင်းက လေသံကို နှိမ့်ချ



www.burmeseclassic.com

www.burmeseclassic.com



ကာ. . .

"မေလေးတော့ အဲ့ဒီနေရာကို ပြန်သွားကြည့်ချင်တယ်"

"ဘာ. . ."

မေလေးကို မျက်မှောင်ကြုတ်ကြည့်ကာ ချမ်း အထိတ်တလန့် ထအော်သည်။ သူ ထိုနေရာကို ပြန်မသွားချင်တော့. . ထိုမိန်းကလေး၏မျက်နှာက သူ့ကို အတိတ်တစ္ဆေ ခြောက်နေလေပြီ။

"မေလေးတို့ ကားတိုက်ခဲ့တဲ့နေရာကို ပြန်သွားကြည့်ချင်တယ် လို့"

မေလေး ထပ်ပြောပြန်သည်။

"ဟား. . . ဘယ်ဖြစ်မလဲ၊ ရဲတွေက ကိုယ်တို့ကို မသင်္ကာ ဖြစ်သွားမှာပေါ့"

"ဘာပဲဖြစ်ဖြစ် အဲ့ဒီနေရာကို ပြန်သွားကြည့်လိုက်ရင် တစ်ခုခု တော့ ထူးခြားမှု ရှိလိမ့်မယ်လို့ မေလေး ထင်တယ် ချမ်း၊ မေလေးတို့ ကားနဲ့ တိုက်မိခဲ့တဲ့မိန်းကလေးက စိတ်စွဲပြီး မေလေးတို့ကို လိုက်ခြောက် နေတာလို့ မေလေး အသေအချာ ယုံကြည်နေမိတယ်"

"မဟုတ်သေးဘူး မေလေး၊ အဲ့ဒါ မေလေး ဉပါဒါန်ဖြစ်နေတာ ဘာမှ အဆက်အစပ်မရှိနိုင်ပါဘူး မေလေးရာ"

အဆက်အစပ်များ ရှိနေခဲ့ရင် ဆိုတာကိုတော့ သူ မစဉ်းစားဝံ့ ပါလေ။

ချမ်းနှင့်မေလေး ကားတိုက်မိခဲ့တဲ့နေရာကို ပြန်သွားကြည့်ဖို့ ညှိမရဘဲ အငြင်းပွားနေမိသည်။

မေလေးက နောက်ဆုံးမှာ ဝုန်းခနဲ ထရပ်လိုက်ကာ. . .

"ချမ်း မလိုက်ချင်လဲ နေလေ၊ မေလေးကတော့ သွားကို သွား မှာပဲ"

မေလေး ချမ်းကို ထပ်မခေါ်တော့ဘဲ ကားသော့ယူကာ ချက်



www.burmeseclassic.com

www.burmeseclassic.com



ချင်း လှည့်ထွက်လာခဲ့သည်။

"မေလေး နေဦး"

မေလေး စိတ်တွေ ဆောက်တည်ရာမရအောင် ဖြစ်နေမိသည်။ စတီယာရင် ကိုင်ထားသော လက်ချောင်းများထဲမှာ ချွေးစေးများဖြင့် စေးထန်းနေသည်။ နီးလာလေ စိတ်စောလွန်းလာလေ။

မေလေးတစ်ယောက်ထဲ လာမှာကို စိတ်မချလို့သာ လိုက်ခဲ့ရသော ချမ်းမျက်နှာကတော့ စိတ်မသက်မသာခြင်းဖြင့် သုန်မှုန်တင်းမာလျက်နေသည်။ နှစ်ယောက်သား ကားပေါ်မှာ စကားတစ်ခွန်းမှ မဆိုမိကြ။

တဖြည်းဖြည်းနှင့် ထိုနေရာဆီသို့ ရောက်လို့လာခဲ့ပြီ။

မေလေးသည် အသက်တောင် မရှူမိတော့ဘူးလို့ ကိုယ့်ကိုယ်ကို ထင်မိသည်။

ကားကို ရပ်ကာ ထိုနေရာဆီသို့ မျက်တောင်မခတ်ဘဲ မမှိတ်မသုန် စိုက်ကြည့်နေမိသည်။

ကားတိုက်မှု ဖြစ်ပွားခဲ့သောနေရာမှာ ပကတိ ရှင်းလင်းငြိမ်သက်နေသည်။ ဘာတစ်ခုမှ ခြေရာလက်ရာ ပျက်မနေ။

"ကဲ. . . တွေ့ပြီလား၊ ဘာတွေ ထူးခြားမှု ရှိနေလို့လဲ"

ချမ်းက တင်းမာသောမျက်နှာထားနှင့် ခပ်ဆတ်ဆတ် ပြောသည်။ မေလေးမှာတော့ ခုချိန်ထိ စိတ်ထဲမှာ မရှင်းလင်းနိုင်သေးဘဲ သတ်မကင်းဖြစ်ဆဲ။

"သူ. . သူ သေသွားတာပဲ ဖြစ်မှာပါ"

မေလေး တုန်လှုပ်စွာ ခပ်တိုးတိုး ရေရွတ်လိုက်မိသည်။

"ခဏသတိလစ်ပြီး ပြန်ကောင်းသွားတာရော မဖြစ်နိုင်ဘူးလား"

မေလေး ချမ်းကို အံ့သြစွာ လှည့်ကြည့်လိုက်မိသည်။

"အရှိန်ပြင်းလွန်းလို့ သူ အဝေးကြီးကို လွင့်ထွက်သွားခဲ့တာပဲ၊



www.burmeseclassic.com

www.burmeseclassic.com



ပြန်ကောင်းနိုင်ပါဦးမလား"

"ကံဆိုတာ ပြောလို့ရမလား"

မျက်စိစုံမှိတ်ကာ ခံငြင်းနေခဲ့သော ချမ်းကို မေလေး အရမ်း အံ့သြသွားမိသည်။ ချမ်းဟာ ပြဿနာ တစ်စုံတစ်ရာ ဖြစ်ပြီးခဲ့ရင် တာဝန် မယူတတ်ဘူးလား။

"သူ. . သူ့ကို ဘယ်သူက ကယ်ခဲ့မှာလဲ"

"အဲ့ဒါ မင်း တွေးပူစရာ မလိုတဲ့ကိစ္စပဲ မေလေး"

ချမ်းအသံမှာ အတော့်ကို မာထန်လာသည်။

"သေချာတယ်. . သူ သေသွားခဲ့မှာ. . . အဲ့ဒါကြောင့် လာ ခြောက်တာနေမှာ. . ."

"ဟာကွာ. . ပြန်ကောင်းသွားတာ နေမှာပါဆို"

တုန်လှုပ်ထိတ်လန့်နေသော မေလေးကို စိတ်မရှည်တော့သ လို ချမ်း ထအော်လေသည်။

"ချမ်း. . ."

မေလေး တုန်လှုပ်စွာ ခေါ်လိုက်မိသည်။

"ဒီလောက် ပြင်းပြင်းထန်ထန် တိုက်မိတာကို ဘာမှမဖြစ်ဘူး ဆိုရင်တော့ သူဟာ လူမဖြစ်နိုင်ဘူး. . . သူ. . သရဲမပဲ ဖြစ်ရမယ် မေလေးတို့ကို အဲ့ဒီအချိန်ကတည်းက စခြောက်တာလားမသိဘူးနော်"

"ဟာ. . ."

မေလေးပြောစကားကြောင့် သူခေါင်းနပန်းကြီးသွားသည်။

သူ့ကိုများ လာခြောက်နေလေရော့လား. . .။

မဖြစ်နိုင်ပါဘူး. . . ပြည့်ပြည့် မသေသေးလောက်ပါဘူး. . .

ထို့နောက် ငြိမ်းချမ်းအေး အတွေးစဖြတ်ကာ. . .

"ကားကို ပြန်လှည့်လိုက်တော့ မေလေး"

"ဟင့်အင်း. . ."



www.burmeseclassic.com

www.burmeseclassic.com



မေလေး ခေါင်းမာစွာ ငြင်းဆန်မိသည်။

"မင်း ကိုယ့်စကား နားမထောင်တော့ဘူးလား မေလေး၊ အစ ကတည်းက မင်း စိတ်မနိုင်ရင် ဒီနေရာကို ပြန်လာမကြည့်သင့်ဘူး"

စိတ်မရှည်နိုင်တော့စွာ ပြောလိုက်သော ချမ်းစကားကြောင့် မေလေး တွေဝေသွားမိသည်။

"ကားကို ပြန်လှည့်ရအောင်နော် မေလေး၊ ဒီပြဿနာကြီးကို ကိုယ်တို့ခေါင်းထဲက ထုတ်ပစ်လိုက်ရအောင်"

ချမ်း လေသံကို နှိမ့်ရင်း မေလေးပခုံးကို ဖွဖွဆုပ်ကိုင်ကာ ချောင်းဖျလျှင်တော့. . .

မေလေးသည် သက်ပြင်းတစ်ချက် ခိုးရှိုက်ပြီး ကားကို ဖြည်း ဖြည်းစွာ ပြန်လှည့်လိုက်မိလေတော့သည်။ သို့သော်. . .

တစ်ကယ်တမ်းမှာ နှစ်ယောက်စလုံး ဒီပြဿနာကို ခေါင်းထဲမှ ထုတ်ပစ်နိုင်မှာ မဟုတ်တာကိုလည်း ဖွင့်မပြောသည့်တိုင် ကိုယ်စီသိနေ ကြသည်။



www.burmeseclassic.com

www.burmeseclassic.com



တကယ်လည်း မေလေးကို စိတ်သက်သာအောင် ဖျောင်းဖျ
ပြောခဲ့ရပေမယ့် သူကိုယ်တိုင်လည်း အဲဒီပြဿနာကြီးကို ခေါင်းထဲက
ထုတ်မပစ်နိုင်ခဲ့။

သူ့အခန်းထဲမှာ ထိုတစ္ဆေမကို မေလေး မျက်စိနှင့် တပ်အပ်
မြင်ခဲ့ရသည်လို့ ပြောခဲ့တာမို့ သူ့မှာ အရင်လို မဟုတ်ဘဲ. . နေရတာ
အလိုလို နောက်ကျောမလုံ ဖြစ်နေရသည်။

ဘာပဲဖြစ်ဖြစ် ဒီကိစ္စကြီးကို မေ့ထားနိုင်အောင် အလုပ်တွေပဲ
ဖိလုပ်နေမိသည်။

တစ်နေကုန်နီးပါး ပုံကူးသည့် အမှောင်ခန်းထဲမှာပဲ နေကာ
အလုပ်တွေ လုပ်နေမိသည်။

ခုလည်း. . .

ဦးရဲ ကူးပေးသည့် ဂျူလိုင် ဘွဲ့ယူသည့်နေ့က မိသားစုလိုက်
ရိုက်တဲ့ ဓါတ်ပုံတွေကို မကျေနပ်နိုင်စွာ ပြန်ကူးနေမိသည်။



www.burmeseclassic.com

www.burmeseclassic.com



ဓါတ်ပုံတွေ ရသည့်အခါ ပြန်ထောင်ကြည့်မိတော့ ဦးရဲ ကူးထားပေးသည့်အတိုင်း အနောက်မှာ အဖြူရောင် အလင်းတန်းတွေ တွေ့ရသည်။

သူ စိတ်လည်းပျက် စဉ်းစားရလည်း ခက်ကာ ဓါတ်ပုံကို ထောင်ကြည့်နေမိဆဲ. . ,

နံဘေးကို ရောက်လာသော အရိပ်ကလေးကို မျက်လုံးထောင့်မှ မြင်လိုက်ရလျှင် ဓါတ်ပုံကို ကြည့်လျက်က. . .

"မေလေး ရောက်လာတာလည်း အသံမပေး ဘာမပေးနဲ့၊ ဒီမှာကွာ. . မေလေးတို့ မိသားစုလိုက် ရိုက်ထားတဲ့ပုံတွေက အဖြူတန်းတွေဝင်နေလို့၊ ဘာတွေ ဖြစ်သွားမှန်း မသိဘူး"

သူ မေလေးကို လှည့်မကြည့်ဘဲ စိတ်ပျက်လက်ပျက် ပြောနေမိသည်။

မေလေးက ဘာမှ ပြန်မပြောဘဲ သူ့နံဘေးမှ ရွေ့လျားသွားသည်။

သူ ဓါတ်ပုံများကို ချကာ မေလေးနှင့် အေးအေးဆေးဆေး စကားပြောရန် ပြင်ဆဲ. . .

"ကရင်. . . ကရင်"

ဖုန်းမြည်သံ ထွက်ပေါ်လာခဲ့တာမို့. . .

"ခဏနေဦး မေလေး၊ ကိုယ် ဖုန်းသွားကိုင်လိုက်ဦးမယ်"

သူ မေလေးကို လက်ကာပြခဲ့လျက် အမှောင်ခန်းထဲမှ ထွက်လိုက်သည်။

"ကရင်. . . ကရင်"

သူ ဖုန်းခွက်ကို မ,ပြီး ထူးလိုက်သည်။

"ဟယ်လို"

"ချမ်း"



www.burmeseclassic.com

www.burmeseclassic.com



ဖုန်းခွက်ထဲမှ ကြားလိုက်ရသောအသံကြောင့် သူ့မှာ ဖုန်းခွက်ကို ကိုင်လျက်က ကြက်သေ,သေသွားရသည်။

ကြားလိုက်ရသောအသံမှာ မေလေးအသံမှ မေလေးအသံ အစစ်။

သူ့မှာ ကိုယ့်နားကိုယ်ပင် မယုံနိုင်အောင်ဖြစ်ကာ ဖုန်းခွက်ကို တင်းတင်းဆုပ်ကိုင်ပြီး အသေအချာ နားစိုက်ထောင်နေမိသည်။

"ဟယ်လို ချမ်း . . ချမ်း . . ဟယ်လို ကြားရလား၊ ချမ်း . . ချမ်း မေလေးပါ"

မေလေး . . . ။

အခု သူ့ဆီ ဖုန်းဆက်နေတာ မေလေးဆိုရင် . . .

အမှောင်ခန်းထဲမှာ သူ့နံဘေး လာရပ်ခဲ့တာ ဘယ်သူလဲ။

ကြက်သီးများ ဖြန်းခနဲ ထသွားရသည်။

ဒါ . . ဒါဆို မေလေး ပြောခဲ့သလို သူ့အခန်းထဲမှာ မကောင်းဆိုးဝါး တစ္ဆေမတစ်ကောင် တကယ်ပဲ ရှိနေခဲ့တာပေါ့။

သူ နောက်ကျောမလုံနိုင်စွာ ကြက်သီးများ တဖြန်းဖြန်း ထနေမိဆဲ . . .

မေလေးကလည်း ဖုန်းထဲမှ အဆက်မပြတ် ခေါ်နေလေတော့သည်။

"ချမ်း . . ချမ်း . . ဟယ်လို မကြားရဘူးလား၊ မေလေးပါ ချမ်း"

တစ်ဖက်မှ မေလေးမှာ တကြော်ကြော် ခေါ်ဆဲ။

သူကတော့ ချောက်ချားစွာ ဖုန်းခွက်ကိုင်ပြီး တောင့်တောင့်ကြီး ငြိမ်သက် ကြက်သေ,သေနေမိတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



"ချမ်း. . . ဖုန်းကိုင်ရဲ့သားနဲ့ ဘာလို့ ပြန်မပြောတာလဲ၊ မေလေး အသံကို မကြားရဘူးလား၊ မေလေး အကြာကြီး ခေါ်တာ အရူးကျနေတာပဲ"

မေလေးက သူ ဖုန်းထဲမှာ စကားပြန်မပြောတာကို ပူပူပင်ပင် ပြောနေဆဲ. . . သူ့မှာတော့ ဖက်တွေ ကိုက်ခဲနာကျင်နေသဖြင့် ကား မောင်းရင်း လက်တစ်ဖက်ဖြင့် ဖက်ကို နှိပ်နေမိသည်။

"ဘာဖြစ်လို့လဲ ချမ်း. . . ဖက်နာနေလို့လား"

"အင်း. . . ကိုက်ခဲနေတယ်"

"အကြောတက်တာလား"

"အဲ့လိုလည်း မဟုတ်ဘူး၊ ပခုံးတွေ လေးပြီး ဖက်က ကိုက်ခဲနေ တာ"

"အာရုံစူးစိုက်တာ များလို့လား၊ အထူးသဖြင့် မျက်လုံးအားစိုက် တာမျိုးလေ"



www.burmeseclassic.com

www.burmeseclassic.com



မေလေး သူ့ဇက်ကို အသာအယာ နှိပ်ပေးရင်းက စိတ်မကောင်းစွာ မေးသည်။

"အဲ့လိုလည်း မဟုတ်ဘူး၊ ပခုံးပေါ် အလေးအပင် တစ်ခုခု ရှိနေသလိုမျိုး လေးပြီး ကိုက်ခဲနေတာ"

"ဘုရားရေ. . . ချမ်း ဘာများ လေးလေးလံလံ မ,မိလို့လဲ"

"ဟင့်အင်း. . . ဘာမှ မ,မမိဘူး"

"ပေါ့ဆလို့တော့ မဖြစ်ဘူးနော် ချမ်း. . ဆရာဝန် ပြမှဖြစ်မယ်"

"အင်း. . . ပြတာပေါ့. . လောလောဆယ်တော့ ဓါတ်ပုံကိစ္စ အရင်ရှင်းမှ ဖြစ်မယ်"

ဂျူလိုင့် မေဂျာဂရုဓါတ်ပုံမှာ မကောင်းဆိုးဝါးမပုံ ပေါ်နေသည့် ကိစ္စ၊ သူ ရည်ရွယ်ပြောဖြစ်သည်။

"မေလေးတို့ မိသားစု ရိုက်တဲ့ပုံတွေရော မယူရသေးဘူးလား ချမ်း"

မေလေးအမေးကြောင့် သူ မျက်နှာပျက်မသွားမိအောင် ကြိုးစားဟန်ဆောင်ရင်းက ကြိုတင်စဉ်းစားထားသည့်အတိုင်း လိမ်လိုက်မိသည်။

"ဆောရီးပဲ မေလေးရယ်၊ အဲ့ဒီဖလင်တွေ ပျက်သွားတယ်"

"ပျက်သွားတယ် ဟုတ်လား"

မေလေး နှမြောသလိုလေး ပြန်ပြောသည်။

"နှမြောသွားလားဟင်၊ ကိုယ် တောင်းပန်ပါတယ် မေလေးရယ်၊ ဂျူလိုင့်ကိုလည်း ပြောပြလိုက်ပါ"

"ဘယ်တတ်နိုင်ပါ့မလဲ. . . မတော်တဆ ဖြစ်တာပဲဟာ"

တော်ပါသေးရဲ့. . . ။

မေလေး ကြည့်ရတာ သူ့ကို မယုံသင်္ကာ ဖြစ်ပုံမရပါ။ ကံကောင်းချင်တော့ ဦးရဲတို့ ဓါတ်ပုံဆိုင်ဆီ ရောက်သည့်အခါ



www.burmeseclassic.com

www.burmeseclassic.com



ဦးရဲ ရှိမနေခဲ့ပါ။

ဦးရဲနှင့် တွေ့လျှင် မေလေးကို ဓါတ်ပုံကိစ္စ ပြောမိမှာ စိုးသည်လေ။ ဦးရဲကို သူ ကြိုတင်နှုတ်မပိတ်ထားရသေးပါ။

ဆိုင်မှာ အစောင့်ထားခဲ့သည့် ချာတိတ်ကလေးကို. . .

"အောင်အောင်. . . မင်းတို့ဘော့စ် ရှိလား"

ဦးရဲတို့ ဆိုင်ပိုင်ရှင်ကို မေးလိုက်မိသည်။

ဆိုင်ရှင်မှာ တကယ့်ဝါရင့် နာမည်ကျော် ဓါတ်ပုံဆရာကြီးမို့ သူတို့ သိချင်နေသည့် ပြဿနာကို ရှင်းလင်းပေးနိုင်လိမ့်မယ်လို့ သူ မျှော်လင့်နေမိသည်။

"ရှိတယ် အစ်ကို၊ ဘာကိစ္စရှိလို့လဲ"

"သိချင်တာလေး မေးချင်လို့"

"ကျွန်တော်နဲ့ လိုက်ခဲ့လေ"

အိမ်ထဲကို သူနှင့်မေလေး ချာတိတ်နောက်က ဝင်လိုက်သွားမိသည်။

ဆိုင်ရှင်အန်ကယ်ကြီးက သူ့ကို တွေ့လိုက်သည်နှင့် ပြုံးကာ. .

"အေး. . . မောင်ရင် ရောက်လာလိမ့်မယ်ဆိုတာ ကိုယ်သိတယ်"

ဆိုင်ရှင်အန်ကယ်ကြီး ဆီးကြိုပြောလိုက်သော စကားကြောင့် သူနှင့်မေလေး အံ့ဩသွားရသည်။

သူတို့ အံ့ဩသွားတာကို အန်ကယ်လ်ကြီးက ရယ်လိုက်ရင်း. .

"ထိုင်ကြ. . . ဘာကိစ္စနဲ့ လာတာလဲဆိုတာ ပြောပြရင် ပိုပြီး အံ့ဩသွားမှာလား"

"ခင်ဗျာ. . . "

ဒီတစ်ခါတော့ သူ ပါးစပ်ပင် အဟောင်းသား ဖြစ်သွားရတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



အန်ကယ်လ်ကြီးက အံ့ဩတကြီး ဖြစ်နေသော သူတို့မျက်နှာ
ကို ကြည့်ကာ သဘောတကျ ရယ်ရင်း ဓါတ်ပုံတစ်ပုံကို သူ့ဆီ ကမ်းပေး
ရင်းက. . .

"ဒီဓါတ်ပုံကိုစ္စ မဟုတ်လား. . မောင်ရင့်ဖလင်အထဲမှာ ပါလာ
လို့ ကူးထားလိုက်တာ"

"အာ. . ."

သူ ဘာပြန်ပြောရမှန်းမသိအောင် ဖြစ်သွားရတော့သည်။

အန်ကယ်ကြီး ကမ်းပေးသောဓါတ်ပုံမှာ ဂျူလိုင်တို့ မေဂျာဂ
ဓါတ်ပုံ။

"အနောက်မှာ မကောင်းဆိုးဝါးပုံ ပေါ်နေတာကို မောင်ရင်
သိချင်နေတယ် မဟုတ်လား"

အန်ကယ်ကြီးက သူပြောမယ့်စကားကို ကြိုတင်လမ်းကြောင်း
ပေးခဲ့ပြီမို့ သူ သိချင်တာကို ပွင့်လင်းစွာပဲ မေးဖြစ်တော့သည်။

"ဟုတ်ကဲ့. . ကျွန်တော် ဓါတ်ပုံရိုက်တဲ့သက်တမ်း တစ်လျှောက်
မှာ တစ်ခါမှ ဒီလိုမကြုံတွေ့ဖူးဘူး အန်ကယ်၊ ကျွန်တော်သိချင်နေ
တာက ဒါ တကယ့်အဖြစ်မှန်ပဲလားဆိုတာ"

သူ့မေးခွန်းမဆုံးခင်မှာပင် အန်ကယ်လ်ကြီးက လက်ကာ
ပြီး. . . သူ့ကို အသာအယာ ပြုံးပြကာ. . .

"နေဦး"

ဆိုပြီး ထိုင်ရာမှ ထကာ စာအုပ်စင်ဆီ ထသွားပြီး အယ်လ်ဘမ်
ဟောင်းတစ်ခုကို ယူလိုက်လေသည်။

"ရော့. . . အဲ့ဒါ ကိုယ့်ဓါတ်ပုံဆရာသက်တမ်းတစ်လျှောက်မှာ
အလေးအနက် သိမ်းထားတဲ့ တစ်ခုတည်းသော အယ်လ်ဘမ်ပဲ၊ ကြည့်
ကြည့်ပါဦး"

သူ အန်ကယ်ကြီး ပြောသည့်အတိုင်း နားမလည်စွာပင်



www.burmeseclassic.com

www.burmeseclassic.com



ဘယ်လ်ဘမ်ပေါင်းကြီးကို ဖွင့်ကြည့်လိုက်မိသည်။

မမှား. . . သူ့အမြင် လုံးဝမမှားပါ။

"အယ်ဘမ်ထဲက ထုတ်ကြည့်လေ"

သူ အန်ကယ်လ်ကြီးကို အားနာသော်လည်း ပြောသည့်အတိုင်း ဓါတ်ပုံကို ထုတ်ယူကာ အနီးကပ် ကြည့်မိပြန်သည်။

ဓါတ်ပုံမှာ လသားအရွယ် ကလေးငယ်တစ်ယောက်ပုံ။

သို့သော် ထူးခြားသည်မှာ ထိုကလေးငယ်ရဲ့အနား မလှမ်းကမ်းမှာ ဝိုးတဝါး ထင်နေသောအရိပ်တစ်ခု။

သဲသဲကွဲကွဲ မဟုတ်သော်လည်း မျက်တွင်းများ မည်းနက် ချိုင့်ဝင်နေသော ပြာနှမ်းနှမ်း မျက်နှာကြီးမှာ လူသားစင်စစ် မဟုတ်မှန်း သိသာလွန်းလှသည်။

"အဲ့ဒါ ကိုယ် ကင်မရာ စကိုင်တဲ့နေ့မှာ ပထမဆုံး ရိုက်ခဲ့တဲ့ ဓါတ်ပုံပဲ"

သူ အန်ကယ်လ်ကြီး မျက်နှာကို စိတ်ဝင်တစား လှည့်ကြည့်ကာ ဆက်ပြောမည့်စကားများကို နားစိုက်ထောင်မိသည်။

"ကိုယ့်သားလေးပုံလေ. . . နောက်မှာ ပေါ်နေတဲ့အရိပ်က ရော ဘယ်သူဖြစ်မယ်လို့ မောင်ရင် ထင်သလဲ"

သူ ဘာမှ စကားထောက်မပေးမိ။

အန်ကယ်လ်ကြီးမျက်နှာမှာ စိတ်မကောင်းသော အရိပ်အယောင်များ မသိမသာ ဖြတ်သန်းသွားလျက်. . .

"အဲ့ဒါ အဲ့ဒီဓါတ်ပုံမရိုက်ခင် တစ်နှစ်လောက်က သေဆုံးသွားခဲ့တဲ့ ကိုယ့်ရဲ့အမေပဲ"

"ခင်ဗျာ. . ."

"ဒီဓါတ်ပုံကို ကိုယ်လျှို့ဝှက်ထားခဲ့တာ အနှစ်နှစ်ဆယ် ရှိပြီ၊ ဘယ်သူ့ကိုမှ မပြခဲ့ဘူး၊ မောင်ရင့်ကို ပထမဆုံး ထုတ်ပြတာ"



www.burmeseclassic.com

www.burmeseclassic.com



သူ ဓါတ်ပုံကို ကိုင်လျက်က ငိုင်တွေသွားမိသည်။

"ကဲ. . . ကျန်တဲ့ဓါတ်ပုံတွေ ဆက်ကြည့်လိုက်ပါဦး၊ ဒါ
မောင်ရင် သိချင်နေတဲ့ ပြဿနာကို အဖြေတစ်ခုခုတော့ ရှာတွေ့မှာပ

သူ အယ်လ်ဘမ်ကို တိတ်ဆိတ်စွာ ဆက်ကြည့်လိုက်သည်။

အလှူပုံများ။ မိသားစုလိုက် ပျော်ရွှင်နေကြသည့် အထိမ်း
အမှတ် တစ်ခုခု အမှတ်တရပုံများ။

ဓါတ်ပုံများမှာ အကြောင်းအရာအစုံ။ သို့သော်. . .

တူညီသည်က လူစုလူဝေးထဲမှာဖြစ်စေ၊ အနောက်နား၊ ဒါ
မဟုတ် ဘေးမှာဖြစ်စေ ဝိုးတဝါး မသဲမကွဲ ရှိနေတတ်သောအရိပ်။

"ကဲ. . . မောင်ရင် ဘယ်လိုထင်သလဲ၊ ဒီပုံတွေကို နည်းပညာ
နဲ့ ကိုယ် လက်စွမ်းပြ ဖန်တီးထားတယ်လို့ မောင်ရင် စွပ်စွဲမလား"

"ဟို. . . ကျွန်တော်"

အန်ကယ်လ်ကြီးက ရယ်ကာ. . .

"ဘယ်လိုဖြစ်နိုင်မလဲ မောင်ရင်ရယ်၊ ဘယ်လိုမှ ဖန်တီးယူလို့
မဖြစ်နိုင်တဲ့ကိစ္စပါ၊ ဒါ တကယ့် အဖြစ်မှန် ပုံတွေချည်းပါပဲ၊ ဒါပေမယ့်
ဒီဓါတ်ပုံတွေကို ကိုယ် ကာယကံရှင်တွေ မသိစေရဘဲ လျှို့ဝှက်ထားခဲ့
တာ. . . အေး. . မောင်ရင့်ကိုတော့ ဓါတ်ပုံသမားချင်းမို့ ကိုယ်ပြတာ"

အန်ကယ်လ်ကြီးက သူ့မျက်နှာကို ကြည့်ပြီး ခေါင်းညိတ်ပြုံးပြ
သည်။

"ဒါ ဘာကြောင့် ဖြစ်တာလဲလို့ မောင်ရင် စဉ်းစားမရဘူး ဖြစ်
နေတယ် မဟုတ်လား"

"ဟုတ်ကဲ့. . . အဲဒါကြောင့် အန်ကယ်လ်ကြီးဆီ လာခဲ့တာပါ"

"ကိုယ် စဉ်းစားမိတာကတော့ ဝိညာဉ်တွေဟာ သူတို့ ဘဝ
မကူးခင်. . အင်း. . မကျွတ်လွတ်ခင်ပေါ့လေ၊ သူတို့ချစ်တဲ့သူတွေ
တစ်နည်းပြောရမယ်ဆိုရင် ဓါတ်ပုံထဲမှာ ပါတဲ့ သူတို့နဲ့ ပတ်သက်ခဲ့တဲ့သူ



www.burmeseclassic.com

www.burmeseclassic.com



တွေကို သူတို့ အနီးအနားမှာ ရှိနေသေးကြောင်း ဖော်ပြချင်လို့ ထင်ပါ ရဲ့"

"ခင်ဗျာ"

သူနှင့်မေလေး တစ်ယောက်မျက်နှာတစ်ယောက် ကြည့်လိုက် ကြသည်။

"မောင်ရင် သိလား၊ ဝိညာဉ်တွေကို ကိုယ်တို့ လူသာမန်မျက်စိ နဲ့ မြင်တွေ့နိုင်ဖို့ ခက်ခဲပေမယ့် ဓါတ်ပုံရိုက်ရင်တော့ သူတို့ဟာ ပေါ် လာတတ်တယ်၊ အဲ့ဒါ ဘာကြောင့်လဲဆိုတာတော့ ကိုယ်လည်း ဒီနေ့ထက် ထိ အဖြေမထွက်သေးဘူး၊ စိတ်ဝင်တစား လေ့လာနေဆဲပဲ"

အန်ကယ်လ်ကြီး စကားအဆုံးသတ်လိုက်သော်လည်း သူနှင့် မေလေး အဖြေတစ်စုံတစ်ရာ မရရှိဘဲ ငြိမ်သက်တိတ်ဆိတ်နေမိကြ သည်။

ဒါဆို . . ဂျူလိုင့်နောက်မှာ ပေါ်နေတဲ့ မကောင်းဆိုးဝါးပုံဟာ သေဆုံးခင်က ဂျူလိုင်နဲ့ ရင်းနှီးပတ်သက်ခဲ့ဖူးတဲ့သူလား။

သူတို့ ကားနဲ့ တိုက်ခဲ့မိသည့် မိန်းကလေးပေပဲလား။

ဒါမှမဟုတ် သူ့ရဲ့ ပြည့်ပြည့်လား . . ကားနဲ့တိုက်ခံရတာကော ပြည့်ပြည့်ပဲလား။

ဘာကိုမှ မစဉ်းစားတတ်လောက်အောင် သူ့ခေါင်းတစ်ခုလုံး ရှုပ်ထွေးလာသည်။ ပြီးတော့ . . .

ပခုံးနှင့် ဇက်တစ်ခုလုံးလည်း မခံမရပ်နိုင်အောင် ထိုးကိုက် လာတတ်လာလေတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com



# အခန်း(၄)

ငြိမ်း ချမ်းအေး စိတ်ညစ်စရာကိစ္စတွေ ခေါင်းထဲ ဝင်မ သာအောင် အချိန်ပြည့် အလုပ်ကိုပဲ အာရုံစိုက်နေမိသည်။

အလုပ်များသည့်ရက်ဆို အရင်လို ပင်ပန်းတယ် မထင်ဘဲ ပျော် သို့ဝင် နေမိသေးသည်။

ဒီနေ့လည်း သတို့သား သတို့သမီး ဝတ်စုံပြည့်နှင့် အလှပုံ ရိုက်မှာမို့ သူ့မှာ အလုပ်တွေ ရှုပ်နေမိသည်။

သတို့သားနှင့် သတို့သမီးက အနောက်တိုင်းဝတ်စုံ ဝတ်ဆင် ထားသည်မို့ သူကလည်း အမိုက်စား ရိုက်ပေးရမှာ ဖြစ်သည်။

"သတို့သမီးက ထိုင်ခုံလေးမှာထိုင်၊ သတို့သားက ရပ်နေလိုက် ဆဲ့. . . ဟုတ်ပြီနော်၊ သဘာဝ ကျကျလေးပဲ ရိုက်ရအောင်၊ မျက်နှာ



www.burmeseclassic.com

www.burmeseclassic.com


ကြီးတွေ တင်းမထားကြနဲ့"

သူ သဘာဝ ကျအောင် အိုက်တင်တွေ သင်ပေးနေမိသည်။

အလှပုံဆိုပေမယ့် သတို့သား သတို့သမီး စုံတွဲပုံမို့ သူက သဘာဝကျကျလေး လှနေစေချင်သည်လေ။

"ပြုံးမယ်. . . မျက်လုံးလေးတွေပါ ပြုံးနေအောင် စိတ်ထဲက နှစ်နှစ်ကာကာလေး ပြုံး၊ ဓါတ်ပုံရိုက်နေတယ်လို့ စိတ်ထဲမှာ မထားနဲ့၊ နှစ်ယောက်တည်း ရှိတယ်လို့ သဘောထား၊ ကြည်ကြည်နူးနူးလေးပေါ့"

သတို့သားနှင့် သတို့သမီး သူ့စကားကြောင့် သဘောတကျ ပြုံးလိုက်ကြသည်။

မျက်လုံးလေးများပါ စိန်ပွင့်လေးများလို တဖျတ်ဖျတ်တောက်ပ သွားသည်။

"ဖျတ်. . . "

သူ ကင်မရာဖြင့် ထိုအပြုံးလေးများကို အမိအရ ရိုက်လိုက်သည်။

"နောက်တစ်ပုံ သတို့သမီးက ပန်းစည်းလေး ကိုင်ပြီး ပို့စ်ထုတ်၊ သတို့သားက အနောက်က ရပ်ပြီး ပခုံးလေးနှစ်ဖက်ကို ဖွဖွကလေး ကိုင်လိုက်. . . ဟုတ်ပြီ၊ သတို့သမီး မျက်နှာလေးမော့၊ သတို့သားနဲ့ အကြည့်ချင်း ဆုံလိုက်၊ ပြုံးမယ် အိုကေ"

သူ အိုကေ ဆိုလိုက်သည်နှင့် သတို့သားနှင့် သတို့သမီး တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်ကာ ကြည်နူးချိုမြစွာ ပြုံးလိုက်ကြသည်။ သူ့ကင်မရာမီးလည်း ဖျတ်ခနဲ လင်းသွားရပြန်သည်။

"ကောင်းတယ်ဗျို့. . . ကဲ. . . ဒီတစ်ခါတော့ ကြမ်းပြင်မှာ ထိုင်လျက်သားလေး ပို့စ်တစ်မျိုးပြောင်းကြရအောင်၊ သတို့သမီးက ဂါဝန်ကို ဝိုင်းဝိုင်းကလေး ဖြစ်အောင် ဖြန့်ပြီးထိုင်လိုက်၊ သတို့သားက ခြေတစ်ဖက်ဆင်း၊ ဒူးတစ်ဖက်ထောင်၊ သတို့သမီးက သတို့သားကို


www.burmeseclassic.com

www.burmeseclassic.com



ခုံးလေး မှီလိုက်. . . အိုကေ”

ခုနကလောက် ကင်မရာကို သိပ်မစိမ်းတော့ပြီမို့ သတို့သားနှင့် သတို့သမီးတို့ရဲ့ ဟန်ပန်အမူအယာတွေက ပိုပြီးအသက်ဝင်ကာ နူးညံ့ ချစ်စဖွယ်ကောင်းလာသည်။

သူ့ကင်မရာမီးကလည်း တဖျတ်ဖျတ်။

ပုံကောင်းလေးတွေကို ဆက်တိုက် မမောနိုင် မပန်းနိုင်အောင် ရိုက်ပေးပြီးသွားလျှင်တော့ သတို့သားရော သတို့သမီးရော သူ့ကို လှိုက် လှိုက်လှဲလှဲ ကျေးဇူးတင်စကားဆိုလေသည်။

“ကျေးဇူးအများကြီး တင်တယ်နော် ကိုငြိမ်းချမ်း”

“ညည့်ခံပွဲကျရင် လာခဲ့ရမယ်နော်၊ ကိုငြိမ်းချမ်းပဲ ရိုက်ပေးရမှာ”

“ဟုတ်ကဲ့ပါဗျာ. . . ပုံလေးတွေ ထွက်ရင် ကောင်းမှာပါ. . . သေချာပါတယ်၊ အလှဆုံးပုံကို ပုံကြီးချဲ့ပြီး ကျွန်တော် သေသေချာချာ လေး လုပ်ပေးပါ့မယ်၊ ကျွန်တော့်လက်ဖွဲ့ပေါ့”

“အိုး. . . သိုင်းခယူးပါ”

“ကဲ. . . ပင်ပန်းသွားကြပြီပေါ့၊ ဟိုဘက်ခန်းမှာ အဝတ်လဲ လိုက်ကြပါဦး၊ ပြီးတော့မှ အေးအေးဆေးဆေး စကားပြောကြတာပေါ့ နော်”

သတို့သားနှင့် သတို့သမီး အဝတ်လဲခန်းဆီ ထွက်သွားတော့ သူတစ်ယောက်ထဲ စတူဒီယိုထဲမှာ ကျန်ရစ်သည်။

သူ ကင်မရာကို သိမ်းရန်ပြင်ဆဲ မီးမှာ ဖျတ်ခနဲ ပျက်ကာ တစ်ခန်းလုံး မှောင်အတိကျသွားခဲ့သည်။

ခုဏက မီးတွေ ထိန်ထိန်လင်းအောင် ထွန်းထားခဲ့တာမို့ ရုတ် တရက် မှောင်အတိကျသွားခဲ့တော့ သူ့မှာ ဘာလုပ်လို့ လုပ်ရမှန်း မသိအောင် ဖြစ်သွားခဲ့ရတော့သည်။

“ဝေ့. . . အပြင်မှာ ဘယ်သူရှိလဲ၊ မီးပျက်သွားပြီ လာ[illegible]ကြ[illegible]ဦး”



www.burmeseclassic.com

www.burmeseclassic.com



သူ အသံကျယ်ကျယ်အော်ကာ အပြင်မှာ ရှိနေမည့် သူ့လုပ်ဖော်ကိုင်ဖက်တွေကို အကူအညီ တောင်းလိုက်မိသည်။

မီးက ဖျတ်ခနဲ ပြန်လာသည်။

အဲ့ဒီခဏမှာ အရိပ်တစ်ခုကို ဖျတ်ခနဲ မြင်လိုက်ရပြီး မီးက ချက်ချင်းပြန်ပျက်သွားပြန်သည်။

"ဘယ်သူလဲ"

သူ့စိတ်ထဲ တစ်မျိုးကြီး ဖြစ်သွားရကာ ကြက်သီးတွေလဲ ဖြန်းခနဲ ထသွားရသည်။

ခဏနေတော့ မီးက ဖျတ်ခနဲ ပြန်လင်းလာပြန်ကာ တစ်ခဏအတွင်း ပြန်မှိတ်သွားပြန်သည်. . . ထိုအတောအတွင်း သူ မြင်တွေ့လိုက်ရသည်မှာ လိုက်ကာအောက်ခြေမှ မိန်းကလေးတစ်ယောက်ရဲ့ ခြေထောက်တစ်စုံ။

သူ အားခနဲ မအော်လိုက်မိအောင် အတော်သတိထားလိုက်ရသော်လည်း ချောက်ခြားစိတ်ဖြင့် ကတုန်ကယင်ကြီး ဖြစ်သွားရသည်။

ဘယ်သူလဲ။

ဒီစတူဒီယိုခန်းထဲမှာ သူ့အပြင် တစ်စုံတစ်ယောက် ရှိနေတယ်။

အဲ့ဒါ ဘယ်သူလဲ။

လူလား။

ဒါမှမဟုတ်. . .

ဆောက်တည်ရာမရသော သူ့အတွေးမဆုံးခင်မှာပဲ မီးက ဖျတ်ခနဲ လင်းလာပြန်ပြီး မိန်းကလေးတစ်ယောက်ရဲ့အရိပ်ကို သူ လျှပ်တပြက် မြင်တွေ့လိုက်ရပြန်သည်။

မေလေးလည်း မဟုတ်။

ခုနက ဓါတ်ပုံရိုက်ခဲ့တဲ့ သတို့သမီးလည်း မဖြစ်နိုင်။



www.burmeseclassic.com

www.burmeseclassic.com



ဒါဆို. . .

ချောက်ချားထိတ်လန့်စိတ်က သူ့ခန္ဓာကိုယ်တစ်ခုလုံးမှာ ရှိတဲ့ သွေးတွေကို ဆူပွက်တုန်လှုပ်စေကာ သူ သွေးရူးသွေးတန်းဖြင့် နံရံကို တျာကပ်မှီလျှောက်လျက်က မီးခလုတ်ဆီ စိတ်ထဲက မှန်းပြီး လက်က စမ်းနေမိသည်။

ဘယ်သူလဲ။

စတူဒီယိုထဲ ရောက်နေတာ ဘယ်သူလဲ။

လူမဟုတ်ဘူးလို့ သူ့စိတ်ထဲက သိနေမိသည်။

"ဘယ်သူလဲ မေးနေတယ်လေ၊ ဘယ်သူလဲလို့ဆို. . ဟင်"

သူ့မေးသံမှာ ချောက်ချားထိတ်လန့်မှုက ကြီးစိုးလွှမ်းနေသဖြင့် တုန်တုန်ယင်ယင်ကြီး ဖြစ်နေသည်။

"ဟင်. . . ဘယ်သူလဲ. . . ဘယ်သူလဲ"

သူ တဖွဖွ မေးရင်းက မီးခလုတ်ကို လက်ဖြင့် စမ်းမိလျှင် အားတက်သွားရကာ အလောတကြီး ဖိချလိုက်မိသည်။

"ချောက်"

ချက်ချင်း စတူဒီယိုတစ်ခန်းလုံး ထိန်လင်းသွားခဲ့ရပြီ။

မီးအလင်းရောင်အောက်မှာ သူ မြင်တွေ့လိုက်ရသည်မှာ. .

သူ့ရှေ့ လက်တကမ်းအကွာမှာ တောင့်တောင့်ကြီး ရပ်နေသော မိန်းကလေးတစ်ယောက်။

အေးစက်သော အသက်မဲ့ မျက်နှာကြီးမှာ ဖွေးဆုတ်ပြာနှမ်းလျက်။

သူ့ကို စူးစိုက်စွာ စိုက်ကြည့်နေသော မျက်လုံးကြီးများမှာ စိမ်းနက်၍နေသည်။

ဒါ. . ဒါ ဂျူလိုင့်ဓါတ်ပုံထဲမှာ ပါလာသော မကောင်းဆိုးဝါး နာနာဘာဝမ။



www.burmeseclassic.com

www.burmeseclassic.com



သူ ကြက်သေ,သေ ကြောင်အမ်း စိုက်ကြည့်နေမိပြီးမှ ကြော
စိတ်ဖြင့် တစ်ကိုယ်လုံးရှိ သွေးများ အေးစက်သွားခဲ့ရပြီးသည့်နော
မှာ. . .

ကင်မရာကို ကိုင်လျက်က သူ့တစ်ကိုယ်လုံး ပျော့ခွေကာ မြ
ကျသွားခဲ့ရတော့သည်။

အဲ့ဒီနောက်. . .

သူ ဘာကိုမှ မသိနိုင်တော့ပါ။



www.burmeseclassic.com

www.burmeseclassic.com



တူဒီယိုခန်းထဲမှာ မကောင်းဆိုးဝါးမကို နီးနီးကပ်ကပ် မျက်ဝါးထင်ထင် တွေ့မြင်လိုက်ရပြီးတဲ့နောက်မှာ သူ့မှာ အချိန်တိုင်းလိုလို ချောက်ခြားစိတ်ဖြင့် တုန်လှုပ်နေမိသည်။

ပြီးတော့. . .

သူ့ပခုံးနှင့်ဇက်မှာလည်း မခံမရပ်နိုင်အောင် ပိုပြီးနာကျင်ကိုက်ခဲလာသည်။

သူ့ဘာသာ ကောင်းနိုးရာရာဆေးများ ဝယ်သောက် ဝယ်လိမ်းခဲ့သော်လည်း မပျောက်ခဲ့။

နောက်ဆုံး မခံနိုင်တော့သည့်အဆုံးမှာ အထူးကုဆေးခန်းတစ်ခုသို့ သူ သွားခဲ့ရတော့သည်။

အထွေထွေရောဂါ အထူးကုဆရာဝန်မကလေးက လူကောင်းတောတိပမာ မြင်ရသော သူ့ကို မျက်မှောင်ကုတ်ကြည့်ကာ. . .

"ဘာဖြစ်လို့လဲ"



www.burmeseclassic.com

www.burmeseclassic.com



လို့ မေးလေသည်။

သူက ဇက်ကို နှိပ်ရင်းက. . .

"ကျွန်တော် ပခုံးနဲ့ဇက်က မခံမရပ်နိုင်အောင် ကိုက်ခဲနာကျင်နေတယ်"

"ဘာအလုပ်လုပ်သလဲ"

"ဓါတ်ပုံဆရာပါ"

"အင်း. . ."

ဆရာဝန်မကလေးက သူ့ကို အသေအချာ ကြည့်ရင်းက တစ်ချက်စဉ်းစားလိုက်ပြီးမှ. . .

"အာရုံစူးစိုက်တဲ့အလုပ်တွေ ပြင်းပြင်းထန်ထန် လုပ်မိသလား စာအုပ်တွေ အကြာကြီး ဖတ်တာမျိုး၊ ဇာတ်လမ်းတွဲတွေ တစ်နေကုန်ထိုင်ကြည့်တာမျိုး"

"ဟင့်အင်း. . မရှိပါဘူး"

ဆရာဝန်မကလေး စဉ်းစားသွားပြန်သည်။

"အလေးအပင်တွေရော ပြင်းပြင်းထန်ထန် မ,မိသလား"

"ဟင့်အင်း. . ."

ဆရာဝန်မကလေး မေးစေ့ကို လက်ဖြင့် ထောက်ကာ သူ့ကိုမျက်မှောင်ကုတ်ကြည့်သည်။

ခဏကြာတော့မှ. . .

"အင်း. . . ဓါတ်မှန်ရိုက်ကြည့်တာပေါ့၊ ပြီးမှ ပြန်လာခဲ့၊ အေးသီရေ. . သူ့ကို ဓါတ်မှန်ရိုက်ပေးလိုက်၊ ဪ. . ပေါင်ပါ တစ်ခါတည်းချိန်ပေးလိုက်၊ နှစ်နောက် လိုက်သွားလိုက်နော်"

သူ နှစ်မနောက်က လိုက်သွားခဲ့ရသည်။

ပထမဆုံး သူ့ကို ဓါတ်မှန် သေသေချာချာ ရိုက်သည်။

"ဓါတ်မှန်အဖြေက ခဏနေ ရမယ်၊ ဓါတ်မှန်အဖြေရမှ



www.burmeseclassic.com

www.burmeseclassic.com



ဒါက်တာနဲ့ ပြန်ပြရမယ်၊ အခု ပေါင်ချိန်ရအောင်"

နာ့စ်မလေး ပြောသည့်အတိုင်း ခါတ်မှန်ရိုက်ပြီးတော့ သူ ပေါင်ချိန်စက်ပေါ် တက်လိုက်သည်။

သူ ပေါင်ချိန်စက်ပေါ် တက်လိုက်ပြီး မကြာခင်မှာပင် နာ့စ်မလေးဆီမှ. . .

"အိုး. . ."

ခနဲ အံ့ဩတကြီးအော်သံ ထွက်လာခဲ့သည်။

သူ နား‌မလည်နိုင် ဖြစ်သွားရဆဲ. . .

"ဘုရားရေ. . . ရှင့်ကိုယ်အလေးချိန်က နှစ်ရာ့လေးဆယ်ကောင် ဖြစ်နေပါလား၊ ဘုရားဘုရား. . . အရမ်းကို ဝတဲ့ လူဝကြီးတွေတောင် ပေါင်နှစ်ရာ့လေးဆယ် ရှိတာ ကျွန်မ တစ်ခါမှ မတွေ့ဖူးဘူး"

သူလည်း အရမ်းကို အံ့အားသင့်သွားခဲ့ရပြီး. . .

"ခင်ဗျာ. . . နှစ်ရာ့လေးဆယ် ဟုတ်လား၊ မဖြစ်နိုင်လိုက်တာ၊ ပေါင်ချိန်စက် ပျက်နေလို့ပဲ ဖြစ်ရမယ်"

သူ စိတ်ပျက်လက်ပျက် ပြောလိုက်မိသည်။

"ဟင့်အင်း. . . ခုနကတင် လူနာတစ်ယောက်ကို ပေါင်ချိန်ပြီး စက်က အကောင်းပါ"

"ဘယ်လိုမှ မဖြစ်နိုင်တာ"

သူနှင့် နာ့စ်မလေး ငြင်းခုန်နေမိသည်။

"ကဲ. . . ဒါဆို ကျွန်မကိုယ်တိုင် ပေါင်ချိန်ပြမယ်၊ ရှင်ကြည့်ထားလိုက်"

နာ့စ်မလေးက ပေါင်ချိန်စက်ပေါ် သွက်လက်စွာ တက်လိုက်သည်။

သူ အသေအချာ ကြည့်လိုက်သည်။

"ကဲ. . . ပြော ဘယ်လောက်လဲ"



www.burmeseclassic.com

www.burmeseclassic.com



"တစ်ရာ့ငါး"

"တွေ့လား. . . စက်က အကောင်းပဲ၊ ရှင် နောက်တစ်ခါ ပြန်ချိန်ကြည့်"

သူ စိတ်မရှည်နိုင်စွာ ပေါင်ချိန်စက်ပေါ် နောက်တစ်ခေါက် ပြန်တက်ကြည့်လိုက်သည်။

"နှစ်ရာ့လေးဆယ်"

"ကျွတ်. . ."

သူ ပေါင်ချိန်စက်ပေါ်မှ စိတ်ပျက်လက်ပျက် ဆင်းလိုက်သည်။

"နေဦး. . . ရှင် အရမ်းလေးလံတဲ့ ပစ္စည်းမျိုးတွေ ခန္ဓာကိုယ်မှာ ချိတ်ဆွဲထားမိသလား"

နာ့စ်မလေး မေးခွန်းကို သူ ကြောင်သွားခဲ့မိပြီးမှ. . .

"အခုဝတ်လာတဲ့အကျီနဲ့ ဘောင်းဘီရှည်အပြင် ကျွန်တော့်ခန္ဓာကိုယ်မှာ ဘာပစ္စည်းမှ အပိုပါမလာခဲ့ဘူး"

"ဟူး. . ."

နာ့စ်မလေး သူ့ကို ကြည့်ကာ စဉ်းစားမရနိုင်တော့သလို လေပူများ မှုတ်ထုတ်သည်။

"ဒါနဲ့ ရှင် အရင်က ပေါင်ချိန်ဘယ်လောက်ရှိသလဲ"

"ပြီးခဲ့တဲ့လက တိုင်းတာတော့ တစ်ရာ့လေးဆယ်ပဲ၊ အဲ့ဒါ ကျွန်တော့်ပုံမှန် ကိုယ်အလေးချိန်ပဲ"

"အင်း. . . ကျွန်မအမြင်အရ ပြောရမယ်ဆိုရင်လည်း ရှင့်ကိုယ်အလေးချိန်ဟာ ပေါင်တစ်ရာ့လေးဆယ်ထက် မကျော်နိုင်ဘူး အခု ပေါင်တစ်ရာတောင် ပိုနေတယ်. . . စဉ်းစားမရနိုင်အောင်ပဲ"

"ကျွတ်. . ."

သူ စိတ်ပျက်လက်ပျက် စုတ်သတ်လိုက်မိသည်။

"ဒါနဲ့ ရှင်ဖြစ်တာက ခန္ဓာကိုယ် ကိုက်ခဲနာကျင်နေတာ ဟုတ်



www.burmeseclassic.com

www.burmeseclassic.com



လား"

နှစ်မလေးက သူ့ကို စူးစူးစိုက်စိုက် ကြည့်ကာ မေးသည်။

သူ ခေါင်းကို လေးပင်စွာ ညိတ်ပြလိုက်မိသည်။

နှစ်မလေးက အဖြေကို ရှာဖွေနေသလို သူ့ကို စူးစူးရဲရဲ စိုက်ကြည့်ပြီး သူ ဘယ်လိုမှ မထင်မှတ်နိုင်သည့် အဖြေတစ်ခုကို အေးစက်စွာ တစ်လုံးချင်း ပြောလေသည်။

"ကျွန်မအထင် ပြောရမယ်ဆိုရင် ရှင့်ခန္ဓာကိုယ်ထဲမှာ လူသာမန်မျက်စိနဲ့ မမြင်တွေ့နိုင်တဲ့ မကောင်းဆိုးဝါးတစ်ကောင်ကောင်များ ဝင်ပြီးပူးကပ်နေသလား"

"ဘာ. . ."

သူ မျက်လုံးအစုံ ပြူးကျယ်ဝိုင်းစက်သွားရသည်။

"ဘယ်. . . ဘယ်လို"

"ဟုတ်တယ်. . . မကောင်းဆိုးဝါး တစ်ကောင်ကောင် ရှင့်ခန္ဓာကိုယ်ထဲမှာ ပူးကပ်နေတာပဲ ဖြစ်ရမယ်"

"ပူး. . . ပူးကပ်နေတာ ဟုတ်လား"

"ဟုတ်တယ်"

ဟင့်အင်း. . .

မဖြစ်နိုင်ဘူး။

ဘယ်နည်းနဲ့မှ မဖြစ်နိုင်ဘူး။

သူ့ခန္ဓာကိုယ်ထဲမှာ မကောင်းဆိုးဝါးက ဘယ်လိုဝင်ရောက်ပူးကပ်နိုင်မှာလဲ။

ဒါ မဖြစ်နိုင်တဲ့ကိစ္စပဲ။

သူ နှစ်မကို ဒေါသတကြီး စူးစိုက်ကြည့်လိုက်ပြီး နေရာမှ ချာကနဲ လှည့်ထွက်ကာ ဆေးခန်းအပြင်သို့ ပြေးထွက်လာခဲ့မိသည်။

"ဟော့. . . ရှင် ဒေါက်တာနဲ့ ပြန်ပြရဦးမယ်လေ"



www.burmeseclassic.com

www.burmeseclassic.com



သွားစမ်းပါ။

ဘယ်ဒေါက်တာနဲ့မှ မပြနိုင်တော့ဘူး။

သူ လမ်းမပေါ်မှာ သွေးရူးသွေးတန်း တစ်ယောက်ထဲ တဟု

ထိုး ပြေးလာခဲ့မိသည်။

ဘယ်လောက်ပြေးပြေး နားထဲမှာတော့ နော့စ်မ ပြောလိုက်သည့်

စကားတစ်ခွန်းက ပျောက်ပျက်မသွားခဲ့။

ရှင့်ခန္ဓာကိုယ်ထဲမှာ မကောင်းဆိုးဝါး တစ်ကောင်ကော

ပူးကပ်နေလို့ပဲ ဖြစ်ရမယ်။

မကောင်းဆိုးဝါး တစ်ကောင်ကောင်။

ရှင့်ခန္ဓာကိုယ်ထဲမှာ. . .

ပူးကပ်. . .

ဟင့်အင်း. . .

မဖြစ်နိုင်ဘူး။

မဖြစ်ရဘူး။

"အား. . ."



www.burmeseclassic.com

www.burmeseclassic.com



"အာ့... ကျွတ်.. ကျွတ်"

သူ မခံမရပ်နိုင်အောင် နာကျင်ကိုက်ခဲနေသောဇက်ကို လက်နှင့် တင်းတင်းဆုပ်ကိုင်ရင်း အိပ်နေရာမှ ထလိုက်မိသည်။

တစ်ချက်တစ်ချက် စူးစူးဝါးဝါး ကိုက်ခဲသည်မှာ မခံရပ်နိုင်အောင်ပင်။

ဘာရောဂါမှန်း တိတိကျကျ မသိရသေးသည့်တိုင် ခံစားရသည့် ဝေဒနာကတော့ ဆိုးဝါးလှသည်။

စိတ်ပြေလက်ပျောက် ဖြစ်လိုဖြစ်ငြား သူ အဝတ်အစား လဲကာ အပြင်ထွက်ဖို့ ပြင်ဆင်နေမိသည်။

အဝတ်အစားလဲပြီးတော့ စားပွဲပေါ်မှ ကျီးပေါင်းဝေဒနာရှင်များ အသုံးပြုသည့် လည်ပတ်ကြီးကို လည်ပင်းမှာ တပ်ဆင်လိုက်သည်။

ဘယ်သွားရမှန်း မသိသေး။

အင်း... မေလေးဆီ သွားလျှင်တော့ စိတ်ချမ်းသာရမယ်



www.burmeseclassic.com

www.burmeseclassic.com


ထင်ပါရဲ့။

မေလေးကတော့ သူ့စိတ်ကို သက်သာရာရအောင် အားပေးနှစ်သိမ့်နိုင်လိမ့်မည်။

သူ. . . ကျိုးပေါင်းလည်ပတ်ကြီး တပ်ဆင်သွားလျှင် မေလေးရှက်မည်လား။

သို့သော်. . .

သူ ပြန်မဖြုတ်မိဘဲ မေလေးဆီ ထွက်လာခဲ့မိသည်။

သူ ထွက်လာချိန်မှာ စောလွန်းနေသဖြင့် ကျောင်းဝင်းထဲမှာ လူများများစားစား မရှိသေး။

တစ်ယောက်စ နှစ်ယောက်စသာ ရှိသည်။

မေလေးကတော့ ကျောင်းစောစောလာလေ့ရှိသည်။

ကြိုရောက်နှင့်နေသည့် ဆရာ ဆရာမတွေကို သိချင်သည့်စာများ မေးချင်မေးတတ်သည်လေ။

အောက်ထပ်မှာ မေလေးများ ရှိမလား ရှာကြည့်ပြီးမှ အပေါ်ထပ်ကို တက်လာခဲ့မိသည်။

လူသူရှင်းလင်းကာ တိတ်ဆိတ်မှောင်မည်းနေသော လှေကားအကွေ့က အလိုလို စိတ်ချောက်ခြားစရာ ကောင်းနေသည်။

သူ အခန်းလွတ်များကို တံခါးဝဆီမှ လှမ်းလှမ်းကြည့်မိပြီးမှ ဖြည်းဖြည်းချင်း လျှောက်လာခဲ့မိသည်။

မေလေးတို့အခန်းရှေ့ ရောက်တော့ အခန်းထဲ ချက်ချင်းမဝင်သေးဘဲ အပြင်မှနေ ခေါင်းကို ကဲကာ လှမ်းကြည့်လိုက်သည်။

အတန်းအလယ်လောက်မှာ ကျောပေးထိုင်နေသော မေလေးကို တွေ့လိုက်ရတော့ သူ အရမ်းကို ပျော်သွားမိသည်။

မေလေး ရုတ်တရက် အံ့ဩသွားရအောင် သူ ခြေသံမထွက်ဘဲ ဖွဖွကလေး နင်းလျှောက် ကပ်မိသည်။


www.burmeseclassic.com

www.burmeseclassic.com



မေလေးက ငြိမ်သက်တိတ်ဆိတ်ကာ စာကို သည်းကြီးမည်းကြီး ငုံ့ဖတ်နေသည်။

သူ ပြုံးပြီး မေလေးအနားမှာ ရပ်လိုက်မိသည်။

မေလေး မသိသေး။

မေလေး လန့်သွားမှာစိုးတာကြောင့် သူ ပြုံးပြီး တိုးတိုးကလေး ခေါ်လိုက်မိသည်။

"မေလေး. . ."

သူ့ခေါ်သံမှာ မကျယ်လှသော်လည်း မေလေး ကြားနိုင်လောက်ပါသည်။

သို့သော်. . .

မေလေး လုံးဝလှည့်မကြည့်ပါ။

ငြိမ်သက်မြဲ ငြိမ်သက်လျက်ရှိသော မေလေးကို ကြည့်ကာ သူ့စိတ်ထဲ တစ်မျိုးကြီး ဖြစ်သွားရလျက် ထပ်ခေါ်လိုက်မိသည်။

"မေလေး. . ."

ဒီတစ်ခါ သူ့အသံမှာ အတော်ကျယ်သွားပါသည်။

သို့သော် မေလေး လှည့်မကြည့်ပါ။

"မေလေး"

အခန်းတစ်ခုလုံး ဟိန်းထွက်သွားအောင် သူ ထပ်ခေါ်လိုက်မိပြန်သည်။

မေလေး သူ့ကို စိတ်ဆိုးနေတာလားလို့ တွေးလိုက်မိဆဲမှာ မေလေးက ဖြည်းဖြည်းချင်း သူ့ဘက် မျက်နှာလှည့်လာသည်။

"ဟင်. . ."

သူ့နှုတ်မှ တအံ့တဩ အာမေဋိတ်သံ ထွက်သွားရသည်။

မေလေးမျက်နှာမှာ ပင်ကိုယ်အသားအရေ မဟုတ်ဘဲ ဖွေးဆုတ်ပြာနှမ်းကာ ချောက်ခြားဖွယ်ကောင်းလောက်အောင် အေးစက်



www.burmeseclassic.com

www.burmeseclassic.com



လျှောက်လာခဲ့လေလျှင် . . .

သူ နေရာမှ အားကုန်လှည့်ပြေးခဲ့မိတော့သည်။

"ဒိုး . . . ဝုန်း"

ခုံများ လဲပြိုသံ၊ တိုက်မိသံတို့ကို သူ ဘာမှ ဂရုမစိုက်နိုင်တော့ဘဲ အားကုန်လှည့်ပြေးလာခဲ့မိသည်။

မေလေး ဘယ်လိုဖြစ်သွားရတာလဲ။

မေလေးကို မကောင်းဆိုးဝါးတစ်ကောင်ကောင် ပူးကပ်နေတာလား။

ဒါမှမဟုတ် . . .

မေလေးကိုယ်တိုင်က မကောင်းဆိုးဝါးလား။

သူ ဘာကိုမှ စဉ်းစားမရနိုင်ဘဲ အားကုန်လှည့်ပြေးဆဲ ရှေ့ကို သတိမထားမိဘဲ အရာဝတ္ထုတစ်ခုနှင့် . . .

"ဒိုး . . ."

ခနဲ တိုက်မိကာ ဂျွမ်းထိုးမှောက်ခုံ လဲပြိုကျသွားခဲ့ရတော့သည်။

ထိတ်လန့်ချောက်ခြားလွန်းစွာ သူ အားကုန်အော်လိုက်မိသည်။

"အား . . ."



www.burmeseclassic.com

www.burmeseclassic.com



လျှောက်လာခဲ့လေလျှင်. . .

သူ နေရာမှ အားကုန်လှည့်ပြေးခဲ့မိတော့သည်။

"ဒိုး. . . ဝုန်း"

ခုံများ လဲပြိုသံ၊ တိုက်မိသံတို့ကို သူ ဘာမှ ဂရုမစိုက်နိုင်တော့ဘဲ အားကုန်လှည့်ပြေးလာခဲ့မိသည်။

မေလေး ဘယ်လိုဖြစ်သွားရတာလဲ။

မေလေးကို မကောင်းဆိုးဝါးတစ်ကောင်ကောင် ပူးကပ်နေတာလား။

ဒါမှမဟုတ်. . .

မေလေးကိုယ်တိုင်က မကောင်းဆိုးဝါးလား။

သူ ဘာကိုမှ စဉ်းစားမရနိုင်ဘဲ အားကုန်လှည့်ပြေးဆဲ ရှေ့ကို သတိမထားမိဘဲ အရာဝတ္ထုတစ်ခုနှင့်. . .

"ဒိုး. . ."

ခနဲ တိုက်မိကာ ဂျွမ်းထိုးမှောက်ခုံ လဲပြိုကျသွားခဲ့ရတော့သည်။

ထိတ်လန့်ချောက်ခြားလွန်းစွာ သူ အားကုန်အော်လိုက်မိသည်။

"အား. . ."



www.burmeseclassic.com

www.burmeseclassic.com



"ဒုံး"

"အား"

"တင်. တောင်. . တင်. တောင်. . တင်. တောင်"

လဲပြိုကျသံ. . .

ထိတ်လန့်ချောက်ချားစွာ အော်ဟစ်သံ။

ထိုအသံနှစ်ခုနှင့်အတူ လူခေါင်ခေါင်းလောင်းသံက စူးရှလွန်းလှစွာ ထွက်ပေါ်လာခဲ့သည်။

မျက်စိနှစ်လုံး ဆတ်ခနဲ ပွင့်လာခဲ့ချိန်မှာ သူ မြင်တွေ့လိုက်ရသော ပတ်ဝန်းကျင်ကို အံ့သြတကြီး ဖြစ်သွားမိသည်။

ဘုရားရေ. . ။

ဒါ. . . ဒါ သူ့အခန်းပဲ။

ကျောင်းမဟုတ်ပါလား။

ဟင်. . . ဒါဆို. . .



www.burmeseclassic.com

www.burmeseclassic.com



မေလေးရော။

ဘာတွေလဲ။

ဘာတွေ ဖြစ်ခဲ့တာလဲ။

သူ့အခန်းထဲကို ဘယ်လိုပြန်ရောက်လာခဲ့တာလဲ။

ဒါ. . အိပ်မက်မှ မဟုတ်တာ. . ။

သူ စိတ်တွေ ရှုပ်ထွေးနောက်ကျိပြီး ခေါင်းတစ်ခုလုံးလည်း နောက်ကျိလာခဲ့တော့သည်။

"တင့် တောင်"

လူခေါ် ခေါင်းလောင်းသံ။

သူ့ရင်ထဲ ဒိန်းခနဲ။

ဘယ်သူလဲ။

နာရီကို မော့ကြည့်လိုက်မိတော့ ညဆယ်နာရီခွဲ။

ဒီအချိန်ကြီး သူ့အခန်းကို လာတာ ဘယ်သူလဲ။

မှန်ပြတင်းအပြင်ကို လှည့်ကြည့်မိတော့ မိုးများ သည်းသည်း မည်းမည်း ရွာနေတာ သိလိုက်ရသည်။

"တင့် တောင်. . တင့် တောင်. . တင့် တောင်"

"တင့် တောင်. . တင့် တောင်"

အဆက်မပြတ် မြည်နေသော ဘဲလ်သံကြောင့် ကြက်သီးတွေ ဖြန်းဖြန်း ထရင်းက သူ တံခါးဆီ ဖြည်းဖြည်းချင်း ချဉ်းကပ်လာခဲ့မိသည်။

"တင့် တောင်. . တင့် တောင်"

သူ အသက်ရှူအောင့်ကာ တံခါးကို ကျောကပ်မှီထားမိသည်။

"တင့် တောင်. . တင့် တောင်"

ဘဲလ်သံမှာ အဆက်မပြတ် မြည်ဆဲ။

မဖွင့်မချင်း မြည်နေမည့်ပုံမို့ သူ့ရင်တွေ တဒိန်းဒိန်း ခုန်ရင်းက



www.burmeseclassic.com

www.burmeseclassic.com



အသက်ရှူအောင့်ကာ ဖွင့်ပေးလိုက်မိသည်။

"ဟင်. . ."

သူ့အခန်းထဲသို့ ဝင်ရောက်လာခဲ့သူမှာ မိုးများ တစ်ကိုယ်လုံး ရွှဲကာ တဆတ်ဆတ် တုန်ယင်နေသော နိုင်ကြီးဖြစ်နေသည်။

သူ အရမ်းကို အံ့အားသင့်သွားရကာ. . .

"နိုင်ကြီး မင်း ဘာဖြစ်လာတာလဲ. . . ဒီအချိန်ကြီး၊ မိုးတွေ ကလည်း စိုရွှဲလို့ပါလား"

"ဓါတ်ပုံ"

တဆတ်ဆတ် တုန်ကာ ပြာနှမ်းနေသော နိုင်ကြီးနှုတ်မှ ပြော လိုက်သောစကားကို သူ မနည်းနားစိုက်ထောင်လိုက်ရသည်။

မသဲမကွဲ ကြားလိုက်ရတာကြောင့်. . .

"ဟင်. . ဘာပြောတာလဲ"

"ဓါတ်ပုံ"

နိုင်ကြီးက နောက်တစ်ခွန်း ထပ်ပြောသည်။

"ဘာ. . . ဓါတ်ပုံဟုတ်လား"

သူ မျက်လုံးပြူးသွားရကာ နောက်ကို ဆုတ်လိုက်မိသည်။

"ဓါတ်ပုံ"

"ဘာ. . . ဘာဓါတ်ပုံလဲ"

"ဟိုဓါတ်ပုံ"

နိုင်ကြီးပုံစံမှာ မူမမှန်။

လက်ကိုပိုက် ကိုယ်ကို ကျုံ့ထားရင်းက တဆတ်ဆတ် တုန် ယင်နေသည်မှာ မိုးမိထား၍ ချမ်းအေးနေခြင်း တစ်ခုတည်းကြောင့် မဟုတ်ဘဲ တစ်စုံတစ်ခုကို ပြင်းပြင်းထန်ထန် တုန်လှုပ်ချောက်ချားကာ စိတ်နှင့်ကိုယ် မကပ်တော့သည့်ပုံမျိုး။

"ဘာဓါတ်ပုံလဲ၊ ဘာဓါတ်ပုံလဲ နိုင်ကြီး၊ မင်း ဘာတွေပြော



www.burmeseclassic.com

www.burmeseclassic.com



နေတာလဲ၊ ငါ မသိဘူး"

"သူ. . . သူ သေသွားပြီ"

"ဘာ. . ."

သူ ထိတ်လန့်တကြား အော်ကာ ယိုင်ခနဲ ဖြစ်သွားရတာ ကြောင့် တံခါးဘောင်ကို လှမ်းကိုင်ကာ ထိန်းထားလိုက်ရလေသည်။

"သူ. . . ဓါတ်ပုံပြန်လာတောင်းနေတယ်"

"နိုင်ကြီး. . . မင်း ဘာတွေ လာပြောနေတာလဲ"

"သူ သေသွားပြီ၊ သရဲမ. . ငါ့ဆီ လာနေတယ်၊ ဓါတ်ပုံပြန် လာတောင်းနေတယ်"

"နိုင်ကြီး. . . "

"ဓါတ်ပုံပြန်ပေးမှ ဖြစ်မယ်"

"နေဦး နိုင်ကြီး၊ လာ. . . အဝတ်အစားလဲပြီး ငါတို့ အေးအေး ဆေးဆေး စကားထိုင်ပြောရအောင်၊ မင်းအခု စိတ်သိပ်လှုပ်ရှားနေ တယ်"

"ဟင့်အင်း. . . "

နိုင်ကြီးက အထဲဝင်ဖို့ ငြင်းဆန်ကာ. . .

"ငြိမ်းချမ်း. . . ငါ့ကို ဓါတ်ပုံပေးပါ"

အရမ်းကို စိတ်လှုပ်ရှား ချောက်ခြားနေပုံရသော နိုင်ကြီးကို ကြည့်ကာ သူ သက်ပြင်းရှိုက်လိုက်မိသည်။

"နိုင်ကြီး. . . ငါပြောမယ်၊ သေချာနားထောင်၊ မင်းလိုချင်နေ တဲ့ဓါတ်ပုံ ငါ့ဆီမှာ မရှိဘူး"

သူ နိုင်ကြီးပခုံးကို လက်နှစ်ဖက်ဖြင့် ဆုပ်ကိုင်ကာ လေသံ အေးအေးဖြင့် ပြောပြလိုက်သည်။

သို့သော်. . .

နိုင်ကြီးက လက်မခံပါ။



www.burmeseclassic.com

www.burmeseclassic.com



တဖွတ်ထိုးပင်။

"ငြိမ်းချမ်း. . . ငါ့ကို ခါတ်ပုံပေးပါ"

ဖွတ်တရွတ် တောင်းနေသော နိုင်ကြီးကို သူ စိတ်မရှည်နိုင်

တော့ဘဲ. . .

"ဟာကွာ"

သူ စိတ်ပျက်လက်ပျက် ရေရွတ်မိရင်းက နိုင်ကြီးပခုံးကို ဆောင့်

တွန်းပစ်လိုက်မိသည်။

နိုင်ကြီး သူ့ကိုယ်သူ မထိန်းနိုင်ဘဲ အရှိန်ဖြင့် ကြမ်းပြင်ပေါ်

ဖင်ထိုင်လျက် လဲကျသွားလေသည်။

"ဟော့ကောင် နိုင်ကြီး၊ ဒီမှာ ငါ့ကို အသေအချာ ကြည့်စမ်း

ငါပြောမယ်"

သူ နိုင်ကြီးကို အပေါ်စီးမှ စိုက်ကြည့်ကာ အော်ဟစ်အမိန့်

ပေးလိုက်သည်။

နိုင်ကြီး ခုမှ သတိဝင်လာသူတစ်ယောက်လို သူ့ကို မော့ကြည့်

သည်။

ထိုခဏမှာပင် ငြိမ်သက်နေသော နိုင်ကြီးရဲ့မျက်လုံးများ အဆ

မတန် ပြူးကျယ်သွားတော့ကာ တမဟုတ်ချင်း အရောင်ပြောင်းလဲသွား

ခဲ့ကာ. . .

"ဟင်. . ."

သူ့ကို မကောင်းဆိုးဝါး နာနာဘာဝ တစ်ကောင်ကို တွေ့မြင်

လိုက်ရသလို လက်ညှိုးကြီး ထိုးပြီး. . .

"အား. . . နင်. . . နင်"

ခနဲ သွေးရူးသွေးတန်း အော်ကာ နေရာမှ ချက်ချင်းထပြေး

သွားလေတော့သည်။

"ဟော့ကောင် နိုင်ကြီး. . . နိုင်ကြီး ဘာဖြစ်တာလဲ၊ ဘာဖြစ်



www.burmeseclassic.com

www.burmeseclassic.com



ဘာလဲ ဟေ့ကောင်”

သူ အနောက်မှ ပြေးလိုက်ကာ လိုက်ခေါ်ပါသော်လည်း. . .

“အား. . . မလိုက်ခဲ့နဲ့၊ နင်. . နင်. . ငါ့နောက် မလိုက်ခဲ့နဲ့၊ မလာနဲ့၊ သွား. .’သွား. . . သရဲမ. . .”

နိုင်ကြီးမှာ သူ့ကို နောက်လှည့်ကြည့်ရင်း အားကုန်ပြေးရင်း ဘ သွေးရူးသွေးတန်းတွေ အော်ကာ ထွက်ပြေးသွားလေသည်။

နိုင်ကြီးနောက်ကို သူ မှီအောင် မလိုက်နိုင်ဘဲ နောက်ဆုံး လမ်းတစ်ဝက်မှာ ခြေကုန်လက်ပန်းကျကာ စိတ်ပျက်လက်ပျက် ထိုင်ချလိုက်မိတော့သည်။

ဘာတွေ ဘယ်လိုဖြစ်မှန်း မသိဘဲ ပြဿနာက တစထက်တစ ကြီးရှုပ်ထွေးလာခဲ့သည်မှာ စိတ်ပျက်ဖွယ်ရာအတိလည်း ဖြစ်ကာ တုန်လှုပ်ချောက်ချားဖို့လည်း ကောင်းလွန်းနေသည်။

သူကိုယ်တိုင်လည်း ဘယ်လို ဆောက်တည်ရမှန်း မသိအောင် ထိတ်လန့်ချောက်ချား၍နေသည်လေ။



www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com


# အခန်း(၅)

တစ်မြို့ယောက်ထဲ ဆောက်တည်ရာမရအောင် ချောက်ချား၍ နေရသောနေ့ရက်များမှ အမှန်အတိုင်း ဝန်ခံရလျှင် မေလေး ရောက်လာတော့ သူ့အရမ်းကို အားတက်ကာ စိတ်ထဲ ပေါ့ပါးပျော်ရွှင် သွားရပါသည်။

"နေမကောင်းဘူးလား ချမ်း၊ ကျိုးပေါင်းတက်ရင် စည်းတဲ့ သည်စည်းကြီးက ဘာလို့ စည်းထားတာလဲ"

မေလေးက သူ့ကို ဂရုတစိုက် မေးပါသည်။

"အင်း. . . သက်သာလိုသက်သာငြား စည်းထားကြည့်တာပါ"

သူ မရေရာဘဲ ပြန်ဖြေမိသည်။


www.burmeseclassic.com

www.burmeseclassic.com



"အဲ့ဒါကြီး စည်းထားတော့ သက်သာလား"

သူ ဟင့်အင်း ဆိုတဲ့သဘော မေလေးကို လက်ခါပြလိုက်သည်။

"ဆေးခန်းရော သွားပြပြီးပြီလား"

"ပြပြီးပြီ"

"ဘာဖြစ်တာတဲ့လဲ"

"ဝေဝေဝါးဝါးပါပဲကွာ. . . ဘာမှန်းလဲ မသိဘူး၊ ကိုယ်လည်း စိတ်မရှည်လို့ ထပ်မပြဖြစ်တော့ဘူး"

"ချမ်းကလည်း. . . စိတ်ရှည်မှပေါ့"

သူ့ကို နဲ့စ်မလေး ပြောသော ရှင့်ခန္ဓာကိုယ်ထဲမှာ မကောင်းဆိုးဝါးတစ်ကောင်ကောင် ပူးကပ်နေတာပဲ ဖြစ်ရမယ်ဆိုသောစကားကို မေလေးကို ပြန်မပြောပြရဲပါ။

"ချမ်း ကျောင်းကို မလာတော့ မေလေးက နေမကောင်းဘူးထင်ပြီး စိတ်ပူနေတာ၊ ဖုန်းဆက်တော့လည်း မကိုင်ဘူး၊ ဘယ်တွေ လျှောက်သွားပြီး ဘာတွေ လုပ်နေတာလဲ ချမ်း၊ မေလေးကို ပြောပါဦး"

သူ့ကို မယုံကြည်သလို စိတ်မချသလို မေးလာသော မေလေးကို သူ ဘယ်လိုပြန်ဖြေရမလဲ မသိ။

ကိုယ် မေလေးဆီ လာတယ်။

ကျောင်းကို လာတယ်လို့ ဖြေမိမလို စိတ်ထဲ ဖြစ်ပြီးမှ အဲ့ဒါဟာ တကယ်လား အိပ်မက်လားဆိုတာ သူ သေချာဝေခွဲမရနိုင်တာမို့ ဖွင့်မပြောမိတော့ပါ။

ဒါပေမယ့် စိတ်ထဲ အဲ့ဒီတကယ်လိုလို အိပ်မက်လိုလို အဖြစ်အပျက်ကို ပြန်သတိရလာမိကာ မေလေးကို တုန်လှုပ်စွာ ကြည့်လိုက်မိသည်။

သွေးတွေ. . .



www.burmeseclassic.com

www.burmeseclassic.com



မည်းနက်စေးထန်းနေသော သွေးတွေ။

မျက်လုံးများ၊ နှာခေါင်း၊ နားရွက်နှင့် ပါးစပ်တို့မှ အဆက်မပြတ် ကျလာသောသွေးတွေ။

မေ. . . မေလေး။

မေလေးမျက်နှာပေါ်မှာ မြင်မကောင်းအောင် စီးကျနေသော သွေးများ။

သူ အိပ်မက်လိုလို အဖြစ်အပျက်ကို ပြန်သတိရမြင်ယောင်ကာ ကိုယ်စိရှေ့မှာ ရှိနေသော မေလေးကို ရဲရဲမကြည့်ဝံ့တော့ဘဲ မျက်နှာကို ချောက်ချားစွာ လက်ဝါးနှစ်ဖက်ဖြင့် အုပ်လိုက်မိသည်။

"ချမ်း. . . ဘာဖြစ်လို့လဲဟင်. . . ဘာဖြစ်လို့လဲ"

မေလေး နားမလည်နိုင်စွာ ထိတ်ထိတ်ပျာပျာ မေးသည်။

"ခေါင်းကိုက်လို့ မေလေး. . . စိတ်မပူပါနဲ့၊ ဆေးသောက်လိုက် ရင် သက်သာသွားမှာပါ၊ မေလေး ခဏထိုင်နေရစ်ဦးနော်၊ ကိုယ် ဆေး သောက်လိုက်ဦးမယ်"

"ဟင်. . . အင်း. . အင်း"

သူ မေလေးအနားမှ ကပျာကယာ ထထွက်လာခဲ့သည်။

မေလေး ကြောင်အမ်းအမ်းဖြင့် ကျန်ရစ်ခဲ့လိမ့်မယ် ထင်ပါ သည်။

တကယ်လည်း အနားမှ ထိတ်ထိတ်ပျာပျာ ထွက်သွားသော ချမ်းရဲ့ကျောပြင်ကို နားမလည်နိုင်စွာ မေလေး ကြည့်လိုက်မိသည်။

ချမ်းကြည့်ရတာ တစ်ခုခုကို ချောက်ချားနေပုံပင်။

မေလေး သက်ပြင်းရှိုက်လိုက်မိရင်းမှ ချမ်းရဲ့အံဆွဲကို ဖွင့်လိုက် သည်။

အမြဲတမ်းလည်း ချမ်းရဲ့အခန်းကို ရောက်တိုင်း သည်လိုပဲ ဒီမှာဒီဖွ လျှောက်လုပ်တတ်မြဲပင်။



www.burmeseclassic.com

www.burmeseclassic.com



ဘာရယ်တော့ မဟုတ်။

သို့သော်. . .

ဒီတစ်ခါတော့ အံဆွဲထဲမှာ ချမ်း ဟိုးအောက်ဆုံးထည့်က
သိမ်းထားဟန်ရှိသော ဓါတ်ပုံအိတ်ကို တွေ့လိုက်ရလျှင် စိတ်ထဲ အ
အလျောက် ထင့်ကနဲ ဖြစ်သွားရကာ အလျင်စလို လှမ်းယူကြည့်လိုက်
သည်။

"ဟင်. . ."

ဓါတ်ပုံများကို မြင်လိုက်ရသောအခါ မေလေး မျက်မှော
ကြုတ်ကာ အံ့ဩသွားရသည်။

မမဂျူလိုင် ဘွဲ့ယူသည့်နေ့က မိသားစု ရိုက်ထားသည့်ပုံ။

ဒါနဲ့ ချမ်းပြောတော့ ဒီဖလင်တွေ ပျက်သွားသတဲ့။

ခုတော့. . .

ချမ်း ဘာလို့ ညာတာပါလိမ့်။

မေလေး ဓါတ်ပုံတွေကို မျက်မှောင်ကုတ် ကြည့်မိရင်းက စဉ်
စားမရနိုင်အောင် ဖြစ်နေမိသည်။

ဘာဖြစ်လို့ပါလိမ့်။

ပုံတွေက မကောင်းလို့လား။

အလင်းရောင် ဝင်ထားသလို အဖြူတန်းကြီးက ဓါတ်ပုံကို ဖျ
ဆီးသလို ဖြစ်နေလို့လား။

အဖြူတန်း။

မေလေးသည် ခုမှ ဓါတ်ပုံကို အသေအချာ ကြည့်လိုက်
သည်။

မမဂျူလိုင်တစ်ယောက်ထဲပုံ။

ပြီးတော့ မေလေးနှင့် ညီအစ်မနှစ်ယောက်ပုံ။

ပြီးတော့ မိသားစုပုံ။



www.burmeseclassic.com

www.burmeseclassic.com


သုံးပုံစလုံးမှာ အဖြူတန်းကြီးက ပါနေသည်။

မေလေး ဓါတ်ပုံသုံးပုံလုံးကို အသေအချာ စူးစိုက်ကြည့်မိပြီး တစ်စုံတစ်ခုကို စဉ်းစားလိုက်မိသည်။

ဓါတ်ပုံသုံးပုံစလုံးကို တစ်လက်မစီ ခွာကာ စီလိုက်သည်။

အဖြူတန်းကြီး ကျလာရာနေရာက ဓါတ်ပုံသုံးပုံလုံးမှာ တူညီနေသည်။

ကျောင်းဆောင် အပေါ်ထပ်ဆီက။

နေရာကို အသေအချာ စဉ်းစားကြည့်လိုက်မိတော့ ဓါတ်ခွဲခန်းဆီက ဖြစ်နေသည်။

မေလေး ခေါင်းထဲ တစ်စုံတစ်ခု ထူးခြားသလို ဖျတ်ခနဲ။

ဓါတ်ခွဲခန်း။

မေလေး ဓါတ်ပုံတွေကို ယူကာ ချက်ချင်း မတ်တတ်ထရပ်လိုက်မိသည်။

ပြီးတော့. . .

ချမ်းကိုတောင် နှုတ်မဆက်မိတော့ဘဲ ခြေလှမ်းသွက်သွက်များဖြင့် ထွက်လာခဲ့မိသည်။



www.burmeseclassic.com

www.burmeseclassic.com



"မြော် . . . ဒီတစ်ခါတော့ တစ်ယောက်ထဲပါလား"

ခါတ်ပုံဆိုင်ပိုင်ရှင် အန်ကယ်လ်ကြီးက မေလေးကို တစ်ယောက်ထဲ တွေ့လိုက်ရသောအခါ တအံ့တဩ နှုတ်ဆက်လေသည်။

"ဟုတ်ကဲ့ . . . သူ နေမကောင်းလို့ အန်ကယ်လ်"

"ဆိုစမ်းပါဦး . . . ဘာကိစ္စလဲ၊ အရေးကြီးလို့ပဲ ဖြစ်ရမယ်"

"ဟုတ်ကဲ့"

မေလေးက အိတ်ထဲမှာ အသင့်ယူလာခဲ့သော ဓါတ်ပုံများကို အန်ကယ်လ်ကြီးအား ပြလိုက်သည်။

"ကျွန်မ အဲ့ဒီဓါတ်ပုံသုံးပုံမှာ ကျနေတဲ့ အဖြူတန်းကြီးကို မသက်ာချင်ဘူး အန်ကယ်လ်"

"အင်း . . . အဲ့ဒီတော့ . . . "

အန်ကယ်လ်ကြီးက ဓါတ်ပုံသုံးပုံကို အသေအချာ စူးစိုက်ကြည့်ရင်းက စကားထောက်ပေးသည်။



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်မ အသေအချာ သတိထားကြည့်တော့ ဓါတ်ပုံသုံးပုံစလုံးမှာ အဖြူတန်း ကျတဲ့နေရာက တစ်နေရာထဲ ဖြစ်နေတယ်"

"အင်း. . ."

အန်ကယ်လ်ကြီးက ဓါတ်ပုံသုံးပုံကို တိုက်ကြည့်ကာ မေလေးစကားကို ခေါင်းညိတ်ထောက်ခံသည်။

"အဲ့ဒီအဖြူတန်းကျတဲ့နေရာက ကျောင်းအပေါ်ထပ် ဓါတ်ခွဲခန်းပဲ အန်ကယ်လ်"

အန်ကယ်လ်ကြီးက ဓါတ်ပုံတွေကို ကြည့်နေရာမှ မေလေးကို မော့ကြည့်သည်။

"သေချာလား"

"ဟုတ်ကဲ့"

"အင်း. . . မင်း အဲ့ဒီနေရာကို သိပြီဆိုတော့ ဘာလုပ်ချင်လို့လဲ"

"ကျွန်မစိတ်ထဲမှာ ဒီအဖြူတန်းနဲ့ မေဂျာဂရုဖ်ပုံမှာ ပါတဲ့ မကောင်းဆိုးဝါးနဲ့ ဆက်စပ်မှု ရှိလိမ့်မယ်လို့ ထင်နေတယ်"

"အဲ့ဒီတော့"

"ကျွန်မ အဲ့ဒီနေရာကို သွားကြည့်ဖို့ ဆုံးဖြတ်ထားတယ် အန်ကယ်လ်"

"အိုး. . . တယ်သတ္တိကောင်းတဲ့ မိန်းကလေးပါလား"

အန်ကယ်လ်ကြီးက မျက်ခုံးများ ပင့်ကာ တအံ့တဩ ချီးကျူးပါသည်။

တကယ်တော့ မေလေး ကိုယ့်ကိုယ်ကို သတ္တိမကောင်းမှန်း သိပါသည်။

မတင်မကျဖြစ်နေသည့် ပြဿနာတစ်ခုကို လိုပ်ခဲတည်းလည်း မနေနိုင်လို့သာ အရဲစွန့်ရန် ဆုံးဖြတ်လိုက်မိခြင်း ဖြစ်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



“အန်ကယ်လ် ပြောဖူးတယ်လေ၊ ဝိဉာဉ်တွေဟာ လူသာမန် မျက်စိနဲ့ မမြင်တွေ့နိုင်ပေမယ့် ဓါတ်ပုံရိုက်ရင်တော့ မြင်တွေ့နိုင်တယ် ဆိုတာ”

အန်ကယ်လ်ကြီးက ပြုံးလေသည်။

“အိုကေ. . . သဘောပေါက်ပြီ၊ မင်းက အဲ့ဒီဓါတ်ခွဲခန်းကို သွားပြီး အသေအချာ ဓါတ်ပုံရိုက်တော့မယ်ပေါ့. . . ဟုတ်လား”

“ဟုတ်. . .”

မေလေး မျက်နှာကို ကြည့်ကာ အန်ကယ်လ်ကြီးက အပြုံးဖြင့် ခေါင်းတဆတ်ဆတ်ငြိမ့်လျက်. . .

“အေးလေ. . . ဒါဆိုလည်း အန်ကယ်လ်က တတ်နိုင်သရွေ့ ကူညီပါ့မယ်၊ မင်းကို အန်ကယ်လ် ကင်မရာတစ်လုံး ပေးလိုက်မယ်၊ ပိုလာရွိုက်လို့ ခေါ်တယ်၊ ဓါတ်ပုံ ခုရိုက် ခုထွက်တဲ့ ကင်မရာပေါ့”

“အို. . . အန်ကယ့်လ်ကင်မရာ ပေးလိုက်မယ် ဟုတ်လား”

မေလေး တအံ့တဩ ပြန်မေးလိုက်မိသည်။

“ဒါပေါ့. . . မင်းက အရမ်းကို စိတ်အားထက်သန်နေတော့ အန်ကယ်လ်ကလည်း တတ်အားသရွေ့ ကူညီရမှာပေါ့”

အန်ကယ်လ်ကြီးက ချက်ချင်းထကာ ပိုလာရွိုက် ကင်မရာကို မေလေးအား ထုတ်ပေးပါသည်။

“ကျေးဇူးအများကြီးတင်ပါတယ် အန်ကယ်လ်”

ကူညီတတ်သော အန်ကယ်လ်ကြီးကို မေလေး နှစ်နှစ်ကာကာ ကျေးဇူးတင်လိုက်မိသည်။

“ဟုတ်ပါပြီ. . . မင်းလည်း အောင်မြင်ပါစေ”

အန်ကယ်လ်ကြီးက မေလေးကို ပြန်ဆုတောင်းလေသည်။

အန်ကယ်လ်ကြီးဆီမှ ပိုလာရွိုက်ကင်မရာကို ယူခဲ့ပြီးသည့် နောက် မေလေးရဲ့ခြေလှမ်းများက ကျောင်းဆီသို့ ပေါ့ပါးသွက်လက်



www.burmeseclassic.com

www.burmeseclassic.com



ရှာ. . . သို့သော်. . .

မေလေးရဲ့ခြေလှမ်းများက ကျောင်းအနားသို့ ရောက်လာခဲ့ချိန်မှာတော့ တစထက်တစ လေးလံလာခဲ့ရသည်။

မေလေး တကယ်ပဲ မကောင်းဆိုးဝါးကို ထိပ်တိုက်ရင်ဆိုင်ခဲ့ရလျှင်. . .

ဟင့်အင်း. . . မေလေးသည် အတွေးကို ဆုံးအောင် ဆက်မတွေးရဲ။ ဒီနေရာကို မေလေး အရဲစွန့်ပြီး လာခဲ့ရခြင်းဖြစ်သည်။

ပိတ်ရက်မို့ ကျောင်းထဲမှာ လူသူရှင်းလင်းနေသည်က ပိုပြီး ခြောက်ချားစရာ ကောင်းလို့နေသည်။

ကျောင်းဆောင်တစ်ခုလုံးမှာ တိတ်ဆိတ်ငြိမ်သက်လွန်းလို့ နေသည်။

မေလေး မျက်လုံးစုံမှိတ်ကာ အသက်ကို တဝကြီး ရှိုက်သွင်းလိုက်သည်။

ထို့နောက်. . .

ကျောင်းထဲသို့ တစ်လှမ်းချင်း လှမ်းဝင်လိုက်သည်။

လူတစ်ယောက်မှ မရှိသောကျောင်းကြီးက ခြောက်ခြားဖွယ်ရာ တိတ်ဆိတ်လွန်းနေသည်။

မေလေး ဘေးကို လှည့်ကြည့်လိုက် နောက်ကို လှည့်ကြည့်လိုက်ဖြင့် လှေကားများကို တထိတ်ထိတ်ဖြင့် တက်လာခဲ့မိသည်။

သတိကြီးစွာ ကပ်ထားရသဖြင့် ဇောချွေးများ စိမ့်လာခဲ့ရသည် အထိ. . .

ဓါတ်ခွဲခန်းရှေ့သို့ ရောက်လျှင် ကင်မရာကို တင်းတင်းဆုပ်ကိုင်လျက် တစ်လှမ်းချင်း ဝင်လိုက်သည်။

ကြက်သီးများ စိမ့်ခနဲ။

မေလေး ကတုန်ကယင်ကြီး ဖြစ်လာလျက် တံတွေးတစ်ချက်

www.burmeseclassic.com

www.burmeseclassic.com



မျိုချလိုက်မိသည်။

ဓါတ်ပုံထဲမှာ အဖြူတန်းကြီး ကျဆင်းလာရာ ဓါတ်ခွဲခန်း။

ဒီဓါတ်ခွဲခန်းထဲမှာ မကောင်းဆိုးဝါး တကယ်ပဲ ရှိနေခဲ့သလား။

မကြာခင် အချိန်အတွင်းမှာ အဖြေပေါ်တော့မည်။

လူတစ်ယောက်မှ မရှိသော တိတ်ဆိတ်ခြောက်ကပ်နေသည့် ဓါတ်ခွဲခန်းထဲမှာ ဆေးရည်စိမ်ထားသည့် ပုလင်းများက ပိုပြီးခြောက်ခြားထိတ်လန့်စရာ ကောင်းလို့နေသည်။

အခွေလိုက် ရှိနေသည့်မြွေများ။

ပုတ်သင်ညိုကြီးများ။

အားလုံးမှာ ဆေးရည်စိမ်ထားသည်မို့ ပုလင်းထဲမှာ အကောင်မပျက် ငြိမ်သက်စွာ ရှိနေသည်။

ဖန်ပုလင်းကြီးများထဲမှာ မျက်လုံးကြီးများ ပြူးပြီး ငြိမ်သက်စွာ ရှိနေပုံက အန္တရာယ်ပြုတော့မည့် သက်ရှိသတ္တဝါ အရှင်များအလယ်မှာ တစ်ယောက်တည်း ထီးတည်း ရှိနေရသလို တုန်လှုပ်နေမိသော်လည်း ဆေးရည်စိမ်ပုလင်းများ စီတန်းထားရာတလျှောက် တစ်တန်းပြီးတစ်တန်း တဖျတ်ဖျတ် ဓါတ်ပုံရိုက်နေမိသည်။

ပိုလာရွိုက် ကင်မရာမှာ ခလုတ်နှိပ်ပြီးသည်နှင့် ချက်ချင်း ပုံထွက်လာသည်မို့ မေလေးသည် တစ်ခါရိုက်ပြီးတိုင်း စိတ်လှုပ်ရှားစွာ ထွက်လာသည့်ပုံကို ကြည့်မိသည်။

ဓါတ်ခွဲခန်းတစ်လျှောက် တစ်တန်းချင်း တစ်တန်းချင်း ဖြည်းညင်းစွာ လျှောက်ရင်း ဓါတ်ပုံ တစ်ပုံပြီးတစ်ပုံ ရိုက်ပြီး ပြန်ကြည့်လာခဲ့ရာ ဘာမှ ထူးခြားမှု မရှိ။

ဆေးရည်စိမ်ပုလင်းများပုံသာ ပြန်ထွက်လာခဲ့သည်။

ဓါတ်ခွဲခန်းထဲ၌ သုံးတန်းရှိရာ နောက်ဆုံးအတန်း ရှိရာ အခန်းထောင့်ချိုးဆီအရောက်. . .





"ချက်. . ."

"အံမယ်လေး"

ကင်မရာ ကိုင်ရင်း မေလေးသည် အလန့်တကြား ထအော်လိုက်မိသည်။

မြတ်စွာဘုရား။

ဒါ. . ဒါ ဘယ်လိုဖြစ်ရတာလဲ။

သူမလည်း ခလုတ်မနှိပ်ရပါဘဲ. . ကင်မရာက သူ့အလိုအလျောက်။

မေလေးသည် အထိတ်တလန့်ဖြစ်ကာ ကြောင်အမ်းမှင်သက်နေမိဆဲ. . .

အရှေ့တည့်တည့်ဆီမှ ကန့်လန့်ကာစမှာ ပြတင်းတံခါး ဖွင့်ထားပါဘဲ လေလည်း မတိုက်ပါဘဲ ဖြည်းဖြည်းချင်း လှုပ်ခတ်နေသည်ကို တွေ့လိုက်ရလျှင်. . .

"အ. . ."

ခနဲ တုန်လှုပ်စွာ အော်ကာ မေလေး အလန့်တကြား နောက်ဆုတ်လိုက်မိသည်။

ကင်မရာထဲမှ တိုးထွက်လာခဲ့သော ဓါတ်ပုံမှာ ဆတ်ခနဲ ကြမ်းပြင်ပေါ်သို့ ပြုတ်ကျသွားခဲ့သည်။

မေလေး တုန်လှုပ်ခြောက်ခြားစွာ ဓါတ်ပုံကို ငုံ့ကြည့်လိုက်မိသည်။

ကန့်လန့်ကာစရဲ့ရှေ့မှာ ကောင့်တောင့်ကြီး မတ်တတ်ရပ်နေသော မိန်းကလေးတစ်ယောက်။

ဖွေးဆုတ်ဖြာနှမ်းနေသော အသက်မဲ့ မျက်နှာပေါ်မှာ ညှင်အမှောင်ထဲ၌ တွေ့ရသော ကြောင်ရဲ့မျက်လုံးများလို စိမ်းနက်နေသော မျက်လုံးတစ်စုံကသာ ခြောက်ချားဖွယ်ရာ ထင်ရှားလို့နေသည်။



www.burmeseclassic.com

www.burmeseclassic.com


"ချက်. . . "

"အံမယ်လေး"

ကင်မရာ ကိုင်ရင်း မေလေးသည် အလန့်တကြား ထအော်လိုက်မိသည်။

မြတ်စွာဘုရား။

ဒါ. . ဒါ ဘယ်လိုဖြစ်ရတာလဲ။

သူမလည်း ခလုတ်မနှိပ်ရပါဘဲ. . ကင်မရာက သူ့အလိုအလျောက်။

မေလေးသည် အထိတ်တလန့်ဖြစ်ကာ ကြောင်အမ်းမှင်သက်နေမိဆဲ. . .

အရှေ့တည့်တည့်ဆီမှ ကန့်လန့်ကာစမှာ ပြတင်းတံခါး ဖွင့်ထားပါဘဲ လေလည်း မတိုက်ပါဘဲ ဖြည်းဖြည်းချင်း လှုပ်ခတ်နေသည်ကို တွေ့လိုက်ရလျှင်. . .

"အ. . . "

ခနဲ တုန်လှုပ်စွာ အော်ကာ မေလေး အလန့်တကြား နောက်ဆုတ်လိုက်မိသည်။

ကင်မရာထဲမှ တိုးထွက်လာခဲ့သော ဓါတ်ပုံမှာ ဆတ်ခနဲ ကြမ်းပြင်ပေါ်သို့ ပြုတ်ကျသွားခဲ့သည်။

မေလေး တုန်လှုပ်ချောက်ခြားစွာ ဓါတ်ပုံကို ငုံ့ကြည့်လိုက်မိသည်။

ကန့်လန့်ကာစရဲ့ရှေ့မှာ ကောင့်တောင့်ကြီး မတ်တတ်ရပ်နေသော မိန်းကလေးတစ်ယောက်။

ဖွေးဆုတ်ပြာနှမ်းနေသော အသက်မဲ့ မျက်နှာပေါ်မှာ ညဥ့်အမှောင်ထဲ၌ တွေ့ရသော ကြောင်ရဲ့မျက်လုံးများလို စိမ်းနက်နေသော မျက်လုံးတစ်စုံကသာ ချောက်ချားဖွယ်ရာ ထင်ရှားလို့နေသည်။


www.burmeseclassic.com

www.burmeseclassic.com



အုံမယ်လေး။

ဘုရား. . . ဘုရား။

မကောင်းဆိုးဝါးက သူမရဲ့ရှေ့တည့်တည့်မှာ။

သာမန်မျက်စိဖြင့် မမြင်တွေ့ရဘဲ ဓါတ်ပုံထဲမှာ တပ်အပ်မြင်တွေ့လိုက်ရသောအခါ. . .

ကိုယ်သိချင်သော ပြဿနာတစ်ခုကို သေချာစွာ သိလိုက်ရပြီသော်လည်း. . .

မလေးမှာ မကောင်းဆိုးဝါး တပ်အပ်ရှိနေတာ သိလိုက်ရပြီသော ဓါတ်ခွဲခန်းထဲမှာ ဘယ်လိုမှ တစ်ယောက်ထဲ ဆက်မနေရဲတော့ဘဲ ကင်မရာကို တင်းတင်းဆုပ်လျက်က အားကုန်ထွက်ပြေးလာခဲ့မိသည်။

သူမ အခန်းပြင် မရောက်မီမှာပင်. . .

"ခွမ်း. . ."

ခနဲ တစ်စုံတစ်ခု ကျကွဲသံကြောင့် မလေး ခြေလှမ်းများတန့်ကာ လှည့်ကြည့်လိုက်မိသည်။

ဘယ်လောက် အံ့ဩစရာကောင်းတဲ့အဖြစ်လဲ။

ဒီအခန်းထဲမှာ သူမတစ်ယောက်တည်း ရှိပါလျက် ဒီအဖြစ်အပျက်ဟာ. . .

မလေး အလန့်တကြား လှည့်ကြည့်လိုက်မိသောအခါ. . .

နံရံပေါ်မှာ ချိတ်ဆွဲထားသော မှန်ဘောင်သွင်း ဓါတ်ပုံများထဲမှ ဘယ်သူတစ်ဦးတစ်ယောက်၏ ပယောဂကြောင့်မှ မဟုတ်ဘဲ ကြမ်းပြင်ပေါ်သို့. . အလိုအလျောက် ပြုတ်ကျကာ မှန်များ ကွဲကြေသွားခဲ့သော ဓါတ်ပုံတစ်ပုံ။

မလေး ကြောက်စိတ်များ ဆူပွက်လျက်က စိတ်ကို ထိန်းချုပ်ကာ ဓါတ်ပုံကို အနီးကပ် သွားကြည့်မိသည်။

ဓါတ်ပုံက ကျောင်းသူတစ်ယောက် ဆုယူနေသည့်ပုံ။



www.burmeseclassic.com

www.burmeseclassic.com



ပျော့စင်းသော ဆံပင်ရှည်လေးများကို ဖားလျားချထားသော ကျောင်းသူကလေးမှာ မျက်နက်ဝန်းကလေးနှင့် နှာတံချွန်ချွန် နှုတ်ခမ်းထူထူစုစုကလေးနှင့် ချစ်စဖွယ် ပျိုမြစ်လို့နေသည်။

ဒါ. . . ဘယ်သူပါလိမ့်။

မေလေး ဓါတ်ပုံအောက်နားမှ စာတန်းကို ကမန်းကတန်း ဖတ်ကြည့်လိုက်သည်။

မလပြည့်ဝန်း။

မလပြည့်ဝန်း. . မလပြည့်ဝန်း ဆိုပါလား။

ခုနှစ်ကို ကြည့်လိုက်တော့ စီနီယာ ဖြစ်နေသည်။

ဒီဓါတ်ပုံဟာ ဘာဖြစ်လို့ သူ့အလိုအလျောက် ကြမ်းပြင်ပေါ်ကို ပြုတ်ကျရတာလဲ။

ခုနက ဓါတ်ပုံထဲမှာ ပေါ်လာတဲ့ မကောင်းဆိုးဝါးမနဲ့ တစ်စုံတစ်ခု ဆက်သွယ်မှုများ ရှိနေသလား။

အတွေးအဆုံး၌ မေလေး ခေါင်းတစ်ခုလုံး အဆမတန် ကြီးသွားသလို ခံစားလိုက်ရကာ ကြက်သီးများလည်း တဖြန်းဖြန်း ထသွားရသည်။

ချက်ချင်း ဓါတ်ခွဲခန်းထဲမှ ကြောက်လန့်တကြား ထွက်ပြေးလာခဲ့မိသော်လည်း. . .

လပြည့်ဝန်း. . .

ဆိုသော နာမည်တစ်ခုက မေလေးရဲ့စိတ်အာရုံထဲ စူးနစ်စွာ ထိုးတက်ပါလာခဲ့လေသည်။



www.burmeseclassic.com

မေလေး ငြိမ်းချမ်းအေးအိမ် ပြန်ရောက်တော့ ဓါတ်ခွဲခန်းထဲမှာ ဖြစ်ခဲ့သော အကြောင်းအရာကို ချမ်းအား ပြောပြရန် ပြင်ပြီးတော့မှ မျက်နှာမသာယာဖြစ်နေသော ချမ်းကိုကြည့်ကာ နောက်မှပြောရန် စိတ်ထဲ ထားလိုက်မိတော့သည်။

ကျီးပေါင်းဝေဒနာရှင်များ သုံးသော လည်ပင်းအပတ်ကို ပတ်ထားသော ချမ်းမှာ စာအုပ်စင်ကို ဟိုဖွသည်ဖွနှင့် အလုပ်တွေ ရှုပ်နေသည်။

“ဘာရှာနေတာလဲ ချမ်း”

“ဓါတ်ပုံအဟောင်းတွေပါ၊ ဘယ်နား ထားမိသလဲ မသိဘူး”

“ဘယ်လိုပုံလဲပြော. . . မေလေး ဝိုင်းရှာပေးမယ်”

ချမ်းမျက်နှာ ဖျတ်ခနဲ ပျက်သွားတာ မေလေး သတိထားလိုက်မိသည်။

“ရတယ် မေလေး၊ သူငယ်ချင်းတွေ ရိုက်ထားတဲ့ပုံပါ၊ ဇော်သွန်းလိုချင်တယ်ဆိုလို့”

www.burmeseclassic.com


ချမ်း တစ်ခုခုကို လှို့ဝှက်ဖုံးကွယ်ထားသလို မေလေး ထင်မိသည်။

ချမ်းမျက်နှာက မရိုးသားဘူး။

မေလေးသည် မသိချင်ယောင် ဆောင်လျက်က. . .

"ပျင်းလိုက်တာ. . . ဘာစာအုပ်တွေ ရှိလဲ၊ အပျင်းပြေလေး"

"ဟိုဘက်ထောင့်မှာ မဂ္ဂဇင်းတွေ ရှိတယ်"

"စားပွဲပေါ်မှာလား"

"ဟုတ်တယ်"

မေလေး ချမ်းအနားက ထွက်လာခဲ့ပြီး စားပွဲဆီ လျှောက်လာခဲ့မိသည်။

မဂ္ဂဇင်းအဟောင်းတွေကို အပျင်းပြေ လှန်လှောကြည့်ရင်း စာအုပ်ကြားထဲမှ ဓါတ်ပုံနှစ်ပုံ ထွက်ကျလာခဲ့သည်။

ပထမတစ်ပုံမှာ အုပ်စုပုံ။

ဒုတိယတစ်ပုံမှာ နှစ်ယောက်ထဲပုံ။

မေလေးသည် ဓါတ်ပုံနှစ်ပုံကို ကြည့်ရင်း. . အလန့်တကြား မအော်လိုက်မိအောင် ကိုယ့်ကိုယ်ကို မနည်းထိန်းချုပ်လိုက်ရသည်။

ချမ်း၊ ဇော်ထွန်း၊ နိုင်ကြီး၊ ဖိုးညီတို့ သူငယ်ချင်းတစ်စု ရိုက်ထားသည့်ပုံမှာရော. . .

ချမ်းနှင့် နှစ်ယောက်ထဲ ရိုက်ထားသည့်ပုံမှာရော. . .

တွဲရိုက်ထားသည့် မိန်းကလေးတစ်ယောက်မှာ ဓါတ်ခွဲခန်းထဲမှာ ပြုတ်ကျသည့် မှန်ဘောင်သွင်း ဓါတ်ပုံထဲက မိန်းကလေး ဖြစ်နေသည်က မေလေးအတွက် အရမ်းကို ထိတ်လန့်ချောက်ခြားဖွယ်ရာ ဖြစ်နေရတော့သည်။

လပြည့်ဝန်း။

ချမ်းနှင့် ဘယ်လိုပတ်သက်ခဲ့တာလဲ။


www.burmeseclassic.com

www.burmeseclassic.com



မေလေးသည် ဓါတ်ပုံထဲမှ လပြည့်ဝန်းဆိုသော မိန်းကလေးကို ကြည့်ရင်း ကြက်သီးများ တဖြန်းဖြန်း ထနေမိချိန်. . .

"ငြိမ်းချမ်း"

ဆိုသော ကြောက်မက်ဖွယ်ရာ အသံနက်ကြီးနှင့်အတူ. . .

အခန်းထဲ တရှိန်ထိုး ပြေးဝင်လာခဲ့သူမှာ. . .



www.burmeseclassic.com

www.burmeseclassic.com


ငြိမ်းချမ်းနှင့်မေလေး နှစ်ယောက်စလုံး အလန့်တကြား လှည့်ကြည့်လိုက်မိသည်။

"ဇော်ထွန်း"

တရှိန်ထိုး ပြေးဝင်လာခဲ့သော ဇော်ထွန်းကို ငြိမ်းချမ်းက ဆီးဖမ်းထားကာ. . .

"ဘာဖြစ်တာလဲ. . . မင်း ဘာဖြစ်လာပြန်တာလဲ၊ ပြောစမ်း ဇော်ထွန်း"

"သူ. . သူ. . လာ. . လာ. . ဓါတ်ပုံလာတောင်းနေတယ်"

ဇော်ထွန်းမှာ ပြူးကြောင်နေသော မျက်လုံးအစုံနှင့် ခွေးမျှား ခွဲနှစ်ကာ မောဟိုက်နေသည့်ကြားက အားယူပြီး တစ်လုံးချင်း အဆက် အစပ်မဲ့စွာ ပြောနေသည်။

ဓါတ်ပုံ။

ဇော်ထွန်းဆီမှ ကြားလိုက်ရသော စကားကြောင့် လက်ထဲမှ ဓါတ်ပုံနှစ်ပုံကို မေလေးသည် ဘယ်သူမှ မသိအောင် ကမန်းကတန်း


www.burmeseclassic.com

www.burmeseclassic.com



အိတ်ထဲ ထည့်လိုက်မိသည်။

"ဇော်ထွန်း သတိထားစမ်းပါ၊ စိတ်အေးအေးထားစမ်းပါ၊ လာ. . . အေးအေးဆေးဆေး ထိုင်ပြီး စကားပြောရအောင်"

ငြိမ်းချမ်းက ဇော်ထွန်းကို ပခုံးဖက်ကာ ဆက်တီထိုင်ခုံဆီ ခေါ်လာခဲ့သည်။

ဇော်ထွန်းမှာ ငြိမ်းချမ်းမျက်နှာကို မော့ကြည့်သည့် အခိုက်အတန့်မှာ မကောင်းဆိုးဝါးတစ်ကောင်ကို တွေ့မြင်လိုက်ရသလို. . .

"အား. . . နင်. . နင်. . သရဲမ. . "

သွေးပျက်ချောက်ခြားစွာ အော်ကာ ငြိမ်းချမ်းလက်များထဲမှ အတင်းရုန်းကန်ပြီး ဝရန်တာဆီ သွေးရူးသွေးတန်း ထွက်ပြေးသွားလေတော့သည်။

"အား. . . "

"ဟာ. . . ဇော်ထွန်း. . ဇော်ထွန်း"

ငြိမ်းချမ်းဆီမှ အော်သံမှာ တုန်လှုပ်ခြင်းဖြင့် လှိုက်ခါနေခဲ့သည်။

မေလေးလည်း မကြည့်ရဲစွာ မျက်လုံးအစုံကို ယောင်ယမ်းမှိတ်လိုက်မိသည်။



www.burmeseclassic.com

www.burmeseclassic.com



ဝရန်တာလက်ရန်းကို တုန်ယင်သော လက်အစုံဖြင့် ဆုပ်ကိုင်လျက် တိုက်အောက်ကို ငုံ့ကြည့်ပြီး ကြေကွဲစွာ ငိုကြွေးနေသော ချမ်းကို မေလေးသည် ပခုံးကို ဆုပ်ကိုင်လျက် အားပေးနှစ်သိမ့်နေမိသည်။

ရုပ်ပျက်ဆင်းပျက် ငြိမ်သက်သေဆုံးသွားခဲ့သော ဇော်ထွန်း အလောင်းကို ငုံ့ကြည့်ပြီး မေလေးကိုယ်တိုင်လည်း မယုံကြည်နိုင်အောင် ဖြစ်နေခဲ့ရသည်။

ဘယ်လိုဖြစ်သွားခဲ့ရတာလဲ။

မျက်စိရှေ့တင် လျှပ်တပြက်ဆန်လွန်းလှစွာ။

တုန်လှုပ်ချောက်ခြားစရာ အတိလည်း ဖြစ်လို့နေသည်။

“ဇော် . . . ဇော်ထွန်း သူငယ်ချင်းရယ်၊ မင်း မင်း ငါ့ဆီ လာပြီးတော့ . . ခု . . . ခုလို အသေဆိုး”

ငြိမ်သက်နေပြီဖြစ်သော သူငယ်ချင်းဖြစ်သူကို ငုံ့ကြည့်ကာ ဆုံးအောင် မရေရွတ်နိုင်တော့ဘဲ ငြိမ်းချမ်း ကြေကြေကွဲကွဲ နင့်နင့်သီးသီး ငိုကြွေးလိုက်မိတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



တသိမ့်သိမ့် ခါနေသော ချမ်းရဲ့ကျောပြင်ကို မေလေး ငြင်သာစွာ ပုတ်ရင်း ခပ်တိုးတိုး ပြောလိုက်မိသည်။

"တိုက်အောက် ဆင်းရအောင် ချမ်း၊ မပွံ့ဆီ မေလေး ဖုန်းဆက်ပြီး အကြောင်းကြားထားတယ်၊ သူ ထွက်လာနေပြီ၊ သူ့ကို မေလေးတို့ အားပေးကြရအောင်နော်"

ချမ်း နင့်သီးစွာ ရှိုက်ရင်းက ခေါင်းညိမ့်ပြသည်။

မေလေး ချမ်းကို လက်တွဲခေါ်ရင်းက တိုက်အောက်ကို ဖြည်းညင်းစွာ ဆင်းလာခဲ့မိသည်။

တိုက်အောက်ရောက်တော့ ကြေကွဲလွယ်သော ချမ်းကို ဇော်ထွန်းအလောင်းအား မကြည့်စေတော့ဘဲ ဇော်ထွန်း အမျိုးသမီး ပွံ့ပွံ့အား ကြိုရန် ဝင်းတံခါးဝဆီ ခေါ်လာခဲ့မိသည်။

သိပ်မကြာခင်မှာပင် ဇော်ထွန်းအမျိုးသမီး ပွံ့ပွံ့ ရောက်လာခဲ့ပြီး ရှိုက်ကြီးတငင် ငိုကြွေးရင်းက. . .

"ဘယ်လိုဖြစ်ရတာလဲ ငြိမ်းချမ်းရယ်၊ ကျွန်မဖြင့် ဘယ်လိုမှ မယုံနိုင်အောင်ဘဲ၊ ဘယ်လိုဖြစ်ရတာလဲ ပြောပါဦး"

"ရုတ်တရက်ကြီး ဖြစ်သွားခဲ့ရတာပဲဗျာ၊ ကျွန်တော့်မျက်စိရှေ့မှာတင် ဖြစ်သွားခဲ့ပေမယ့် ကျွန်တော်ကိုယ်တိုင်လည်း ခုချိန်ထိ မယုံနိုင်အောင်ပါပဲ၊ ကျွန်. . . ကျွန်တော် သူ့ကို မတားလိုက်နိုင်ဘူးဗျာ၊ ကျွန်တော် သူငယ်ချင်းကောင်း မပီသခဲ့ဘူး"

"ငြိမ်းချမ်းရယ်. . . တကယ်တော့ ကျွန်မလည်း ပေါ့ဆခဲ့မိတာပါ၊ ဒီလိုဖြစ်လာနိုင်တယ်လို့ ကြိုသိခဲ့ရဲ့သားနဲ့"

ယူကြုံးမရစွာ ရှိုက်ငိုရင်း ပြောလိုက်သော ဇော်ထွန်းအမျိုးသမီးရဲ့စကားကြောင့် မေလေးနှင့်ချမ်းမှာ နားမလည်နိုင်စွာ အံ့အားသင့်သွားရသည်။

"ဗျာ. . . ဘယ်လို. . . ဒီလိုဖြစ်လာနိုင်တယ်ဆိုတာ ပွံ့ပွံ့က



www.burmeseclassic.com

www.burmeseclassic.com



ကြိုသိခဲ့တယ် ဟုတ်လား"

ငြိမ်းချမ်း ပြန်မေးလိုက်ပုံက အထိတ်တလန့် အံ့အားသင့်လွန်းစွာ။ ပုံ့ပုံ့မှာ ဖြေမဆည်နိုင်အောင် သည်းထန်စွာ ငိုကြွေးလျက်က. .

"ရှင် မသိဘူးလား ငြိမ်းချမ်းရယ်၊ နိုင်ကြီးနဲ့ဖိုးညီ လွန်ခဲ့တဲ့ နှစ်ရက်လောက်ကပဲ ရွှေ့ဆင့်နောက်ဆင့် တိုက်ပေါ်က ခုန်ချလို့"

"ဟင်. . . ဘာ. . ဘာ. ."

"တိုက်ပေါ်က ခုန်ချတယ် ဟုတ်လား"

ပုံ့ပုံ့စကားကို မယုံနိုင်လွန်းစွာ ငြိမ်းချမ်းရော မေလေးရော ထိတ်လန့်သွားကြရသည်။

"ဟုတ်ရဲ့လား ပုံ့ပုံ့ရယ်၊ ကျွန်တော်တော့ မယုံနိုင်အောင်ပဲဗျာ၊ ကျွန်တော့်ကို ဘာလို့ မပြောကြတာလဲဗျာ"

"ရှင့်ဆီ ဖုန်းဆက်ပါတယ် ငြိမ်းချမ်းရယ်၊ ရှင်မှ ဖုန်းမကိုင်တာ"

ငြိမ်းချမ်းရဲ့မျက်ခုံးများ စူးကုပ်သွားသည်။

"ကျွန်တော် ဘယ်မှမသွားပါဘူး၊ အိမ်မှာပဲ ရှိပါတယ်"

"ချမ်း ဖုန်းများ ပျက်နေသလား"

မေလေးပါ မရေမရာ ဝင်ပြောမိသည်။

"ဟင့်အင်း. . . ဖုန်းက ကောင်းပါတယ်၊ ဘာမှ မဖြစ်ပါဘူး ဘာလို့ မပြည်တာလဲ"

မေလေးသည် ဒီကိစ္စကို သွေးရိုးသားရိုး မဟုတ်တော့ဘူးလို့ ထင်မိဆဲ. . ပုံ့ပုံ့ ပြောလိုက်သော သတိပေးစကားကြောင့် နှစ်ယောက်စလုံး အကြောက်ကြီး ကြောက်သွားခဲ့ရသည်။

"ရှင်လည်း သတိထားနေပါ ငြိမ်းချမ်း၊ ကျွန်မ တကယ် စေတနာနဲ့ သတိပေးတာပါ၊ ရှင်တို့ သူငယ်ချင်းလေးယောက်ဟာ တစ်စုံ တစ်ခုကို ပြစ်မှားစော်ကားခဲ့လို့ ကျိန်စာသင့်နေတယ်လို့ ကျွန်မ ထင် တယ်. . .



www.burmeseclassic.com

www.burmeseclassic.com



အခု နိုင်ကြီး ဖိုးညီနဲ့ ဇော်ထွန်းတို့ သုံးယောက်စလုံး တိုက်ပေါ်ကနေ ကိုယ့်ဘာသာ သေကြောင်းကြံ ခုန်ချပြီး အသေဆိုးနဲ့ သေကြရတာ. . .

အဖြစ်အပျက်တွေက တိုက်ဆိုင်လွန်းနေတယ်၊ ရှင်မယုံချင်လို့ မဖြစ်ဘူး၊ ကျွန်မ ပေါ့ဆလို့ ကျွန်မအမျိုးသား ခုလို မဖြစ်သင့်ဘဲ ဖြစ်ရတာ. . .

ကျွန်မ သတိပေးချင်တာက ဒီတစ်ခါ ရှင့်အလှည့်ပဲ ဖြစ်လိမ့်မယ်"

"ဘာ. . ."

"ရှင်. . ."

ပွံ့ပွံ့ရဲ့ရှည်လျားလှသော စကားဆုံးလျှင် နှစ်ယောက်သား မျက်နှာများ ထိန်းချုပ်မရအောင် ပျက်ယွင်းသွားရကာ အရမ်းထိတ်လန့်သွားရတော့သည်။

"မေလေး. . . ငြိမ်းချမ်းကို ပိုပြီး ဂရုစိုက်ပါ၊ ကျွန်မ. . ကျွန်မကတော့ အရာအားလုံး နောက်ကျ. . ."

ပွံ့ပွံ့စကားမဆက်နိုင်တော့ဘဲ သည်းထန်စွာ ငိုကြွေးလေတော့သည်။

ငြိမ်းချမ်းနှင့်မေလေးလည်း ကြိုတင်မမြင်နိုင်သော ကံကြမ္မာတစ်ရပ်ကို ထိတ်လန့်တုန်လှုပ်စွာ ငြိမ်သက်တိတ်ဆိတ်သွားမိတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



မုံပွဲ သတိပေးခဲ့သည့်စကားကြောင့် မေလေးရင်ထဲမှ သံသယများမှာ ပိုမိုကြီးထွားလာရလျက်. . မေလေးသည် နောက်ဆုံးမှာ အသေဆိုးဖြင့် သေဆုံးခဲ့ရသည့် သူငယ်ချင်းများအတွက် ကြေကွဲဖြေမဆည်ဖြစ်နေသည့် ချမ်းရဲ့ခံစားချက်ကို ဂရုမစိုက်နိုင်တော့ဘဲ. . .

"ချမ်း. . . ချမ်းကို မေလေး မေးစရာတစ်ခု ရှိတယ်"

မေလေး တိုးညင်းစွာ စကားစလိုက်မိလျှင်. . ချမ်းက မေးဆိုသည့် သဘော မေးဆတ်ပြလေသည်။

"ဒီဓါတ်ပုံတွေထဲက လပြည့်ဝန်းဆိုတဲ့ မိန်းကလေးက ချမ်းနဲ့ ဘယ်လိုပတ်သက်ခဲ့သလဲ၊ မေလေး အမှန်အတိုင်း သိပါရစေ"

မေလေးက လပြည့်ဝန်းနှင့် ချမ်း နှစ်ယောက်ထဲ ရိုက်ခဲ့သည့် ဓါတ်ပုံရော ချမ်းတို့ အုပ်စုလိုက် ရိုက်ခဲ့သည့်ဓါတ်ပုံကိုရော ချမ်းရှေ့ ထုတ်ပြကာ မေးလိုက်သည်။

ချမ်းသည် လုံးဝ ထင်မှတ်မထားသော မေးခွန်းကြောင့် အံ့အား



www.burmeseclassic.com

www.burmeseclassic.com



သင့် ထိတ်လန့်တကြား ဖြစ်သွားခဲ့ရပြီး. . .

"မေလေး ဒီဓါတ်ပုံတွေ ဘယ်ကတွေ့"

"မေလေး မေးတာသာ ဖြေပါလား ချမ်းရယ်၊ လပြည့်ဝန်းဆိုတဲ့ မိန်းကလေးက ချမ်းနဲ့ ဘယ်လိုပတ်သက်ခဲ့သလဲဆိုတာပဲ မေလေး သိချင်ပါတယ်"

မေလေးသည် သိချင်စိတ် စောလွန်းစွာ နောက်တစ်ကြိမ် ထပ်မေးလိုက်မိသည်။

ချမ်းရဲ့မျက်နှာမှာ ဟန်မဆောင်နိုင်လောက်အောင် ပျက်ယွင်းသွားရကာ. . .

"မေလေးက နာမည်တောင် သိနေမှပဲ၊ အင်းလေ. . မေလေး အရမ်းသိချင်နေတော့လည်း ကိုယ် ပြောပြပါ့မယ်၊ လပြည့်ဝန်းနဲ့ကိုယ် တစ်ချိန်က ချစ်သူတွေ ဖြစ်ခဲ့ကြဖူးပါတယ်"

"ဩ. . ."

မေလေးသည် သိချင်လွန်းလှသောအဖြေကို သေသေချာချာ သိလိုက်ရပြီး ဖြစ်သော်လည်း ဘာဖြစ်လို့မှန်းမသိ ဝမ်းနည်းသွားမိသည်။

မေလေးအတွက် ချမ်းဟာ အချစ်ဦး ဖြစ်ခဲ့သော်လည်း မေလေးကတော့ ချမ်းရဲ့အချစ်ဦး မဟုတ်ခဲ့ဘူးပေါ့။

ဘာပဲဖြစ်ဖြစ် အချစ်ဆုံး ဖြစ်ခွင့်ရလျှင် မေလေး ကျေနပ်ဖို့ ကြိုးစားရမည်ပင်။

မေလေးသည် သက်ပြင်းလေး ခိုးရှိုက်လိုက်မိသည်။

လပြည့်ဝန်းဆိုတဲ့ မိန်းကလေးတစ်ယောက်အကြောင်း သိချင်စိတ်က ရင်ထဲမှာ ထိန်းချုပ်မရအောင် ရုန်းကြွလို့ လာခဲ့သည်မို့. . .

"မေလေးကို သူ့အကြောင်း ပြောပြပါလားဟင် ချမ်း"

"ဘာဖြစ်လို့ စိတ်ဝင်စားရတာလဲ မေလေးရယ်"

"မေလေး သိချင်လို့ပါ"



www.burmeseclassic.com

www.burmeseclassic.com



"မေလေး ခံစားနေရမှာပေါ့"

"ဟင့်အင်း. . . ပြောပြပါ၊ မေလေး သိချင်တယ်"

ချမ်း မပြောပြချင်မှာစိုး၍ မေလေး ညာလိုက်မိသည်။

ခုချိန်မှာ ခံစားရလျှင်လည်း မေလေး ဘာမှ တတ်နိုင်တော့တာမှ မဟုတ်တာ။ ဘာပဲဖြစ်ဖြစ် ခုချိန်မှာ ငြိမ်းချမ်းအေးဆိုတာ မေလေး တစ်ယောက်ထဲရဲ့ချစ်သူသာ ဖြစ်သည်လေ။

ချမ်းရဲ့အတိတ်သည် မေလေးနဲ့ မသက်ဆိုင်ပါ။

ချမ်းရဲ့မျက်လုံးများမှာ ဟိုးအဝေးဆီသို့ ရီဝေစွာ ငေးမောသွားသည်။

"ပြည့်ပြည့်က အရမ်းအေးတယ်"

ချမ်းက စကားစသည်။

ပြည့်ပြည့်ဆိုသော အဖျားဆွတ် ခေါ်ပုံကြောင့် မေလေး အသည်းနှလုံးက ဆတ်ခနဲ ဖြစ်သွားခဲ့ရသည်။

"အပေါင်းအသင်းလည်း မရှိရှာဘူး၊ အမြဲတမ်း တစ်ယောက်ထဲပဲ သီးသန့်နေတတ်တယ်၊ စတော့ အရမ်းတော်တယ်၊ သူ့ဆီမှာ ကိုယ်နားမလည်တဲ့ လက်ချာတွေ သွားမေးရင်းနဲ့ သူနဲ့ကိုယ် ရင်းနှီးခဲ့ကြတယ်"

ချမ်းအသံက တစထက်တစ တိုးလျသွားသည်။

ဟိုးအဝေးဆီက လွင့်မျောလာသလို။

မေလေးကတော့ ချစ်သူရဲ့အချစ်ဦးအကြောင်းကို နာကျင်နွမ်းလျသော နှလုံးသားဖြင့် နားထောင်နေမိသည်။

"အပေါင်းအသင်း မရှိတဲ့ သူ့ကို ကိုယ်သနားပြီး အဖော်လုပ်ပေးမိတယ်၊ ဝန်ခံပါတယ်. . . အဲဒါ ကိုယ်မှားသွားတဲ့အချက်ပဲ"

"သူ ကိုယ့်ကို အရမ်းသံယောဇဉ် တွယ်သွားရှာတယ်. . . အရူးအမူးပဲ၊ ကိုယ့်ကို သူ အရူးအမူးကို ချစ်ရှာတာ"



www.burmeseclassic.com

www.burmeseclassic.com



အတိတ်ဆီသို့ ပြန်ရောက်နေသည့် ချမ်းရဲ့မျက်ဝန်းများက ဂရုဏာရိပ်များ လွှမ်းလို့နေလေသည်။

သူက ချမ်းကို အရူးအမူး ချစ်ရှာသတဲ့လား။

ဒါဆို မေလေးကရော. . .

ဟင့်အင်း။

မေလေး ဆက်မတွေးမိအောင် ကိုယ့်ကိုယ်ကို ဟန်ဆောင် ထိန်းချုပ်နေမိသည်။

"သူ ကိုယ့်ကို သိပ်ချစ်မှန်း သိရလေ သူ့ကို ကိုယ် သနားရလေပဲ၊ ဘာဖြစ်လို့လဲ သိလား"

ဘယ်သိမှာလဲ ချမ်းရယ်။

မေလေးက တိတ်ဆိတ်စွာ ခေါင်းယမ်းပြလိုက်မိသည်။

ချမ်းက သူ့မေးခွန်းကို သူ့ဘာသာပဲ တိုးလျစွာ ပြန်ဖြေခဲ့ပါသည်။

"ကိုယ် သူ့ကို မချစ်ဘူးလေ"

အို. . .။ ဒါဟာ အမှန်တရားတဲ့လား။

ဘာပဲဖြစ်ဖြစ် မေလေးရဲ့နှလုံးသားဟာ ပေါ့ပါးသွားရသလိုပင်။

"ကိုယ် သူ့ကို တကယ်မချစ်ဘဲ သနားတာသက်သက်နဲ့ တွဲမိတာ သိပ်မှားသွားမှန်း သိလိုက်တဲ့အချိန်မှာ ကိုယ်ဘာလုပ်ခဲ့လဲ သိလား"

ဒုတိယအကြိမ်မြောက် ချမ်း မေးပြန်သည်။

မေလေး ဘာမှ ပြန်မဖြေဘဲ တိတ်ဆိတ်စွာသာ နေမိသည်။

ချမ်းက နာကျင်စွာ ပြုံးလိုက်ရင်းမှ အေးစက်စွာ တစ်လုံးချင်း ပြောလေသည်မှာ. . .

"ကိုယ် သူ့ကို ငဲ့ညှာစွာ အဆက်ဖြတ်လိုက်တယ်"

အိုး. . .။

မေလေးသည် ချမ်းကို ရက်စက်တယ်လို့ စွပ်စွဲရမလား၊ ဘယ်



www.burmeseclassic.com

www.burmeseclassic.com



လိုပြောရမှန်း မသိနိုင်တော့ဘဲ အံ့အားသင့်ရုံသာ တတ်နိုင်တော့သည်။

"ကိုယ့်စေတနာကို မသိနားမလည်တဲ့ သူကတော့ ကိုယ့်ကို ခါးသီးတဲ့ စကားလုံးတွေနဲ့ ပြင်းပြင်းထန်ထန် စွပ်စွဲတော့တာပဲ၊ ကိုယ်က သူ့ကို အပျော်တွဲခဲ့တာတဲ့၊ ကိုယ်ဘာမှ ပြန်မဖြေရှင်းခဲ့ဘူး၊

ဒါပေမယ့် ပြတ်လက်စနဲ့ ပြတ်အောင်တော့ သူ့ကို လုံးဝ ရှောင်နေခဲ့မိတယ်၊ တစ်နေ့မှာတော့ သူ ကိုယ့်ကို မတွေ့တွေ့အောင် ရှာပြီး လာတွေ့တယ်၊ သိပ်ကို တုန်လှုပ်ဖို့ကောင်းတဲ့ အဖြစ်အပျက်ပဲ၊ အဲဒီနေ့က အဖြစ်ကို ခုထိ ကိုယ်မမေ့သေးဘူး"

ချမ်းရဲ့မျက်လုံးများမှာ အရည်ကြည်တစ်မျိုး ဖုံးလွှမ်းကာ လဲ့နေသည်။ မျက်ရည်တွေလားလို့ မေလေး မတွေးချင်ပါ။

လှိုက်ခါနေသော ချစ်သူရဲ့အသံကတော့ ခါးသီးနာကျင်နေမှန်း သိသာစေသည်လေ။

"ကိုယ့်ကို သူ တောင်းပန်တယ်၊ သူ့ကို မထားခဲ့ပါနဲ့တဲ့၊ ကိုယ်သည်း ခါးခါးသီးသီးပဲ ငြင်းလိုက်မိတယ်၊ သူ ဘာပြောပြော ကိုယ်နားမထောင်တော့ဘူး၊

အဲ့ဒီတော့ နောက်ဆုံးလက်နက်အဖြစ် သူ ကိုယ့်ကို ဘယ်လို ခြိမ်းခြောက်သလဲ သိလား"

မေလေးသည် ခေါင်းလည်းမညိတ် ခေါင်းလည်းမခါဘဲ ချမ်းစကားကို မကြားလိုက်ရမှာစိုးသလို ငြိမ်သက်စွာ နားထောင်နေမိသည်။

"သူ . . သူ. . သူ့ကိုယ်သူ သတ်သေမယ်တဲ့"

လှိုက်ခါနေသော ချမ်းရဲ့အသံမှာ တိမ်ဝင်သွားလေတော့သည်။

မေလေးသည် ငြိမ်သက်နေမိရာမှ. . .

"သူ ဘာဖြစ်သွားလဲဟင် ချမ်း"

မေလေး အလောတကြီး မေးလိုက်မိသည်။

ချမ်းက မျက်နှာကို လက်ဝါးနှစ်ဖက်ထဲ အချိန်အကြာကြီး



www.burmeseclassic.com

www.burmeseclassic.com



မျှောက်နှစ်ကာ ငြိမ်သက်နေခဲ့ပြီးမှ အသံအက်အက်ဖြင့်. . .

"မတွေ့တော့ဘူး. . . သူ ပျောက်သွားခဲ့တယ်"

"အို. . . "

"ကိုယ် သူ့ကို မချစ်ခဲ့ဘူး၊ ဒါပေမယ့် ကိုယ် သူနဲ့ တွဲခဲ့မိတာ သူ့အပေါ် အပြစ်တစ်ခု ကျူးလွန်ခဲ့သလို ကိုယ့်ကိုယ်ကို နောင်တ မဆုံးဘူး၊ ကိုယ်ဟာ ယောကျ်ားမပီသတဲ့ လူတစ်ယောက်လားဟင် မေလေး"

"ချမ်းရယ်. . . "

မေလေးသည် ပခုံးကို ကြေကွဲစွာ မှီလာခဲ့သော ချမ်းအား အလိုက်သင့် ဖေးမရင်း စကားတို့ ဆွံ့အသွားခဲ့ရတော့သည်။

"ချမ်း ဇော်ထွန်းပြောတဲ့ ခါတ်ပုံလာတောင်းတဲ့ သရဲမဆိုတာ လပြည့်ဝန်းပေါ့နော်. . . မေလေးတို့ကို ခြောက်နေတာလည်း သူပဲလား"

"ဟုတ်တယ်. . . ကားတိုက်ခံရတဲ့ မိန်းကလေးကလည်း သူ ခြောက်တာဖြစ်လိမ့်မယ်"

"သူက ဘာခါတ်ပုံလိုချင်နေတာလဲဟင်"

ငြိမ်းချမ်းအေး မျက်နှာပျက်သွားပြီး. . .

"ဘာခါတ်ပုံဆိုတာ ကိုယ်သေချာမသိပါဘူး မေလေးရာ"

မေလေးရင်ထဲ သံသယအတွေးများစွာတို့ဖြင့် ယောက်ယက် ခတ်နေမိဆဲ. . . ချမ်းက ရုတ်တရက် မှီနေရာမှ ထလေလျှင်. . .

"ဘယ်လဲ ချမ်း"

"ဇက်က အရမ်းကိုက်လာလို့ကွာ၊ ဆေးသောက်မလို့"

ဇက်ကို နှိပ်ရင်း ဆေးသောက်နေသော ချမ်းကို ကြည့်ကာ မေလေးသည် စိတ်မသက်မသာ ခံစားရသည်။

အကိုက်အခဲ ပျောက်ဆေးတစ်ချို့ကိုသာမက အိပ်ဆေးတို့ကို ချမ်း သောက်တာ မြင်လိုက်ရလျှင် မေလေး မျက်လုံးဝိုင်းသွားရသည်။



www.burmeseclassic.com

www.burmeseclassic.com



“ဟင်. . . အိပ်ဆေးသောက်အိပ်မလို့လား ချမ်း”

“အင်း. . . ညညဆို ပခုံးတွေရော ဇက်ရော မခံမရပ်နိုင်အောင် ကိုက်တာ ကိုယ်အိပ်မရတာ ကြာပြီ မေလေး”

“အိုး. . . ချမ်းရယ်”

“အခု အနားမှာ မေလေးရှိတုန်း ကိုယ် စိတ်ချလက်ချ အိပ်ချင်တယ်”

“အိုကေ. . အိုကေ. . အိပ်. . အိပ်၊ မေလေး စောင့်နေပေးမယ်၊ ချမ်း မနိုးမချင်း မေလေး မပြန်ဘူး”

မေလေးသည် ချစ်သူကို ကလေးငယ်တစ်ယောက်လို သနားနေမိသည်။

ချမ်းက မေလေးရဲ့ပေါင်ပေါ် အားကိုးတကြီး လှဲမှီချအိပ်လာခဲ့သောအခါ မေလေးသည် ချမ်းရဲ့ဆံပင်များကို ဖွဖွညင်သာ သပ်တင်ပေးနေမိသည်။

မကြာခင်မှာပဲ ဆေးတန်ခိုးနှင့် ချမ်း နှစ်နှစ်ခြိုက်ခြိုက် အိပ်ပျော်သွားလေတော့သည်။

အိပ်ပျော်နေသောချမ်းကို ဂရုဏာသက်စွာ ငုံ့ကြည့်ရင်း မေလေးကိုယ်တိုင်လည်း အိပ်မွေ့ချခံထားရသူတစ်ယောက်လို အရမ်းကို အိပ်ချင်လာတော့ကာ မကြာခင်မှာပင် အိပ်ပျော်သွားခဲ့ရတော့သည်။

ထိုစဉ်. . . စားပွဲပေါ် တင်ထားခဲ့မိသော ကင်မရာမှ. . .

“ချက်. . .”

ခနဲ မြည်သံနှင့်အတူ သူ့အလိုအလျောက် ခလုတ်နှိပ်သွားခဲ့သည်ကို မေလေးတို့နှစ်ယောက်စလုံး လုံးလုံးမသိလိုက်ခဲ့။



www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com



# အခန်း(၆)

"မေလေးက ကိုယ်ပြောတာ မယုံဘူးလား"

ချမ်းအသံမှာ အပြစ်ရှိသူတစ်ယောက်လို နင့်သီး၍နေသည်။

မေလေးကဲ သက်ပြင်းဖြင့် ခေါင်းကို ညင်သာစွာ ခါယမ်းပြလိုက်ကာ. . .

"မဟုတ်ဘူး. . . ချမ်းကို မယုံလို့ မဟုတ်ဘူး၊ မေလေးစိတ်ထဲ သံသယတွေ ရှင်းချင်လို့ပါ"

"မေလေး သူ့ကို ဘာလို့ ဒီလောက်တောင် စိတ်ဝင်စားနေရတာလဲ"

ချမ်းမေးခွန်းကို မေလေး ပြန်မဖြေမိ။



www.burmeseclassic.com

www.burmeseclassic.com



မေလေးရင်ထဲမှ သံသယက ထိန်းချုပ်မရအောင် ရုန်းကြွလာတာကိုသာ သိသည်။

မေလေးသည် သိချင်တာတွေအတွက် ဆုံးဖြတ်ချက်ကိုလည်း ခိုင်မာစွာ ချခဲ့ပြီးလေပြီ။

"ချမ်း. . ."

အလေးအနက် ပြောစရာရှိသောလေသံဖြင့် မေလေး ခေါ်လိုက်သည်။

လှည့်ကြည့်လိုက်သော ချမ်းမျက်နှာပေါ်မှာ စိတ်ကျဉ်းကျပ်နေသော ခံစားမှုက သိသာထင်ရှားလှသည်။

မတတ်နိုင်။

ချမ်းကို စိတ်မကျဉ်းကျပ်စေချင်ပေမယ့် မေလေးဟာ ခိုင်မာစွာ ဆုံးဖြတ်ပြီးလေပြီ။

"မေလေး လပြည့်ဝန်းအိမ်ကို သွားရှာမယ်"

မေလေး တစ်လုံးချင်း ပြောလိုက်သည်။

"ဘာ. . ဘာ. . မေလေး ဘာပြောတယ်"

ချမ်းမျက်နှာပေါ်မှာ အံ့အားသင့်သွားရုံမျှမက ထိတ်လန့်သော အရိပ်အယောင်များပါ ဖြတ်ပြေးသွားလေသည်။

"လပြည့်ဝန်းရဲ့လိပ်စာကို စုံစမ်းပြီးသွားပြီ၊ မေလေး အဲ့ဒီကို လိုက်သွားမယ်"

"မေလေး"

တားရန် ပါးစပ်ပြင်နေသော ချမ်းကို မေလေးက ကြိုတင် ခေါင်းခါပြလိုက်သည်။

မေလေးက ဆုံးဖြတ်ချက် ချပြီးရင် ဘယ်တော့မှ ပြန်ပြင်တတ်လေ့ မရှိသူသာ ဖြစ်သည်။

"ချမ်းကို လိုက်ခဲ့ပါလို့ မေလေး မခေါ်ဘူးနော်၊ ချမ်း ဆန္ဒရှိတဲ့



www.burmeseclassic.com

www.burmeseclassic.com



အတိုင်းပဲ၊ လိုက်ချင်လည်း လိုက်ခဲ့နိုင်တယ်၊ မေလေးတစ်ယောက်ထဲ သွားလည်း ဖြစ်ပါတယ်"

မေလေး ပြတ်သားစွာ ပြောလိုက်သည်။

ချမ်း ဘာလုပ်လို့ လုပ်ရမှန်း မသိတော့သူတစ်ယောက်လို ဆံပင်တွေထဲ လက်ချောင်းတွေ ထည့်ကာ ကုတ်ဖွလေသည်။

"ဘယ်တော့ သွားမှာလဲ မေလေး"

ချမ်း စိတ်မသက်သာစွာ မေးသည်။

"အခုပဲ"

"ဟင်. . . "

"ကားကို ဆီအပြည့် ဖြည့်လာတယ်"

ချမ်း သက်ပြင်းရှိုက်သည်။

"ကိုယ်ပါ လိုက်ခဲ့မယ်"

မေလေး ပြုံးလိုက်မိသည်။

မေလေးတစ်ယောက်ထဲကို ချမ်း မလွှတ်ဘူးဆိုတာ မေလေး ကြိုသိပြီးသားပင်။

ချမ်းက မေလေးလက်ထဲမှ ကားသော့ကို ယူကာ ရှေ့မှ အရင် သွားနှင့်လေသည်။



www.burmeseclassic.com

www.burmeseclassic.com



ခရီးဝေး သွားရမှာမို့ မောင်းရသက်သာအောင် မေလေးက ညအချိန်ကို ရွေးခဲ့ခြင်းဖြစ်သည်။

လပြည့်ဝန်း နေသော နယ်မြို့ကလေးက ဝေးလံလွန်းလှသည်မို့ မေလေးတို့ အစောဆုံး ရောက်ရင်တောင် အာရုဏ်တက်ချိန်မှသာ ဖြစ်မည်။

မေလေးတို့ ထွက်လာခဲ့ချိန်မှာ ရာသီဥတုက ကြည်လင်နေခဲ့ပေမယ့် လမ်းမှာ မိုးက သည်းသည်းမည်းမည်း ရွာလေသည်။

ဘာပဲဖြစ်ဖြစ် ချမ်း မောင်းတာမို့ စိတ်ချရပါသည်။

ချမ်းက ကားကို သတိဖြင့် ပုံမှန်မောင်းတတ်သူသာ ဖြစ်လေသည်။

မိုးက တစထက်တစ ပိုသည်းလာခဲ့သည်။

လျှပ်စီးများက တဖျတ်ဖျတ်။

www.burmeseclassic.com



မိုးခြိမ်းသံကလည်း တဂျိန်းဂျိန်းနှင့် ကြောက်မက်ဖွယ်ရာအတိ ဖြစ်ခဲ့သည်မို့. . .

မေလေးသည် ကြောက်စိတ်ကို ထိန်းချုပ်မရနိုင်တော့ဘဲ. . .

"ချမ်း. . . မေလေးတို့ တစ်နေရာမှာ ခဏခိုရအောင်၊ မိုးက အရမ်းသည်းလာပြီ၊ မေလေး ကြောက်တယ်"

မိုးသံကို လွှမ်းအောင် မေလေး အော်ပြောလိုက်မိသည်။

"ထမင်းဆိုင်တစ်ဆိုင်မှာ ခဏဝင်ခိုတာပေါ့"

ချမ်းပြောသည့်အတိုင်းပင် ရှေ့နား မလှမ်းမကမ်းမှာ ထမင်းဆိုင်တစ်ဆိုင်ကို တွေ့တော့ ဝမ်းသာအားရ ကားရပ်လိုက်မိသည်။

မေလေးက ဗိုက်မဆာလှသော်လည်း ဝင်ခိုရကျိုးနပ်အောင် ခေါက်ဆွဲနှစ်ပွဲနှင့် ကော်ဖီနှစ်ခွက် မှာလိုက်ရသည်။

"မေလေး ထိုင်နှင့်ဦးနော်၊ ကိုယ် အနောက်ဘက် ခဏသွားလိုက်ဦးမယ်"

ငြိမ်းချမ်း စီးကရက်တစ်လိပ် မီးညှိကာ အနောက်ဘက် ထွက်သွားခဲ့မိသည်။

ထမင်းဆိုင်မှ ဆောက်ထားသော အိမ်သာမို့ အခန်းတွဲဖြစ်သည်။

မိုးအရမ်းသည်းနေသည်မို့ ဆိုင်ထဲမှာ လူရှင်းကာ ခြောက်ကပ်နေပုံမှာ ချောက်ခြားစရာပင် ကောင်းနေလေသည်။

ငြိမ်းချမ်း အလိုလိုနေရင်း ကျောချမ်းလာမိသည်မို့ သတိဖြင့် အစွန်ဆုံးက အခန်းထဲ ဝင်လိုက်မိသည်။

စိတ်သက်သာလို သက်သာငြား စီးကရက်ကိုသာ ဖွာနေမိသည်။

"ရှပ်. . ရှပ်. . ရှပ်"

တိုးသဲ့သောခြေသံ။



www.burmeseclassic.com

www.burmeseclassic.com



လွှတ်နေသော တံခါးအစပ်ကလေးမှနေ ငြိမ်းချမ်း အပြင်သို့ စူးစိုက်ကြည့်လိုက်သည်။

ခြေထောက်တစ်စုံရဲ့အရိပ်ကို ဖျတ်ခနဲ တွေ့လိုက်ရသည်။

ကြက်သီးများ ဖြန်းခနဲ။

ဘယ်သူလဲ။

အပြင်က ဘယ်သူလဲ။

သတိဖြင့် စိတ်အာရုံကို စူးစိုက်ထားမိသည်။

ဘေးခန်းကို ဝင်သွားသော လှုပ်ရှားမှုကို ချွတ်ခနဲ ကြားလိုက်ရ သလို ရှိသည်မို့. . .

ငြိမ်းချမ်းသည် စီးကရက်မီးကို ဖိချေသတ်လိုက်ကာ. . .

"အဟမ်း"

ခနဲ ချောင်းဟန့်လိုက်ပြီး ဟိုဘက်အခန်းကို ပုတ်လိုက်သည်။

"ဝေ့စ်ပေပါ(Waste Paper) ရှိလားခင်ဗျာ၊ ဒီဘက်မှာ မရှိလို့ ရှိရင် ကျေးဇူးပြုပြီး နည်းနည်းလောက်"

ငြိမ်းချမ်းသည် အသံကို မတုန်အောင် သတိထားလျက် ခပ် ကျယ်ကျယ် အော်လိုက်သည်။

တစ်ဖက်မှ ဘာသံမှ မကြားရ။

သို့သော်. . .

ခဏချင်းပင်. . .

နံရံအောက် ဟနေသော နေရာလပ်ကလေးမှ. . .

မည်းနက်နေသော လက်သည်းချွန်များနှင့် ဖွေးဆုတ်နေသော လက်တစ်ဖက်မှ ဝေ့စ်ပေပါကို လှမ်းပေးလေသောအခါ. . .

ငြိမ်းချမ်း မျက်လုံးအစုံ ပြူးကျယ်ဝိုင်းစက်သွားရပြီး ကြက်သီး များလည်း တဖြန်းဖြန်း ထသွားရသည်။

သေချာပြီ သရဲမပဲ. . .



www.burmeseclassic.com

www.burmeseclassic.com



နေရာမှ ကမန်းကတန်း ထလိုက်မိသည်။

ထို့နောက်. . .

ခြေသံမကြားရအောင် ဖွနင်းကာ ထွက်လာခဲ့ပြီး တစ်ဖက်ခန်းရှေ့မှာ ငြိမ်သက်စွာ ရပ်လျက် အသက်ကို တဝကြီး ရှူသွင်းလိုက်သည်။

မလှမ်းမကမ်းတွင်လည်း ဆိုင်မှအလုပ်သမားလေးများကို တွေ့နေရသဖြင့် ငြိမ်းချမ်းအေး ကြောက်စိတ်ကို ဖယ်ထုတ်ကာ လက်သီးနှစ်ဖက်ကို ကျစ်နေအောင် တင်းတင်းဆုပ်လိုက်သည်။

ပြီးတာနှင့်. . .

"ကိုင်းဟာ"

တံခါးကို အားကုန်ဆောင့်ကန်လိုက်သည်။

"ဝုန်း. . ."

ခနဲ တံခါးပွင့်သွားသံနှင့်အတူ တွေ့လိုက်ရသောမြင်ကွင်းကြောင့် ငြိမ်းချမ်း မျက်လုံးများ ပြူးသွားရတော့သည်။

ငြိမ်းချမ်း တွေ့လိုက်ရသော တစ်စုံတစ်ယောက်မှာ. . .

"အို း. . . ဘယ်လိုလုပ်လိုက်တာလဲ၊ ဆိုးလိုက်တာ သူကလဲ"

မိန်းမပုံအပြည့် ဝတ်ဆင်ထားပြီး လက်သည်းတုများ မိတ်ကပ်များ လိမ်းခြယ်ထားသော. . . ကန္တွကလျ ယောက်ျားစစ်စစ်ကြီး တစ်ယောက်။

"အား. . . ဆော. . . ဆောရီး"

ငြိမ်းချမ်း ကပျာကယာ တောင်းပန်လျက် နေရာမှ မပြေးရုံတမယ် ခြေလှမ်းများဖြင့် ထွက်လာခဲ့မိလေသည်။



www.burmeseclassic.com

www.burmeseclassic.com



"မမရယ်နဲ့. . . ကိုယ့်မှာ မကောင်းဆိုးဝါးမပဲ ထင်ပြီး ရင်ဆိုင်မလို့ အားတင်းလိုက်ရတာ. . . အသက်တောင် မရှူရဲဘူး"

တဟားဟား အော်ရယ်နေသော မေလေးကို ငြိမ်းချမ်း ဘုရှိတ်ရှိတ်လိုက်မိသည်။

"ဟား. . ဟား. . ရယ်မှာပဲ၊ သရဲမနဲ့ မိန်းမလျာနဲ့မှ မှားရတယ်လို့၊ အခြောက်ကြီးက ချမ်းကို အတင်းဖမ်းဆွဲပြီး အာဝါးမပေးလိုက်ဘူးလား"

ပြောကာမှ မေလေး ရယ်မဆုံးအောင်ရှိကာ ကျီစယ်နေတော့သည်။

"ရှစ်ထိ. . . ဖွဟဲ့"

ငြိမ်းချမ်း ကားမောင်းရင်းမှ ပါးကို ယောင်ယမ်းအုပ်လိုက်မိသည်။

နှစ်ယောက်သား ထိုအဖြစ်အပျက်ကို ပြန်ပြောကာ ရယ်နေမိ



www.burmeseclassic.com

www.burmeseclassic.com


မိုးများ စဲသွားပြီ ဖြစ်သော်လည်း ပိုပြီးသိပ်သည်းလာသော မှောင်ထုအောက်မှာ. . .

ကားမီးရောင်ဖြင့် တွေ့လိုက်ရသောမြင်ကွင်းကြောင့် နှစ်ယောက်စလုံး ချောက်ခြားတုန်လှုပ်သွားကြရသည်။

"ချမ်း. . ချမ်း. . ရှေ့မှာ"

"တွေ့တယ် မေလေး. . . တွေ့တယ်"

သူတို့နှစ်ယောက် မြင်တွေ့လိုက်ရသည်မှာ ကားရှေ့ ပေငါးဆယ် အကွာလောက်မှာ မှောက်လျက်သား ငြိမ်သက်နေသော မိန်းကလေးတစ်ယောက်။

"ဘုရားရေ ချမ်း. . . အဲ့. . အဲ့ဒါ. . ဟို. . ဟိုတစ်နေ့ညက ကလေး ကားနဲ့ တိုက်ခဲ့မိတဲ့. . ."

"မေလေး"

မေလေး စကားမဆုံးခင်မှာပင် ချမ်းက ဖြတ်အော်ကာ ဟန့်တားလေသည်။

မေလေးသည် မပြောသာပေမယ့် အသေအချာ မှတ်မိနေသည်။ ဒါ သူမ ကားနဲ့ တိုက်ခဲ့မိတဲ့ မိန်းကလေး။

ပြည့်ပြည့်လို့ ခေါ်တဲ့ လပြည့်ဝန်း. . .

ဘယ်လိုဖြစ်ပြီး ဟော့ဒီ အဝေးပြေးလမ်းမပေါ်မှာ ရောက်နေသလဲ။

ဘာကိုမှ မစဉ်းစားနိုင်အောင် ဖြစ်လာကာ ကြောက်စိတ်က ကြီးစိုးလာသည်။

ချမ်းကိုယ်တိုင်လည်း ဘာလုပ်လို့ လုပ်ရမှန်းမသိဖြစ်ကာ ကားကို ရုတ်တရက် ရပ်ပြီး ကြောင်အမ်းကြည့်နေလေသည်။

နှစ်ယောက်သား မျက်လုံးအပြူးသားနှင့် ကြည့်နေမိစဉ်မှာပင်


www.burmeseclassic.com

www.burmeseclassic.com



မှောက်လျက်သား ငြိမ်သက်နေသော အလောင်းကောင်မှာ တဖြည်း
ဖြည်းချင်း ကုန်းထလာလေသောအခါ. . .

"ချမ်း. ချမ်း. . ဟိုမှာ ထလာပြီ"

မေလေးသည် ကြောက်အားလန့်အား လက်ညှိုးကြီး ထိုးက
အော်ဟစ်ရင်းမှ ကြောင်အမ်းမှင်သက်နေဆဲဖြစ်သော ချမ်းကို ပခုံ
တဖြန်းဖြန်း ရိုက်ကာ. . .

"မောင်းလေ ချမ်းရဲ့. . . မြန်မြန်မောင်းပါ"

မေလေး တအားအော်ကာ သတိပေးတော့မှ ချမ်းက သတိဝ
လာကာ ကုန်းထလာသော အလောင်းကောင်ကို ကွေ့ရှောင်ပြီး အ
ကုန် မောင်းပြေးလေတော့သည်။

နှစ်ယောက်သား ကြောက်လွန်းသဖြင့် စကားပင် မပြောနိုင်
တော့။

မေလေးမှာ ဘယ်ကိုမှ မကြည့်ဝံ့တော့ဘဲ ရင်ထဲ တဒိန်းဒိ
မြည်ဟီးနေမိသည်။

ချမ်းလည်း ဘယ်လောက်တောင် တုန်လှုပ်ချောက်ခြားန
သည်မသိ။

ကားကို စွတ်မောင်းနေလေသည်မှာ ဆောက်တည်ရာ မ
သလိုပင်။

ကားမှာ အရမ်းကို မြန်လာခဲ့သည်မို့ မေလေးသည် အ
မထိန်းနိုင်ဘဲ တိုက်မိမှာကို စိုးရိမ်ကြောက်လန့်လာကာ. . .

"ဖြည်းဖြည်းမောင်းပါ ချမ်းရဲ့၊ တိုက်မိကုန်တော့မယ်၊ မေလေ
ကြောက်တယ်. . . အရှိန်လျှော့ပါ"

နံဘေးမှ စိုးရိမ်တကြီး အော်နေသော မေလေးကြောင့် က
ကို သတိလက်လွတ် အမြန်မောင်းနေမိရာမှ သတိပြန်ဝင်လာခဲ့ရသော
ငြိမ်းချမ်းသည် ကားကို အရှိန်လျှော့ရင်း မေလေးကို လှည့်ကြည့်လိုက်



www.burmeseclassic.com

www.burmeseclassic.com



...ရာ. . .

ဘုရားရေ. . .

အားခနဲ ကြောက်လန့်တကြား မအော်လိုက်မိအောင် ငြိမ်းချမ်းသည် မနည်းထိန်းချုပ်လိုက်ရသည်။

ရုတ်တရက် ထိတ်လန့်သွားရသဖြင့် ခေါင်းတစ်ခုလုံး အဆတန် ကြီးသွားသလို ခံစားလိုက်ရသည်။

မကောင်းဆိုးဝါးမမှာ မေလေးထိုင်ခုံဘေးက ကားမှန်အပြင်ဘက်မှာ။

ဖွေးဆုတ်နေသော မျက်နှာကြီးမှာ ကားမှန်ပြတင်းကို ထိုးဖောက်ပြီး အထဲကို ဝင်လာတော့မလား ထင်ရသည်။

စိမ်းနက်နေသည့် မျက်လုံးကြီးများမှာလည်း ညဥ့်အမှောင်ထဲ၌ ကြောက်စရာအတိ။

တစ္ဆေမက ကားမှန်မှာ ကပ်နေတာမို့ ငြိမ်းချမ်းသည် ဘာလုပ်ရမှန်းမသိဖြစ်ကာ ကားကို ယိမ်းထိုးအောင် မောင်းပြီး ခါချနေမိသည်။

သူမဘေးမှန်အပြင်မှာ ကပ်ပါလာတာကို မသိရှာသော မေလေး ကတော့ ကားမှောက်မှာကိုပဲ အရမ်းကို စိုးရိမ်ထိတ်လန့်နေသေတော့ကာ. . .

"ချမ်း. . ချမ်း. . သတိထားပါ ချမ်းရဲ့၊ ဒုက္ခရောက်ကုန်လိမ့်မယ်၊ မေလေး ကြောက်တယ် ချမ်း. . . ကားမှောက်လိမ့်မယ်"

မေလေးသည် ကြောက်လွန်းလှသဖြင့် ဇောချွေးများပင် ပြန်လာသည်။

တဒိန်းဒိန်း ခုန်နေသောရင်ကို လက်ကလေးနှစ်ဖက်ဖြင့် ဖိထွက် အသံများ ပြာအက်လာမတတ်ပင်။

"ချမ်း. . . ကောင်းကောင်းမောင်းပါ၊ သတိထားပါ ချမ်းရဲ့၊ မေလေး ကြောက်ပါတယ်ဆို"



www.burmeseclassic.com

www.burmeseclassic.com



အသံအက်အက်ဖြင့် သတိပေးနေသော မေလေးကြောင့် သူ
ဆောက်တည်ရာမရ ဖြစ်နေသောစိတ်ကို အားတင်းထိန်းချုပ်လျ
မေလေးဘေးက ပြတင်းမှန်အပြင်ဘက်ကို မသိမသာ လှည့်ကြည့်
သည်။

မကောင်းဆိုးဝါးမကို မတွေ့ရတော့။

သူ ခုမှ. . .

"ဟူး. . ."

ခနဲ လေပူများ မှုတ်ထုတ်လိုက်မိကာ ကားကို အရှိန်ပြန်မြှ
ပြီး ပုံမှန်ပြန်မောင်းရန် ပြင်လိုက်မိစဉ်. . .

"အံ့မယ်လေး ချမ်း. . ချမ်းရေ. . ရှေ့မှာ"

မေလေး ကြောက်လန့်တကြား ထအော်လေသည်။

သူကိုယ်တိုင်လည်း စတီယာရင် ကိုင်လျက်က ကြက်သေ
မိမတတ် ဖြစ်သွားရတော့သည်။

မကောင်းဆိုးဝါးမက သူ့ကားရှေ့စက်ဖုံးပေါ်ကို ရှေ့ဘက်
ကုတ်ခြစ် တွယ်တက်လာခဲ့သောအခါ. . .

"ဝေါ့. . ."

သူ ကားကို မိုင်ကုန်ဖွင့်လျက်က မကောင်းဆိုးဝါးမ ပြုတ်
သွားအောင် တအားယမ်းခါပစ်လိုက်သည်။

"ချမ်း. . ချမ်း သတိထားပါဦး၊ ဖြည်းဖြည်း. . ဖြည်းဖြည်း"

တုန်အက်နေသောအသံကြီးဖြင့် မေလေးအော်သံက ဆော
တည်ရာမဲ့ ဖြစ်နေသော သူ့စိတ်ကို မထိန်းချုပ်နိုင်တော့။

ကားမှာ အရမ်းကို ယမ်းခါလျက်ရှိသည်။

"ချမ်း. . . ဖြည်း. . ဖြည်းဖြည်း သ. . သတိထားပါ၊ အံ့မ
လေး ချမ်းရေ၊ အား. . ရှေ့. . ရှေ့မှာ. . . ချောက်"

ကြောက်လန့်ခြင်းကြီးစွာ ဝမ်းခေါင်းပါသံဖြင့် အော်လိုက်



www.burmeseclassic.com

www.burmeseclassic.com


ဆုံးမှာ ကားသည်. . .

“ကျွိ. . .”

ခနဲ ယိမ်းခါပြီး ထိုးရပ်သွားခဲ့သည်။

မေလေးသည် အသက်ပင် မရှူမိတော့ဘူး ဖြစ်သည်။

မျက်လုံးအစုံကို အကြာကြီး ကျပ်နေအောင် မှိတ်ထားခဲ့ပြီးမှ ဖြည်းညင်းစွာ ပြန်ဖွင့်လိုက်မိလျှင်. . .

ကားသည် ချောက်ထိပ်၌ သီသီကလေး ရပ်လျက်ရှိနေသည်ကို တုန်လှုပ်စွာ မြင်တွေ့လိုက်ရတော့သည်။

သရဲမကတော့ ရှိမနေတော့. . .

“ဟင်း. . .”

ခနဲ သက်ပြင်းချလိုက်မိပြီးသည့်နောက် ခန္ဓာကိုယ်တစ်ခုလုံး လှုပ်ရှားချင်တော့လောက်အောင် ပျော့ခွေသွားခဲ့ရလေသည်။

ဘယ်လောက်များ ချောက်ချားစရာ ကောင်းလိုက်တဲ့အဖြစ်လဲ။


www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com



# အခန်း(၇)

ကြိုတင်ခန့်မှန်းထားခဲ့မိသည့်အချိန်ထက် အနည်းငယ်နောက်ကျပြီးမှ ထိုမြို့သို့ သူတို့ ရောက်သွားခဲ့ပါသည်။

သူတို့ ရောက်သွားခဲ့ချိန်မှာ အာရုဏ်တက်ချိန် ကျော်၍ မိုးပင်လင်းပြီဖြစ်သည်။

မြို့မှာ ထင်ထားသည်ထက်ပိုပြီး လူနေကျဲပါးကာ ခြောက်ကပ်တိတ်ဆိတ်လို့နေသည်။

သူတို့သည် မြို့ကို ရောက်သည်နှင့် ပထမဆုံး ခံစားမှုမှာ ပြည့်ဝန်း ရှိနေသည်ဆိုသော သံသယစိတ်ဖြင့် ချောက်ချောက်ချားချား ခံစားရခြင်းပင်။



www.burmeseclassic.com

www.burmeseclassic.com



နောက်ပြီး. . .

နေရပ်လိပ်စာကိုသာ သိပေမယ့် လမ်းတွေကို မသွားတတ်သည်မို့ စိတ်ထဲမှာ နောက်ကျောမလုံသလိုမျိုးလည်း ခံစားနေမိကြသည်။

ကားကို ဖြည်းဖြည်းချင်း မောင်းဝင်လာခဲ့ရင်း လမ်းဆုံတစ်နေရာ ရောက်တော့ ကုန်စုံဆိုင်လေးတစ်ဆိုင်ကို တွေ့လိုက်ရလျှင် နှစ်ယောက်သား ဝမ်းသာသွားရသည်။

"ချမ်းရေ. . . ရှေ့မှာ ကုန်စုံဆိုင်"

"အင်း. . . ကားခဏရပ်ပြီး လိပ်စာဆင်းမေးကြည့်ရအောင်"

နှစ်ယောက်သား ဝမ်းသာအားရဖြင့် ကားကို ဆိုင်နားမရောက်ခင်မှာ ရပ်ကာ ဆင်းလာခဲ့ကြသည်။

လိပ်စာ စာရွက်လေး ကိုင်ကာ မေးရန်ပြင်ဆဲ ဆိုင်ရှေ့ကို ဦးဇင်းတစ်ပါးနှင့် ကိုရင်လေးတစ်ပါး ဆွမ်းခံရပ်သည်မို့ အသာနောက်ဆုတ် ရပ်နေလိုက်မိသည်။

ဆိုင်ရှင်မိန်းမကြီးက ဦးဇင်းကို ဆွမ်းထွက်လောင်းသည်။

ဦးဇင်းက ဆုပေးဆဲ ငြိမ်းချမ်းနှင့် မေလေးလည်း လက်အုပ်များ ချီထားလိုက်မိကြသည်။

ဆွမ်းလောင်းပြီး၍ ဆက်ကြွတော့ ဦးဇင်းက မျက်လွှာချကာ စကျွက္ကန္ဒြေဖြင့် ကြွသွားသော်လည်း. . .

ကိုရင်လေးမှာ ငြိမ်းချမ်းတို့နံဘေးမှအဖြတ်. . .

ငြိမ်းချမ်းကို မော့ကြည့်ပြီး မျက်လုံးများ ပြူးကျယ်ကာ ကြောက်လန့်တကြား ဖြစ်သွားသည့် အမူအယာဖြင့် ပြေးထွက်သွားလေသည်။

"ကိုရင် ဘာလို့ ပြေးတာလဲ၊ ဖြည်းဖြည်းသွားမှပေါ့"

ဦးဇင်း လှမ်းမိန့်သည့်အတိုင်း ကိုရင်လေးမှာ နောက်ကို တစ်ချက်မှ မကြည့်တော့ပြီ။



www.burmeseclassic.com

www.burmeseclassic.com



"ကိုရင်လေးက ဘာဖြစ်သွားတာလဲ မသိဘူးနော်"

"အေးလေ. . . ကိုယ့်ကို တွေ့တာများ မကောင်းဆိုးဝါး တွေ့ တာ ကျနေတာပဲ"

ငြိမ်းချမ်း ခေါင်းကုတ်ကာ ကြောင်အမ်းအမ်း ပြောမိသည်။

မေလေးကတော့ ထွက်ပြေးသွားသော ကိုရင်လေးကိုတစ်လှည့်၊ ကြောင်အမ်းနေသော ငြိမ်းချမ်းကို တစ်လှည့်ကြည့်ကာ မျက်မှောင်ကုတ်လိုက်မိသည်။

ကိုရင်လေးက ချမ်းကို ကြည့်ပြီး ဘာဖြစ်လို့ ဒီလောက်တောင် လန့်သွားရတာလဲ။

မေလေး စဉ်းစားမရနိုင် ဖြစ်ဆဲ. . .

"ထားလိုက်ပါကွာ၊ လာ. . . လိပ်စာဝင်မေးရအောင်"

ချမ်း သတိပေးတော့မှ မေလေး လိပ်စာမေးရန် ကုန်စုံဆိုင်ထဲကို ချမ်းနောက်ကနေ လိုက်ခဲ့မိသည်။

"ကျေးဇူးပြုပြီးခင်ဗျာ. . . ဒီလိပ်စာလေး ကြည့်ပေးပါ၊ ကျွန်တော်တို့ ဧည့်သည်တွေမို့လို့ လမ်းမသိလို့ပါ"

ချမ်း ကမ်းပေးသော လိပ်စာ,စာရွက်ကလေးကို ဆိုင်ရှင်မိန်းမကြီးက ယူကြည့်မိလျှင် မျက်လုံးအစုံ ပြူးကျယ်ဝိုင်းစက်သွားလေတော့သတ်. . .

"ဘုရားရေ. . . နင်တို့ လပြည့်ဝန်းအိမ် သွားမလို့ ဟုတ်လား"

လိပ်စာကို ကြည့်ပြီး အထိတ်တလန့်ဖြစ်သွားလေသော ဆိုင်ရှင်မိန်းမကြီးကြောင့် နှစ်ယောက်သား ဘာကြောင့်မှန်းမသိ ရင်ထဲ ဒိန်းခနဲ ထိတ်စီဖြစ်သွားရကာ တုန်လှုပ်သွားရသည်။

"ဘာဖြစ်လို့လဲဟင် အဒေါ်၊ လပြည့်ဝန်းကို သိတယ်ဟုတ်လား"

"အို. . . မသိပါဘူး၊ ဟင့်အင်း. . . မသိဘူး"



www.burmeseclassic.com

www.burmeseclassic.com



အဒေါ်ကြီးမှာ ခါးခါးသီးသီး ငြင်းလျက် လိပ်စာ,စာရွက်ငြိမ်းချမ်းလက်ထဲ အတင်းပြန်ထိုးထည့်ပေးကာ. . .

"တည့်တည့်သွား. . . ဈေးတွေ့ရင် ညာဘက်ချိုးလိုက်၊ အစွန်ဆုံးက အိမ်ကြီးပဲ"

လိပ်စာကို ကပျာကယာ ပြောပြီးသည်နှင့် စကားမဆက်ချင်တော့ပုံနှင့် မိန်းမကြီးမှာ အိမ်ထဲ ခပ်သုတ်သုတ် ဝင်သွားလေတော့သည်။

ချမ်းနှင့်မေလေး တစ်ယောက်မျက်နှာတစ်ယောက် ကြည့်လိုက်မိကြသည်။

"ချမ်း. . . မေလေးတော့ လပြည့်ဝန်းနဲ့ ပတ်သက်ပြီး သွေးမိသားရိုး မဟုတ်ဘူးလို့ ထင်တယ်"

မေလေး ချမ်းကို ခပ်တိုးတိုး ပြောဆဲ. . .

"ဟေ့. . . နင်တို့ သွားစရာရှိတာ မြန်မြန်သွားကြတော့လေ ဘာလုပ်နေတာလဲ"

အိမ်ထဲမှ လှမ်းအော်လိုက်သောအသံကြောင့် ချမ်းက မေလေးကို. . .

"ရှူး. . . "

ခနဲ စကားမဆက်ရန် အချက်ပြကာ ဆိုင်ထဲမှ မြန်မြန်ထွက်လာခဲ့မိကြသည်။

ဆိုင်ရှင်မိန်းမကြီး ညွှန်ပြလိုက်သည့် လမ်းအတိုင်း ကားတဖြည်းဖြည်းချင်း မောင်းလာခဲ့မိသည်။

နှစ်ယောက်သား ကားပေါ်မှာ စကားတစ်ခွန်းမှ မဆိုမိကြဘဲ စိတ်စောနေမိကြသည်။

လပြည့်ဝန်းရဲ့အိမ်လိပ်စာနှင့် နီးလာလေ ချောက်ချားသော ခံစားချက်တစ်မျိုးက ပိုပြီးရှုန်းကြွကာ တထိတ်ထိတ် ဖြစ်လာလေသည်။



www.burmeseclassic.com

www.burmeseclassic.com


အိမ်များ အားလုံးလိုလိုမှာ အိမ်ကြီးရခိုင်များဖြစ်ကာ ခြံဝန်းများ သည်း ကျယ်ဝန်းလှသည်မို့ ခြောက်ကပ်ငြိမ်သက်ကာ လိုအပ်တာ တိုပြီး အေးစက်ချောက်ချားစရာ ကောင်းနေတော့တာ အမှန်ပင်။

ကုန်စုံဆိုင်မှ မိန်းမကြီး ညွှန်လိုက်သည့် လမ်းကြောအတိုင်း ောက်ဆုံးမှာ မေလေးတို့ လပြည့်ဝန်းရဲ့အိမ်ရှေ့ကို ရောက်လာခဲ့ပါ သည်။

သစ်ကြီးဝါးကြီးပင်များ အုပ်ဆိုင်းကာ ခြုံနွယ်များ ထူထပ်သော ကြီးမှာ ကျယ်ဝန်းလှသလောက် နှစ်ထပ်တိုက်ခံအိမ်ကြီးမှာလည်း ကြီးမားလှလေသည်။

သို့သော်. . .

အိမ်ကြီးတစ်ခုလုံးမှာ လူမနေသယောင် ခြောက်ကပ်လွန်းလှ သည်။

"အိမ်ကြီးက လူမှ နေရဲ့လား မသိဘူးနော် ချမ်း"

မေလေး ပခုံးကျုံ့ကာ ပြောမိသည်။

"အင်း. . . ခြောက်ကပ်ကပ်ကြီး၊ နေဦး. . . ဒီမှာ ဘဲလ်တပ် ားတယ်၊ နှိပ်ကြည့်လိုက်မယ်"

ငြိမ်းချမ်း ခြံတံခါး သံပန်းမှနေ အထဲဘက်ကို ချောင်းကြည့် င်း လူခေါ်ဘဲလ်ကို နှိပ်လိုက်သည်။

နှစ်ယောက်လုံး အိမ်တံခါးဆီကိုပဲ မမှိတ်မသုန် စိုက်ကြည့်နေမိ တာ စိတ်တွေ လှုပ်ရှားသလို ဘယ်သူများ ထွက်လာမှာလဲဆိုတာကို ည်း တထိတ်ထိတ်နှင့် ချောက်ချားနေမိကြသည်။

သုံးမိနစ်လောက် စောင့်လိုက်ကြရပြီးလျှင်. . .

ခိုင်ခန့်လှသော ကျွန်းတံခါးကြီးမှာ ဖြည်းဖြည်းချင်း ပွင့်လာကာ ထဲမှ ထွက်လာခဲ့သူမှာ လပြည့်ဝန်းဆိုသော မိန်းကလေးနှင့် နောက်မှာ ချတ်စွပ်ဆင်တူသော အသက်ငါးဆယ်အရွယ်ခန့် အမျိုးသမီးကြီး


www.burmeseclassic.com

www.burmeseclassic.com



တစ်ယောက်ပင်။

"ချမ်း. . . ဟိုမှာ အိမ်ထဲက ထွက်လာပြီ၊ အဲ့ဒါ လပြည့်ဝန်းရဲ့ အမေလားဟင်"

"မသိဘူး မေလေး၊ ကိုယ် သူ့ကို တစ်ခါမှ မမြင်ဖူးဘူး"

"ရုပ်ချင်းကတော့ အတော်တူတယ်နော်"

"အင်း. . . "

ချမ်းနှင့်မေလေး ခပ်တိုးတိုးပြောမိဆဲ အမျိုးသမီးကြီးမှာ မျက်မှောင်ကုတ်ကာ စိမ်းစိမ်းကြီး စူးစိုက်ကြည့်ရင်းက မေလေးတို့ ရှိရာ တစ်လှမ်းချင်း လှမ်းလာခဲ့ပြီး. . .

"ဘာကိစ္စပါလိမ့်"

မျက်လုံးများက စိမ်းသက်သလို အသံကလည်း အေးစက်စက် နိုင်လှသည်မို့ မေလေးမှာ အမျိုးသမီးကြီးကို ကြည့်ကာ တစ်မျိုးကြီး ခံစားလိုက်ရသည်။

"ဟို. . . ကျွန်တော်တို့ လပြည့်ဝန်းရဲ့သူငယ်ချင်းတွေပါ"

ငြိမ်းချမ်းက အပြုံးဖြင့် ခေါင်းညွတ်ရင်း သွက်လက်စွာ ပြော လိုက်သည်။

အမျိုးသမီးကြီးရဲ့ အေးစက်သော မျက်နှာပြင်မှာ ချက်ချင်းပင် ထင်မှတ်မထားသော အံ့အားသင့်သည့် ခံစားမှုတစ်မျိုး ဖြတ်ပြေး ပြောင်းလဲသွားလေသည်။

"ဘာ. . . ပြည့်ပြည့်ရဲ့သူငယ်ချင်းတွေ ဟုတ်လား"

အမျိုးသမီးကြီးမှာ တအံ့တဩ ပြောရင်း ဖြည်းဖြည်းချင်း လှမ်း နေရာမှ ချက်ချင်းပင် အနားသို့ မြန်ဆန်စွာ ရောက်လာခဲ့လေတော့ သည်။

"မင်း. . . မင်းတို့ ဘာကိစ္စနဲ့ ဒီကို လာတာလဲ၊ ပြည့်ပြည့်က ဘာလာလုပ်တာလဲ"



www.burmeseclassic.com

www.burmeseclassic.com



အမျိုးသမီးကြီးရဲ့မေးပုံမှာ မလိုလားဟန် စွက်နေတာမို့ မေ
လေးမှာ အလိုလို ထိတ်လန့်လာကာ နောက်ကိုပင် ယောင်ယမ်းပြီး
ခြေလှမ်းဆုတ်လိုက်မိသည်။

ငြိမ်းချမ်းကတော့ ဘာမှမဖြစ်သလိုပင် အပြုံးမပျက်ဖြင့်. . .

"ဟို. . . ကျွန်တော်တို့ ဒီမြို့ကို ကိစ္စတစ်ခုနဲ့ လာတာပါ၊
. . . ဆက်လက်စနဲ့ လပြည့်ဝန်းကို သတိရလို့ လာလည်တာပါ"

"ဩော်. . . ပြည့်ပြည့်ကို သတိရလို့ လာလည်တာ ဟုတ်လား"

ချမ်းရဲ့ပြေပြစ်သောအပြောကြောင့် အမျိုးသမီးကြီးရဲ့မျက်နှာ
. . . တဖြည်းဖြည်းချင်း ပြေလျော့ ပြောင်းလဲလာခဲ့သည်။

မေလေးကိုတစ်လှည့်၊ ချမ်းကိုတစ်လှည့် သေသေချာချာ အကဲ
. . . ကြည့်ပြီးတော့မှ. . .

"လာ. . . အိမ်ထဲ ဝင်ကြ"

လို့ မပွင့်တပွင့် ဖိတ်ခေါ်လေသည်။

မေလေးမှာ အမျိုးသမီးကြီးကို အလိုလို ထိတ်လန့်နေမိကာ
. . . ရဲ့နောက်မှ ခပ်ကွယ်ကွယ်သာ အိမ်ထဲ လိုက်ဝင်မိသည်။

အိမ်ကြီးမှာ ခိုင်ခန့်ကြီးမားလှသလောက် ဧည့်ခန်းမှာလည်း
. . . ခမ်းဆန်လှသော အပြင်အဆင်ဖြင့် ငြိမ်သက်တိတ်ဆိတ်လှလေ
သည်။

အမျိုးသမီးကြီးက ကနုတ်ပုံဖော်ထားသည့် ကျွန်းသားထိုင်ခုံ
. . . ဆီ ညွှန်ပြကာ. . .

"ထိုင်ကြ. . မင်းတို့ အေးအေးဆေးဆေး နေကြဦးမှာ မဟုတ်
. . ."

"ဟုတ်ကဲ့. . . ဒါနဲ့ ပြည့်ပြည့်ရော ဒေါ်ဒေါ်၊ နေကောင်းရဲ့
. . ."

အရဲစွန့်ကာ ခပ်တိုးတိုး ပြောလိုက်သော မေလေးကို အမျိုး



www.burmeseclassic.com

www.burmeseclassic.com



သမီးကြီးက စူးစိုက်ကြည့်ကာ အပေါ်နှုတ်ခမ်း တွန့်ကွေးရုံမျှ ပြုံးပြ
သည်။

"ပြည့်ပြည့်လား. . . အင်း. . နေကောင်းပါတယ်"

သူတို့ တစ်ယောက်မျက်နှာတစ်ယောက် ကြည့်လိုက်ကြပြီး. .

"သူ အပြင်သွားနေလားဟင်"

"ဟုတ်တယ်. . . စောင့်ကြဦးမလား၊ ဘယ်အချိန်ပြန်ရော
မလဲတော့ မသိဘူး"

"ဟုတ်ကဲ့. . . ရောက်လက်စနဲ့တော့. . ခဏလောက်"

"အေး. . . ဒါဆို နေကြဦး၊ မင်းတို့အတွက် ကော်ဖီဖျော်လိုက်
ဦးမယ်"

"ဟာ. . . ရတယ်၊ နေပါစေ ဒေါ်ဒေါ်"

"အပန်းမကြီးပါဘူး"

စကားကို ခပ်ရှင်းရှင်းပြတ်ပြတ် ပြောတတ်ပုံရသော အမျိုး
သမီးကြီးသည် အနောက်ဘက် ထမင်းစားခန်း ဖြစ်ဟန်တူသည့်
အခန်းထဲသို့ ဝင်သွားပြီး သိပ်မကြာခင်မှာပင် မုန့်နှင့်ကော်ဖီခွက်များ
ယူလာကာ ဧည့်ခန်းသို့ ပြန်ထွက်လာခဲ့သည်။

"ကော်ဖီသောက်ပြီး စောင့်လိုက်ကြဦး၊ ဟင်းချက်လိုက်ဦးမယ်
ပြည့်ပြည့်က သိပ်ချေးများတာ၊ တစ်နေ့တစ်နေ့ သူ့အကြိုက် ချက်ပေး
နေရတာနဲ့ ငါ့မှာ မီးဖိုချောင်ထဲကကို မထွက်ရဘူး"

အမျိုးသမီးကြီးမှာ သူပြောလိုရာ ပြောပြီးသည်နှင့် အနောက်
ဘက် ထမင်းစားခန်းထဲ ပြန်ဝင်သွားတော့သည်။

နှစ်ယောက်သား တိတ်ဆိတ်ခြောက်ကပ်နေသော ဧည့်ခန်း
မှာ ဧည့်ခံစကားပြောမည့်အိမ်ရှင် မရှိဘဲ ငြိမ်သက်နေမိကြသည်။

အမျိုးသမီးကြီးမှာ အချိန်အတော်ကြာသည်အထိ အနောက်
ဘက်မှ ပြန်ထွက်မလာခဲ့။



www.burmeseclassic.com

www.burmeseclassic.com


နှစ်ယောက်သား စကားတစ်ခွန်းမှ မဆိုမိဘဲ တိတ်ဆိတ်ငြိမ်သက်စွာ မလှုပ်မယှက် ထိုင်နေမိကြသည်။

ကျွန်းစားပွဲရှည်ကြီးပေါ်မှာ တင်ထားသော ကော်ဖီနှင့် မုန့်များမှာလည်း အေးစက်မာကျောလာကာ အရာမယွင်း။

နှစ်ယောက်စလုံး ကော်ဖီသောက်ချင်စိတ်လည်း မရှိ။

မုန့်လည်း စားချင်စိတ် မရှိ။

"ဒီအဒေါ်ကြီး လပြည့်ဝန်း ရှိတယ်လို့ ဘာလို့ပြောတာပါလိမ့်၊ သူ တစ်ကယ်ပဲ မသေသေးဘူးလား. . . တစ်ခုခုတော့ မှားနေသလိုပဲ ချမ်းရယ်"

ခြောက်ကပ်လှသော အနေအထားကြီးမှာ စိတ်ကျဉ်းကျပ်ပြီး တစ်ခုခု ထဖြစ်တော့မှာလို ချောက်ချားကာ တထိတ်ထိတ် ဖြစ်နေမိဆဲ. . .

ရွှံရှာဖွယ်ကောင်းလွန်းလှသော ယင်စိမ်းကောင်ကြီး တစ်ကောင်မှာ အပေါ်ထပ်မှနေ တဝီဝီ အသံပေးကာ ဆင်းလာခဲ့ပြီး ငြိမ်းချမ်းရှေ့ရှိ ကော်ဖီခွက်မှာ လာနားတာ တွေ့လိုက်ရလျှင် ယင်ကောင်ဆို အရမ်းကို ရွံတတ်သော မေလေးမှာ ပျို့သွားမိလျက်. . .

"မောင်းထုတ်လိုက်စမ်းပါ ချမ်းရာ၊ ရွံစရာကောင်းလိုက်တာ"

အရမ်းကို ရွံကာ ပါးစပ်ကို လက်ဝါးဖြင့် အုပ်ထားရသော မေလေးပုံစံကို ကြည့်ပြီး ငြိမ်းချမ်းမှာ ယင်ကောင်ကို လက်သုတ်ပုဝါစဖြင့် ယမ်းပြီး မောင်းထုတ်နေမိသည်။

ယင်စိမ်းကောင် မည်းမည်းကြီးမှာ တဝီဝီ အသံပေးပြီး အပေါ်ထပ်ကို ပြန်တက်သွားသည်။

ငြိမ်းချမ်းသည် အပေါ်ထပ်သို့ ပြန်တက်သွားသော ယင်စိမ်းကောင်ကြီးကို ကြည့်ပြီး ဘာကြောင့်မှန်းမသိ ကျောရိုးတလျှောက် ကြက်သီးများ တဖြန်းဖြန်း ထသွားရသည်။

☺ အောင်မြင်စာပေ ☺

www.burmeseclassic.com

www.burmeseclassic.com



အပေါ်ထပ်မှ ဆင်းလာခဲ့သော ယင်စိမ်းကောင်ကြီးသည် အပေါ်ထပ်သို့ ပြန်တက်သွားသော မြင်ကွင်းမှာ မထူးဆန်းဘူး ထင်ရ သော်လည်း ငြိမ်းချမ်းစိတ်ထဲ မသိုးမသန့် ဖြစ်မိသည်။

မေလေးသည်လည်း နှာခေါင်းကို တရှုံ့ရှုံ့ လုပ်ကာ. . .

"ချမ်း. . . မေလေးနှာခေါင်းထဲ ဆေးနံ့ရသလိုပဲ"

"ဟင်. . . ဘာဆေးနံ့လဲ မေလေး"

"ဟိုလေ. . . ဓါတ်ခွဲခန်းထဲမှာ အကောင်တွေကို မပုပ်မသိုး အောင် ဆေးရည်စိမ်တဲ့အနံ့ကြီး"

မေလေးစကားကြောင့် ငြိမ်းချမ်း တွေခနဲ ဖြစ်သွားရကာ ဆတ် ခနဲ ထရပ်လိုက်မိသည်။

"ဘယ်လဲ ချမ်း. . . ဘယ်သွားမလို့လဲ"

မေလေး အသံနှိမ့်ကာ မျက်လုံးများ ဝိုင်းလျက် မေးသည်။

ငြိမ်းချမ်း ဘာမှမဖြေဘဲ အိပ်မက်မက်နေသူ တစ်ယောက်လို လေထဲ လမ်းလျှောက်နေသူတစ်ယောက်လို လှေကားပေါ် တစ်ထစ် ချင်း ဖြေးလေးစွာ တက်သည်။

"ချမ်း ဘယ်လဲဟင်. . . ဘာလုပ်မလို့လဲ"

မေလေးမှာ လေသံမျှဖြင့် မေးရင်း ချမ်းနောက်မှ စိတ်မချစွာ လိုက်ခဲ့မိသည်။

အပေါ်ထပ်မှာ အပိုပစ္စည်း အဆောင်အယောင် တစ်ခုမှ မရှိ မနေဘဲ ရှင်းလင်းကျယ်ဝန်းကာ လိုအပ်တာထက်ပိုပြီး ခြောက်ကပ်ငြိမ် သက်နေတာကြောင့် နှစ်ယောက်သား နောက်ကျောမလုံဘဲ အလိုလို ချောက်ချားကာ ကြက်သီးတွေ စိမ့်နေမိသည်။

ပြတင်းတွေအားလုံး အလုံပိတ်ထားသည်မို့ အလင်းရောင် မရှိဘဲ မှောင်နေကာ မှိုနံ့လိုလို အနံ့စိမ်းကြီးတစ်မျိုးကလည်း အော်ဂလီ ဆန်ချင်စရာ ကောင်းနေသည်။



www.burmeseclassic.com

www.burmeseclassic.com


နောက်ကျောမလုံသည့်ကြားကပဲ နှစ်ယောက်သား အရဲစွန့်ကာ သွားမိဆဲ ထောင့်ချိုးတစ်ခုဆီအရောက်၌ အခန်းတစ်ခုကို တွေ့လိုက်ရလျှင်. . .

နှစ်ယောက်သား အခန်းရှေ့မှာ ခဏခြေစုံရပ်လိုက်မိကြသည်။

လပြည့်ဝန်းဟာ တကယ်ပဲ အပြင်သွားနေခဲ့တာလား. . .

အမျိုးသမီးကြီးဟာ တစုံတရာကို လိမ်ညာဖုံးကွယ်နေတယ်လို့ သူတို့ သံသယ ရှိနေမိသည်။

လပြည့်ဝန်းဟာ ဒီအခန်းထဲမှာ နာမကျန်း ဖြစ်နေတာရော ဖြစ်နိုင်ဘူးလားဆိုသော သံသယအတွေးနှင့်အတူ ငြိမ်းချမ်းသည် အခန်းတံခါးကို ဖြည်းဖြည်းချင်း ဟကာ အခန်းထဲကို ချောင်းကြည့်လိုက်သည်။

စိမ်းရွှေရွှေ ဆေးနံ့ကြီးက ထောင်းခနဲ။

မှောင်စုတ်စုတ်အခန်းထဲက ကုတင်ပေါ်မှာ စောင်ခြုံထားသော လူတစ်ယောက်။

ပိုပြီးကြီးထွားလာခဲ့သည့် သံသယ ချောက်ချားစိတ်နှင့်အတူ နှစ်ယောက်သား အခန်းထဲသို့ တစ်လှမ်းချင်း သတိအပြည့်ဖြင့် ဝင်လိုက်သည်။

ကြက်သီးများမှာ ကျောရိုးတစ်လျှောက် တဖြန်းဖြန်း စုန်ဆန်ချီသလို့နေသည်။

မပုပ်မသိုးအောင် စိမ်သည့် ဆေးရည်ပုလင်းများကို အခန်းခြရင်းရှိ တန်းမှာ များပြားစွာ စီတန်းလျက် တွေ့လိုက်ရသည်။

ကုတင်ဆီသို့ ဖြည်းဖြည်းချင်း ချဉ်းကပ်လျက်. . .

ငြိမ်းချမ်းသည် အသက်ရှူအောင့်ကာ ခြုံလွှမ်းထားသည့် စောင်ကို မျက်တောင်မခတ် စောင့်ကြည့်လျက်က ခေါင်းရင်းဘက် စောင်စကို ဖျတ်ခနဲ ဆွဲလှန်လိုက်သည်။


www.burmeseclassic.com

www.burmeseclassic.com



"အား. . ."

"အံမယ်လေး"

အသားတမျှင်မျှ မရှိတော့ပြီဖြစ်သော အရိုးစုကြီးက ခေါင်း တစ်ခုသာ သူတို့ရှိရာဘက် လှည့်လာခဲ့သောအခါ နှစ်ယောက်စလုံး လိပ်ပြာလွင့်မတတ်ပင် ဖြစ်သွားရကာ ကြောက်မက်လွန်းလှစွာ မျက်လုံး စုံမှိတ်အော်လိုက်မိတော့သည်။

"ကြည့်စမ်း. . . နင်တို့ ငါ့သမီးအခန်းထဲထိအောင် ဝင်ကြည် ရဲတယ် ဟုတ်လား"

ဒေါသတကြီး ထွက်ပေါ်လာသော အသံကျယ်ကြီးကြောင့် နှစ် ယောက်စလုံး အခန်းဝဆီ လှည့်ကြည့်လိုက်မိသည်။

ဒါဆို လပြည့်ဝန်း သေတာ သေချာပြီပေါ့. . .

အမျိုးသမီးကြီးရဲ့မျက်နှာပေါ်မှ နာကျင်နင့်သီးသော ခံစားချက် ကို ပြင်းထန်စွာ သူတို့ မြင်တွေ့လိုက်ရသောအခါ. . .

ငြိမ်းချမ်းသည်. . .

"ဟူး. . ."

ခနဲ လေပူများ မှုတ်ထုတ်လိုက်မိပြီး. . .

"ကျွန်တော်တို့ အေးအေးဆေးဆေး စကားပြောကြရအောင် ဒေါ်ဒေါ်"

လို့ မျက်နှာချင်းဆိုင် စကားပြောဖို့ ကမ်းလှမ်းလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com


မိမိ သင့်ယူလာခဲ့သောဓါတ်ပုံကို ငြိမ်းချမ်းက အမျိုးသမီးကြီး ရှေ့ ချပြလိုက်သည်။

ဂျူလိုင် ဘွဲ့ယူသည့်နေ့က ကျောင်းကို နောက်ခံရိုက်ထားသည့် မေဂျာအုပ်စု ဓါတ်ပုံမှာ ဘေးတစ်စောင်းမျက်နှာ ပါနေသည့်ပုံဖြစ်သည်။

"အဲ့ဒါ ပြည့်ပြည့်ပါလို့ မင်းက စွပ်စွဲချင်တာပေါ့၊ ဟုတ်လား"

"မငြင်းချင်ပါနဲ့တော့ ဒေါ်ဒေါ်ရယ်၊ ကျွန်တော်တို့က ဒီကိစ္စ အတွက် ဟိုးအဝေးကြီးက လာခဲ့ရတာပါ"

အမျိုးသမီးကြီးရဲ့ တင်းခံထားသော မျက်နှာသည် တစထက် တစ ပြေလျော့လာလျက် မျက်လုံးအိမ်၌လည်း မျက်ရည်များ ပြည့်လျှံ နေရဲလာလေကာ. . .

"ဟုတ်ပြီ. . . အခု မင်းတို့ လာရကျိုး နပ်သွားပြီ မဟုတ်လား၊ မင်းတို့ သိပ်သိချင်တာ သိလိုက်ရပြီ မဟုတ်လား. . .

ဟုတ်တယ်. . . မင်းတို့ သံသယ ရှိနေသလို ပြည့်ပြည့်ဟာ



www.burmeseclassic.com

www.burmeseclassic.com



သေဆုံးခဲ့ပြီ၊ ငါ ဖုံးကွယ်လိမ်ညာထားခဲ့တာကို အခု မင်းတို့ သိသွားပြီ. .

တဲ. . . မင်းတို့ သိချင်တာလည်း သိခဲ့ရပြီပဲ၊ ငါ့စိတ်ကိုငါ လှည့်စားပြီး တည်ဆောက်ထားတဲ့ ကမ္ဘာကလေးကို မနှောင့်ယှက်ဘဲ မင်းတို့ အေးအေးဆေးဆေး ပြန်ပါတော့၊

ငါ တောင်းပန်ပါတယ်၊ ငါ တောင်း. . . တောင်းပန်"

အမျိုးသမီးကြီးမှာ စကားဆုံးအောင် မပြောနိုင်တော့ဘဲ မျက်နှာကို လက်ဝါးနှစ်ဖက်ဖြင့် အုပ်ကာ ရှိုက်ကြီးတငင် ငိုကြွေးလေတော့သည်။

ငြိမ်းချမ်းမှာ သည်းထန်စွာ ရှိုက်ငိုနေသော အမျိုးသမီးကြီးကို ကြည့်ကာ စိတ်မသက်မသာဖြင့် သက်ပြင်းရှိုက်မိလျက်. . .

"ကျွန်တော် အကြံတစ်ခု ပေးချင်ပါတယ် ဒေါ်ဒေါ်၊ လပြည့်ဝန်းရဲ့အလောင်းကို ဒီလိုပဲ ထားမယ့်အစား ကောင်းကောင်းမွန်မွန်လေး သင်္ဂြိုဟ်ပေးလိုက်ရင် ကောင်းမယ်ထင်ပါတယ်"

"ဘာ. . . သင်္ဂြိုဟ်ရမယ် ဟုတ်လား၊ ဘာဖြစ်လို့ သင်္ဂြိုဟ်ရမှာလဲ၊ ငါ့သမီးဟာ ဘယ်တုန်းကမှ မသေခဲ့ဘူး၊ ငါနဲ့ အမြဲအတူရှိနေခဲ့တာ"

ခုချိန်ထိ ကိုယ့်စိတ်ကိုယ် လှည့်စားမြဲဖြစ်သော အမျိုးသမီးကြီးကို ငြိမ်းချမ်းမှာ သနားလာရသော်လည်း မပြော၍ မဖြစ်တော့သည်မို့ ကြိတ်မှိတ်ကာပင်. . .

"ဒေါ်ဒေါ်ရယ်. . . ဒေါ်ဒေါ့်သမီးဟာ အသက်မရှိတော့တဲ့ ခန္ဓာကိုယ်ကသာ ဒေါ်ဒေါ့်အနားမှာ ရှိနေပေမယ့် သူ့ဝိညာဉ်က တခြားမှာ ရှိနေခဲ့တယ်လေ. . .

ဒေါ်ဒေါ် သူ့အလောင်းကို မသင်္ဂြိုဟ်မချင်း သူ့ဝိညာဉ်ဟာ မကျွတ်လွတ်နိုင်ဘဲ နားခိုရာမရ ဖြစ်နေဦးမှာပေါ့. . .

အခု ဒီခါတ်ပုံမှာ ဒေါ်ဒေါ် တွေ့တယ်မဟုတ်လား၊ သူဟာ သူ့မေဂျာက တခြားကျောင်းသူကျောင်းသားတွေနဲ့ အတူရှိနေတယ်



www.burmeseclassic.com

www.burmeseclassic.com



ဆိုတာ ဖော်ပြခဲ့တယ်လေ”

ငြိမ်းချမ်းရဲ့ရှည်လျားလှသော စကားအဆုံးမှာ အမျိုးသမီးကြီးသည် ရှိုက်သံများ ဝဲလျက် အနည်းငယ် တည်ငြိမ်စ ပြုလာကာ. . .

“သမီးလေး. . . သမီးလေးရယ်၊ အမေ့ဆီကျတော့ ဘာလို့မလာခဲ့တာလဲဟင်၊ အမေ့မှာတော့ ငါ့သမီးနဲ့ မခွဲနိုင်လို့”

အမျိုးသမီးကြီးသည် စကားကို တပိုင်းတစနဲ့ ရပ်လိုက်ကာ အံကို တင်းတင်းကြိတ်လိုက်လေသည်။

သို့သော်. . .

မျက်လုံးများမှာတော့ ကြေကွဲခြင်းအတိဖြင့် ဆွေးရိပ်သမ်းကာ နွမ်းလျလို့နေသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဘဝ တစ်ပါးသို့ ကူးပြောင်းသွားလေပြီဖြစ်သော ကွယ်လွ
သူ မလပြည့်ဝန်းအတွက် ရည်စူးပြီး ပြုလုပ်သော အလှူဒါန၏ ကုသိုလ်
အဖို့ဘာဂကို. . ."

ဆရာတော်၏အောင်မြင်ပြတ်သားပြီး ကြည်လင်သော
တောင်း မေတ္တာပို့သသံမှာ တိတ်ဆိတ်သော ပတ်ဝန်းကျင်မှာ ပီသ
ထွက်ပေါ်လို့နေသည်။

"အဟင့်. . ."

ခနဲ ထိန်းချုပ်မရနိုင်သော ရှိုက်သံက တစ်ချက်တစ်ချက်
သဲ့စွာ ထွက်ပေါ်လာသည်။

အသုဘမှာ ဆွေမရှိ မျိုးမရှိသလို ခြောက်ကပ်တိတ်ဆိတ်လွ
လှသည်။

မျက်ရည်များ မစဲနိုင်အောင်ရှိသော အမျိုးသမီးကြီးရဲ့ဘေး
ဖေးမပေးမယ့်သူဆို၍ မေလေးတစ်ယောက်သာ ရှိသည်။



www.burmeseclassic.com

www.burmeseclassic.com



ကြေကွဲလွယ်သော မေလေးကိုယ်တိုင်လည်း အမျိုးသမီးကြီး
ကို နှုတ်သိမ့်အားပေးရင်းက မျက်ရည်များ ဝဲနေသည်လေ။
ငြိမ်းချမ်းသည် ခြောက်ကပ်လွန်းသော အသုဘမြင်ကွင်းကို
ဆောင့်တစ်နေရာမှ ထိုင်လျက် ငြိမ်သက်စွာ ကြည့်နေမိသည်။
မချစ်ခဲ့သော်လည်း ပတ်သက်ခဲ့ဖူးသည့်အကြောင်းအရာက
င်ကို ဆို့နင့်နေစေသည်။
ပြည့်ပြည့်ရယ်။
ဟော့ဒီ နောက်ဆုံးခွဲခွာခြင်း အခမ်းအနားနှင့်အတူ မင်းရဲ့
ဘဥ်ကလေးဟာ ငြိမ်းချမ်းသော နေရာကလေးတစ်ခုမှာ ခိုနားနိုင်ပါ
စေလို့ ကိုယ် ဆုတောင်းပါရဲ့။
ငြိမ်းချမ်းသည် အသံမဲ့ ဆုတောင်းစကားနှင့်အတူ ခေါင်းငိုက်
စိုက်ချလိုက်မိသည်။
"ပြည့်ပြည့်နဲ့ သူငယ်ချင်း ထင်ပါရဲ့"
အနားမှာ ဝင်ထိုင်ရင်း စကားစလာသော ယောကျ်ားကြီးတစ်
ယောက်ရဲ့အသံကြောင့် ငြိမ်းချမ်းသည် လှည့်ကြည့်လိုက်မိရင်း. . .
"ဟုတ်ကဲ့"
"တစ်နယ်တစ်ကျေးက ထင်ပါရဲ့"
အမျိုးသားကြီးမှာ စကားပြောလိုဟန်ဖြင့် စကားဆက်လာ
သည်။
ငြိမ်းချမ်းသည် စကားပြောချင်စိတ် မရှိသော်လည်း လူမှုရေး
အရ မကောင်းတတ်လှသဖြင့်. . .
"ဟုတ်ကဲ့. . . ကိစ္စတစ်ခုနဲ့ လာရင်း လပြည့်ဝန်း ဒီမြို့မှာ နေ
တာ သတိရတာနဲ့ ဝင်ခဲ့တာပါ"
"အင်း. . . ကလေးမ,ခမျာ အဖြစ်ဆိုးလှတယ်ကွယ်"
"ဦးလေးက သူ ဘယ်လိုဖြစ်တယ်ဆိုတာ သိသလားခင်ဗျာ"



www.burmeseclassic.com

www.burmeseclassic.com



ငြိမ်းချမ်းသည် ပြည့်ပြည့် ဘယ်လိုပုံစံနဲ့ သေဆုံးခဲ့ရသလဲ ဆိုတာ စိတ်ဝင်စားမိကာ ဦးလေးကြီးကို ခပ်တိုးတိုး မေးမြန်းလိုက်မိသည်။

ဦးလေးကြီးကလည်း ပြောပြချင်ဟန်အပြည့်ဖြင့် သူ့အနားတိုးထိုင်ကာ လေသံမျှဖြင့် စတင်ပြောပြလေတော့သည်။

"ပြည့်ပြည့်ဟာ သူ ကျောင်းကနေ နှစ်တဝက်တပျက်နဲ့ ဒီကို ပြန်ရောက်လာကတည်းက အရင်လို မဟုတ်ဘဲ တမှိုင်မှိုင် တတွေတွေနဲ့ ဖြစ်နေခဲ့တယ်လေ"

ဦးလေးကြီးရဲ့စကားကြောင့် ငြိမ်းချမ်းမှာ အပြစ်မကင်းသူ တစ်ယောက်လို ခံစားလိုက်ရသည်။

ဟုတ်သည်။

သူ ပြည့်ပြည့်ကို အဆက်ဖြတ်ပြီး ရှောင်နေလိုက်ကတည်းက ပြည့်ပြည့်မှာ နာနာကျင်ကျင် ခံစားရပြီး ကျောင်းမှ ပျောက်သွားခဲ့ရတာ ဖြစ်သည်။

"ကျောင်းမှာ ဘာဖြစ်လာခဲ့သလဲဆိုတာလည်း ဘယ်သူမှ မေးလို့မရဘူး၊ သူ့ဘာသာ တစ်ယောက်ထဲ ကြိတ်ခံစားပြီး နောက်ဆုံးမှာ တော့. . ."

ဦးလေးကြီးရဲ့လေသံက ပိုပြီး တိုးဝင်သွားသည်။

သူ စိတ်စောလွန်းစွာ ဦးလေးကြီးရဲ့မျက်နှာကို စူးစိုက်ကြည့်ပြီး အသေအချာ နားစွင့်ထားမိသည်။

"ပြည့်ပြည့်ဟာ ဆေးသောက်ပြီး သူ့အသက်ကိုသူ ကြံစည်ခဲ့တယ်"

ဘုရားရေ. . .။

သူ့မျက်လုံးအစုံ ပြူးကျယ်သွားရသည်။

ထိတ်လန့်သွားရသဖြင့် သူ့ပါးစပ်ကိုသူ ယောင်ယမ်းပြီး အုပ်



www.burmeseclassic.com

www.burmeseclassic.com


ထိုက်မိသည်။

"သူ့အမေ အသိမြန်ပေလို့ပေါ့၊ ဒေါ်စန္ဒာဟာ ချက်ချင်းဆေးရုံ တင်ပြီး ပြည့်ပြည့်အသက်ကို မရ,ရတဲ့နည်းနဲ့ ပြန်လုခဲ့ရတယ် . .

အင်း. . . ဆရာဝန်ကြီးတွေကလည်း ဂရုတစိုက် ရှိခဲ့လို့ပေါ့၊ ကလေးမဟာ စိုးရိမ်စရာ အခြေအနေက လွတ်မြောက်လာခဲ့တယ်"

သူ သက်ပြင်းရှိုက်လိုက်မိသည်။

"ကလေးမလေး ပြန်ကောင်းလာပြီး အိမ်ကိုလည်းပြန်ရောက် နေပြီ ဆိုတဲ့သတင်း ကြားရတော့ ဦးလေးတို့တွေလည်း ဝမ်းသာရတာ ပေါ့၊ အဲ. . . ဒါပေမယ့်"

ဦးလေးကြီးက စကားကို တံပိုင်းတစနဲ့ ရပ်လိုက်ပြန်လျှင် သူ့ စိတ်ထဲ ထင့်ကနဲ ဖြစ်သွားရသည်။

ပြည့်ပြည့်ဟာ စကားနည်း ငြိမ်သက်သလောက် တဇွတ်ထိုး မိုက်ရူးရဲဆန်တတ်တာ သူ အသိဆုံးပဲဖြစ်သည်။

"ဒါပေမယ့် အဲ့ဒီအချိန်ကစပြီး ပြည့်ပြည့်ကို မတွေ့ရတော့ဘူး၊ ဒေါ်စန္ဒာကတော့ သူ့သမီးကို အိမ်ပြန်ခေါ်လာခဲ့ပြီလို့ ပြောပေမယ့် တစ်ရပ်ကွက်လုံးကတော့ သူ တစ်ခုခုကို လိမ်ညာဖုံးကွယ်ထားတယ်လို့ သံသယ ရှိခဲ့တယ်. . . အဲ့ဒီသံသယကို ပိုပြီးခိုင်လုံစေတဲ့သတင်းက တော့. . ."

ဦးလေးကြီးက ပြောလက်စ စကားကို ခဏရပ်တန့်လိုက်ပြန် တာ ဘေးဘီကြား၍ မဖြစ်သလို နောက်ကို မသိမသာ လှည့်ကြည့်လိုက် ပြီးမှ သူ့နား,နား ကပ်ကာ လေသံမျှဖြင့်. . .

"ကလေးမဟာ မြို့မှာ ဆေးရုံပေါ်က ခုန်ချပြီး သေကြောင်းကြံ ခဲ့သတဲ့"

ဆေးရုံပေါ်က. . .

ခုန်ချပြီး. . .


www.burmeseclassic.com

www.burmeseclassic.com



အား. . .

သူ ခေါင်းကို ဆောက်တည်ရာမရ ခါယမ်းကာ မျက်လုံးကို ကျပ်နေအောင် ပိတ်ထားလိုက်မိသည်။

ပြည့်ပြည့်ရယ်. . .။

ဒါဟာ တကယ်ပဲလား။

တကယ့် အမှန်တရားပဲလား။

ဘာဖြစ်လို့ ဒီလောက်တောင် မိုက်ရူးရဲခဲ့ရတာလဲ။

ကိုယ့်အသက်ကိုတောင် စတေးပြီး. . .

သူ ခေါင်းငိုက်စိုက်ချကာ မျက်လုံးစုံ မှိတ်ထားလျက်က ရင် တစ်ခုလုံး ခါးခါးသီးသီး နာကျင်နေမိသည်။

"အဲ့ဒီအဖြစ်အပျက်ကို တွေ့လိုက်တဲ့သူ ရှိပေမယ့် ဒေါ်စန္ဒာကို ကြောက်ပြီး အဲ့ဒီလူဟာ မဖော်ထုတ်ရဲခဲ့ဘူး၊ ဒေါ်စန္ဒာ လိမ်ညာဖုံးကွယ် ထားပြီး သူ့သမီးအလောင်းကို အိမ်ပြန်ယူထားမှန်း သိပေမယ့် ကြောက် ပြီး ရှောင်ခဲ့ကြတယ်. . . ဘာလို့လဲဆိုတော့ ညဘက်မှာ လပြည့်ဝန်းကို ခြံထဲမှာ တွေ့တွေ့နေရလို့လေ. . .

အေးလေ. . . ဘာပဲဖြစ်ဖြစ် ခုတော့ သူလည်း အမှန်တရား ကို လက်ခံပြီး သူ့သမီးရဲ့အလောင်းကို သင်္ဂြိုဟ်ခဲ့ရှာပါပြီ၊ ကံဆိုးတဲ့ ကလေးမလေးလည်း ခုမှ ကောင်းရာမွန်ရာဘဝကို လွတ်လွတ်ကျွတ် ကျွတ် ကူးပြောင်းခွင့်ရမှာ"

ငြိမ်းချမ်းသည် ဦးလေးကြီးရဲ့အဆုံးသတ် ဆုတောင်းစကား ကြောင့် ငိုင်သွားမိသည်။

ကံဆိုးတဲ့ ကလေးမလေးလည်း ခုမှ ကောင်းရာမွန်ရာဘဝကို လွတ်လွတ်ကျွတ်ကျွတ် ကူးပြောင်းခွင့် ရမှာတဲ့လား။

ပြည့်ပြည့်. . .

မင်းရဲ့အလောင်းကို သင်္ဂြိုဟ်ပြီးတဲ့အခါ မင်းရဲ့ဝိညာဉ်ဟာ



www.burmeseclassic.com

www.burmeseclassic.com



တကယ်ပဲ လွတ်ကျွတ်သွားခဲ့မှာလား။

ဒါဆို. . .

ကိုယ့်အနားကနေ မင်း ထွက်သွားပေးပါ ပြည့်ပြည့်ရယ်။

ကျေးဇူးပြုပြီး. . .

မင်း ကိုယ့်အနားကနေ ထွက်ခွာသွားပါတော့။

ငြိမ်းချမ်းသည် အရာအားလုံးကို မေ့လျော့ကာ စိတ်တွင်းမှနေ ရည်စူးတိုင်တည်ကာ တစ်ယောက်ထဲ ပြောမိဆဲ. . .

ညာဘက်ပခုံးမှာ ဓါတ်လိုက်သလို ဆတ်ခနဲ ကျဉ်တက်သွားခဲ့ရသည်မို့. . .

အထိတ်တလန့်ဖြင့် လှည့်ကြည့်လိုက်မိလျှင်. . .

သူ့နောက်တည့်တည့်မှာ ရပ်လျက် သူ့ကို စိမ်းနက်သော မျက်လုံးအစုံဖြင့် စူးရဲစွာ စိုက်ကြည့်နေခဲ့သော မိန်းကလေးတစ်ယောက်။

"ပြည့်ပြည့်"

သူ ချက်ချင်း မတ်တတ်ထရပ်ကာ ကြောက်လန့်တကြား ရင်ခေါင်းသံကြီးဖြင့် အော်လိုက်မိသည်။

ဆုတောင်းမေတ္တာ ပို့သနေသော ဘုန်းတော်ကြီး၏အသံမှာ ရပ်တန့်သွားရကာ ဧည့်သည်များအားလုံးမှာလည်း တုန်လှုပ်ချောက်ချားသွားကြရပြီး သူ့ကို ဝိုင်းလှည့်ကြည့်ကြလျှင်. . .

"ကျွန်. . . ကျွန်တော် တောင်းပန်"

သူ အားလုံးကို လက်ကာပြပြီး နေရာမှာ ပြန်ထိုင်ချလိုက်မိသော်လည်း စူးရဲစိမ်းနက်သော မျက်လုံးတစ်စုံကိုတော့ မြင်ယောင်မိနေတာ ကြောက်စိတ်ဖြင့် ရင်တစ်ခုလုံး ဆူပွက်ပြောင်းဆန်နေမိသည်။



www.burmeseclassic.com

www.burmeseclassic.com



"ချမ်း အရမ်းခံစားနေရလားဟင်"

မေလေးက ချမ်းရဲ့လက်ချောင်းများကို ဖွဖွဆုပ်ကိုင်ရင်း အားပေးစကားကို စဉ်းစားကာ. . .

"မေလေး နားလည်ပါတယ် ချမ်းရယ်၊ ဘာပဲဖြစ်ဖြစ် ရင်းနှီးခဲ့ တဲ့ သံယောဇဉ်နဲ့ ချမ်းလည်း ခုချိန်မှာ အရမ်းခံစားနေရမှာ မေလေး သိပါတယ်"

တစ်ကယ်ပဲလား. . . သူတစ်ကယ်ပဲ ခံစားရလို့လား. . .

ငြိမ်းချမ်း ကိုယ့်ဘာသာ ပြန်မေးရင်း မေလေး ပခုံးမှာ မျက်နှာမှောက်လိုက်ကာ ခပ်တိုးတိုး ပြန်ပြောမိသည်။

"သူ. . သူ. . ကိုယ့်နားမှာ ရှိနေသေးတယ်လို့ ကိုယ်ခံစားနေရ တယ်"

"သူ့အတွက် အကောင်းဆုံးဖြစ်အောင် လုပ်ပေးခဲ့ပြီးပြီ ချမ်း ရယ်၊ အခုဆို သူ့ဝိညာဉ် လွတ်မြောက်သွားလောက်ပါပြီ အရမ်းကြီး



www.burmeseclassic.com

www.burmeseclassic.com



စိတ်စွဲမထားနဲ့တော့နော်"

မေလေးသည် စိတ်ထိခိုက်နေသော ချစ်သူကို ကလေးငယ် တစ်ယောက်လို နှစ်သိမ့်ပေးမိသည်။

"ကဲ. . . ကိစ္စတွေလည်း ပြီးပြီ၊ မေလေးတို့ မနက်စောစော ပြန်ရအောင်၊ အိပ်တော့နော် ချမ်း၊ အိပ်ရေးမဝရင် ကားမောင်းတော့ ခေါင်းမူးနေလိမ့်မယ်၊ ခရီးက ဝေးတယ်"

တကယ်လည်း အသုဘကိစ္စနှင့် ပင်ပန်းနွမ်းနယ်နေခဲ့ပြီမို့ ချမ်း ကို ပြောမိသော်လည်း တည်းခိုခန်းထဲ အရင်အိပ်ပျော်သွားမိသည်မှာ မေလေးသာ ဖြစ်ခဲ့သည်။

ငြိမ်းချမ်းမှာတော့ တော်တော်နှင့် အိပ်မပျော်နိုင်ခဲ့။

အနားမှာ လပြည့်ဝန်း ရှိနေသလို ချောက်ချားသော ခံစားချက် တစ်မျိုးက ကြီးစိုးလို့နေသည်။

စောင်ကို ခေါင်းမှနေ ခြေဖျားထိ လုံအောင် အသေအချာ ခြုံရင်း အိပ်ပျော်အောင် ကြိုးစားနေခဲ့မိဆဲ. . .

ခြေထောက်နှင့် အသေအချာ ဖိထားသော စောင်စကို ခြေ ရင်းမှနေ တဖြည်းဖြည်းချင်း ဆွဲယူနေတာ ခံစားလိုက်ရလျှင် ကြက်သီး များ စိမ့်ခနဲ ဖြစ်သွားရလျက် စောင်စကို ခပ်တင်းတင်း ပြန်ဆွဲကာ ခေါင်မြီးခြုံထားမိသည်။

သို့သော်. . .

ချက်ချင်းပင် စောင်မှာ အားပြင်းပြင်းနှင့် ဆွဲချခြင်း ခံလိုက်ရ တာ လျှောခနဲ ဖြစ်သွားခဲ့ရလျှင်. . .

ငြိမ်းချမ်း ဆတ်ခနဲ ခေါင်းထောင်ထကြည့်လိုက်မိသည်။

ဘုရားရေ. . .

ကုတင်ခြေရင်းမှာ စိမ်းနက်သော မျက်လုံးကြီးများဖြင့် စူးရဲစွာ စိုက်ကြည့်နေသော လပြည့်ဝန်း။



www.burmeseclassic.com

www.burmeseclassic.com



ခေါင်းတစ်ခုလုံး အဆမတန် ကြီးသွားသလို ခံစားလိုက်ရကာ ငြိမ်းချမ်း ချက်ချင်း ခြေထောက်များ ရုပ်ကာ ထိုင်လိုက်မိသည်။

ကြောက်စိတ်ဖြင့် တစ်ကိုယ်လုံး တဆတ်ဆတ် တုန်နေမိသည်။

"သွား. . . သွားပါ"

ငြိမ်းချမ်း တိမ်အက်သော လေသံဖြင့် နှင်ထုတ်မိသော်လည်း လပြည့်ဝန်းမှာ စူးစူးရဲရဲ စိုက်ကြည့်ရင်း ကုတင်ပေါ် ဖြည်းဖြည်းချင်း တက်လာလေသည်။

ကြောက်လွန်းသဖြင့် ငြိမ်းချမ်းမှာ ရင်တစ်ခုလုံး ပေါက်ကွဲထွက် တော့မယ် ထင်မိသည်။

ကုတင်ပေါ် ဖြည်းဖြည်းချင်း တက်လာနေသော လပြည့်ဝန်း ကို မျက်တောင်မခတ် မျက်ခြေမပြတ် ကြည့်ရင်းက. . .

"မေ. . . မေလေး"

မေလေးကို အားကိုးတကြီး နှိုးလိုက်မိသည်။

ပင်ပန်းနွမ်းနယ်စွာ အိပ်ပျော်နေခဲ့သော မေလေးမှာ မနိုး။

ငြိမ်းချမ်း အသံကို မြှင့်လျက်. . .

"မေလေး. . ထ. . ထပါ မေလေး"

လပြည့်ဝန်းမှာ ကုတင်တစ်ဝက်သို့ ရောက်လာနေပြီ။

မေလေးမှာ နှစ်ခြိုက်စွာ အိပ်ပျော်ဆဲ. . .

ငြိမ်းချမ်း ကြောက်အားလန့်အားဖြင့်. . .

"မေလေး. . ထပါ"

အသံကုန် အော်နှိုးတော့မှ မေလေးက မျက်လုံးမဖွင့်ဘဲ. . .

"အင်. . . "

ခနဲ အသံပြုကာ ဟိုဘက်ပြန်လှည့်သွားခဲ့သည်။

ငြိမ်းချမ်း ပြန်လှည့်ကြည့်လိုက်တော့ ကုတင်ပေါ်မှာ လပြည့် ဝန်း မရှိတော့။



www.burmeseclassic.com

www.burmeseclassic.com



ဘယ်ရောက်သွားခဲ့ပြီလဲ။

မျက်စိမှားခဲ့တာလား။ အိပ်မက်,မက်နေခဲ့တာလား။

ဟင့်အင်း. . . မဟုတ်ဘူး။

ငြိမ်းချမ်း အသက်ကို ဝအောင်ရှူကာ စိတ်အားတင်းလျက် ကုတင်အောက်ကို ဇောက်ထိုးကြည့်လိုက်မိသည်။

ဘာမှမရှိ။ ဘယ်ရောက်သွားပြီလဲ။

လပြည့်ဝန်း ဘယ်ရောက်သွားပြီလဲ။

သူ မျက်စိများ မှားလားဟု တွေးကာ ပြန်လှဲအိပ်ရန် တစ်ဖက်ကို အလှည့်. . .

"အား. . ."

ရင်ခေါင်းသံကြီးဖြင့် အော်ကာ ကုတင်ပေါ်မှ ဝရုန်းသုန်းကား ပြေးဆင်းခဲ့မိတော့သည်။

လပြည့်ဝန်းဆိုသော မကောင်းဆိုးဝါးမက သူ့ကုတင်ဘေးမှာ ကြောက်မက်ဖွယ်ရာ မျက်လုံးကြီးများနှင့် ငုတ်တုတ်ထိုင်လျက်။

သူ တည်းခိုခန်းတံခါးကို ဖွင့်ကာ ကြောက်လန့်တကြား ထွက်ပြေးခဲ့မိသည်။

ကြောက်စိတ်ကြောင့် သူ့ရင်တစ်ခုလုံး ဖြောင်းဆန်၍နေသည်။ လပြည့်ဝန်းများ လိုက်လာမလားဟု ပြေးနေရင်း နောက်ကို ခဏခဏ လှည့်ကြည့်မိဆဲ။

မတွေ့. . .။ သို့သော်. . .

တရှပ်ရှပ်ခြေသံကို အပေါ်မှ ကြားရသလို ရှိသဖြင့် မော့ကြည့်လိုက်မိရာ. . .

"အောင်မလေး"

မျက်နှာကြက်ပေါ်မှ ဇောက်ထိုးလျှောက်ပြီး လိုက်လာနေသော လပြည့်ဝန်းကို တွေ့လိုက်ရလျှင် လိပ်ပြာလွင့်မတတ် သူ ကြောက်လန့်



www.burmeseclassic.com

www.burmeseclassic.com



သွားရတော့သည်။

ပွစာကြဲနေသော ဆံပင်ရှည်များမှာ. . မျက်နှာကြက်ပေါ်မှ ဇောက်ထိုးကျနေသည်မှာ ကြောက်မက်ဖွယ်ရာအတိ။

မျက်လုံးစိမ်းစိမ်းကြီးများမှအပ မျက်နှာတပြင်လုံးမှာလည်း ဖွေးဆုတ်ပြာနှမ်း၍နေသည်။

ငြိမ်းချမ်း သွေးပျက်မတတ်ပင် ကြောက်စိတ်ဖြင့် လှေကားကို ဒရောသောပါး ဒုန်းစိုင်းဆင်းလာခဲ့မိသည်။ သို့သော်. . .

ထိုတစ်ခုတည်းသော လှေကားကို ဘယ်နှစ်ခါပဲ ပြေးဆင်းဆင်း အောက်ထပ်သို့ မရောက်နိုင်ဘဲ လှေကားထိပ်သို့ပင် ပြန်ရောက်ကာ လည်နေခဲ့သည်။

ဘုရား. . . ဘုရား။

မကောင်းဆိုးဝါးမက သူ့ကို ထွက်ပြေးမရနိုင်အောင် ကမ္ဘဇိဒ္ဓိ ဖြင့် ပြုစားခဲ့လေပြီ။

သွားပြီ။

ထိုမကောင်းဆိုးဝါးမရဲ့လက်ထဲမှာ သူ့လိပ်ပြာ အနှုတ်သိမ်းခံရ တော့မည်လေ။

သူ ဘယ်ကိုပြေးလို့ပြေးရမှန်း မသိနိုင်တော့အောင် ဆောက် တည်ရာမရ သွေးပျက်ချောက်ချားနေမိစဉ်. . .

"ချမ်း. . ."

တိုးသဲ့သောခေါ်သံဖြင့် လှေကားရင်း တိုင်အကွယ်မှ ထွက် လာသော မေလေးကို တွေ့လိုက်ရလျှင်. . .

"မေလေး"

အံ့ဩစိတ်နှင့်အတူ သူ ဝမ်းသာအားရဖြစ်ကာ အားတက်သွား ရတော့သည်။

"အခန်းထဲမှာ မေလေးကို ဘာလို့ တစ်ယောက်ထဲ ထားခဲ့ရ



www.burmeseclassic.com

www.burmeseclassic.com



ဘာလဲဟင်၊ မေလေး ကြောက်တယ်"

မေလေး ပခုံးလေး ကျုံ့ကာ တိုးသဲ့စွာ ပြောသည်။

"ဟိုလေ. . . ကိုယ်. . . ကိုယ်"

ကြောက်လွန်းအားကြီးသဖြင့် မေလေးကို တစ်ယောက်ထဲ ထားခဲ့မိကာ ကိုယ်လွတ်ရုန်း ထွက်ပြေးခဲ့မိသောအဖြစ်ကို သူ ဘယ်လို ရှင်းပြရမလဲ ဖြစ်နေမိသည်။

"မေလေးကို တစ်ယောက်ထဲ ထားခဲ့ပြီး ချမ်း ဘယ်ကို သွား သေလို့လဲဟင်"

မေလေးအသံမှာ ငိုသံစွက်လာသည်။

ကြည့်စမ်း. . .။

မေလေးတစ်ယောက်ထဲ အခန်းထဲမှာ ဘယ်လောက်တောင် ကြောက်ခဲ့ရှာမလဲ။

သူ မေလေးကို သနားသွားရကာ. . .

"ဆောရီး မေလေးရယ်၊ ကိုယ် ဘယ်မှ မသွားပါဘူး၊ မေလေး ကို ထားခဲ့ပြီး ကိုယ် ဘယ်ကိုမှ မသွားတော့ပါဘူး"

ကြောက်နေရှာသည့် မေလေးကို ဖေးမနှစ်သိမ့်ရန် သူ ရှေ့သို့ တိုး အားငယ်နေရှာသည့် မေလေးရဲ့မျက်လုံးများမှာ ရုတ်ချည်း စိမ်း ရဲ ထတောက်ကာ. . .

"တကယ်လား. . . ဘယ်မှမသွားတော့ဘူး ဟုတ်လား"

ချက်ချင်းပင် ပြောင်းလဲသွားသောအသံကြောင့် သူ့ခြေလှမ်း တွေ ရှေ့မတိုးမိတော့ဘဲ ရပ်တန့်ကာ အံ့သြသွားရဆဲ. . .

"သွားလို့လည်း မရပါဘူး၊ နင် ငါ့လက်ထဲက မလွတ်ပါဘူး ကိုချမ်း"

အက်ကွဲသော ကြောက်မက်ဖွယ်ရာ အသံကြီးဖြင့် ပြောရင်း မေလေးက လက်ကောက်ဝတ်ကို ဆုပ်ကိုင်ကာ သူ့မြင်အောင် မြှောက်



www.burmeseclassic.com

www.burmeseclassic.com


ပြုပြီး. . .

"ဒီမှာကြည့်စမ်း မှတ်မိလား၊ ဟော့ဒီလက်ကောက်ဝတ်ကို လှီး
ဖြတ်ပြီး ကျခဲ့တဲ့ သွေးစက်နဲ့အတူ ငါက နင့်ကို ကျိန်စာဆိုခဲ့တာ. .

နင့်ကြောင့် ငါ စိတ်ဆင်းရဲ ကိုယ်ဆင်းရဲ ခံစားခဲ့ရသလို နင်လဲ
ထပ်တူခံစားရပါစေလို့လေ. . .

ဟင်း. . ဟင်း. . အခု နင် ခံစားရမယ့်အလှည့်ပဲ ငြိမ်းချမ်းရဲ့"

သွေးတွေ. . မည်းနက်သောသွေးတွေ. . .

လက်ဆီမှ အဆက်မပြတ်။

ထို့နောက်. . .

မျက်လုံးများ နှုတ်ခမ်းများထဲမှ. . .

ဟင့်အင်း. . . ဒါ. . . ဒါ. . . မေလေး မဟုတ်ဘူး။

ဒါ. . . မကောင်းဆိုးဝါးမ။

မေလေး ခန္ဓာကိုယ်ကို ပူးကပ်အသုံးချပြီး မကောင်းဆိုးဝါးမက
သူ့လိပ်ပြာကို နှုတ်သိမ်းရန် ကြိုးစားနေခဲ့တာပဲ။

သွေးများ အဆက်မပြတ် စီးကျနေသော လက်ကို မြှောက်ကာ
မကောင်းဆိုးဝါးမက သူရှိရာ တစ်လှမ်းချင်း တိုးလာလျှင်. . .

"သွား. . . ထွက်သွား"

အသံနက်ကြီးဖြင့် မောင်းထုတ်မိသော်လည်း တကယ်တမ်းမှာ
ကြောက်လန့်တကြား ထွက်ပြေးလာခဲ့မိသူမှာ သူပဲဖြစ်သည်။

နောက်ပြန်လှည့်ပြေးကာ ဝရံတာဘေး၌ ကပ်ထောင်ထား
သော သစ်သားလှေကားမှ သူ ခဲရာခဲဆစ် တွယ်ဆင်းခဲ့မိသည်။

မိုးများမှာ သည်းသည်းမဲမဲ ရွာလျက်ရှိသည်။

သူ့တစ်ကိုယ်လုံး မိုးများ ရွှဲရွှဲစိုနေပြီဖြစ်သော်လည်း မကော
ဆိုးဝါးမ လက်ထဲက လွတ်ဖို့က ဒီတစ်လမ်းထဲ ရှိတော့တာမို့ လက်ရန်း
မရှိသော လှေကားကျဉ်းလေးထဲမှ သူ တွယ်ကပ်ကာ စွန့်စွန့်စားစား


www.burmeseclassic.com

www.burmeseclassic.com



ဆင်းနေမိသည်။

မကောင်းဆိုးဝါးမကလည်း လှေကားကို ဇောက်ထိုးဆင်းလိုက်လာသည်။

ကြောက်မက်ဖွယ်ရာ ဖွေးဆုတ်ဆုတ် မျက်နှာကြီးမှာ သူ နှင့်သိပ်မကွာ။

လှေကားထစ်များမှာ မိုးရေများအောက်၌ ချောနေသည်မို့ သူ ခြေထောက်ကို သတိဖြင့် ဂရုစိုက်ချကာ တစ်ထစ်ချင်း ဆင်းနေရသည်။

မကောင်းဆိုးဝါးမကလည်း တစ်ထစ်ချင်း ဆင်းပြီး လိုက်လာသည်။

သူ အောက်ကို ငုံ့ကြည့်လိုက်မိတော့ လူတစ်ရပ်စာသာသာ အကွာအဝေးသာ ရှိတော့သည်။

သူ လှည့်ကြည့်လိုက်မိတဲ့အခိုက်မှာ မကောင်းဆိုးဝါးမက သွေးချား တပွက်ပွက် ကျနေသော ပါးစပ်ဖြင့် တဟင်းဟင်း ချောက်ချားဖွယ်ရာ ရယ်လျက် လှေကားထစ်ဆီ ဆုပ်ကိုင်ထားသော သူ့လက်ဆီ လက်အလှမ်း. . .

"ဂျိန်း. . ."

ခနဲ မိုးခြိမ်းသံနှင့်အတူ. . .

သူ့လက်များသည်လည်း လှေကားထစ်ဆီမှ အကြောက်လွန်စွာ ကွာကျကာ. . .

အသည်းထဲ လှပ်ခနဲ အေးစိမ့်သွားခဲ့သော ခံစားချက်နှင့်အတူ သူ့ခန္ဓာကိုယ်တစ်ခုလုံးသည် လေဟာနယ်ထဲ နောက်ပြန်လဲကျ သွားခဲ့ပြီးသည့်နောက်. . .။



www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com



# အခန်း(၈)

"အား... ကျွတ်... ကျွတ်"

ခေါင်းကို ကိုင်ကာ ညည်းညူရင်း ငြိမ်းချမ်း ဖြည်းဖြည်းချင်း ထထိုင်သည်။

"နေသာရဲ့လား ချမ်း"

မေလေး ဖေးမရင်းက မေးသည်။

"အင်း... သက်သာပါတယ်၊ ခေါင်းနည်းနည်းတော့ ကိုက်သေးတယ်"

ငြိမ်းချမ်း မေလေးကို မျက်နှာခပ်လွှဲလွှဲဖြင့် ပြန်ပြောမိသည်။ မေလေးမျက်နှာကို ခုချိန်ထိ သူ ရဲရဲမကြည့်ရဲသေး။

အပြန်လမ်းတွင် ကည်းခိုခန်းမှာ ဖြစ်ပျက်ခဲ့တဲ့ ခြောက်ချားစရာ



www.burmeseclassic.com

www.burmeseclassic.com



ဦးရဲ လှမ်းခေါ်ပြောတော့ မေလေး ကြောင်သွားရသည်။

"ရော့. . . ဒီမှာ"

မေလေး ကြောင်အမ်းအမ်းဖြင့် ဦးရဲ လှမ်းပေးသောဓါတ်ပုံကို ယူလိုက်ရသည်။

သူမ ဒီနေ့မှ ဒီဆိုင်ကို ရောက်လာခြင်းဖြစ်သည်။

အရင်နေ့တွေက လပြည့်ဝန်း နေထိုင်ရာမြို့ကို ချမ်းနှင့်အတူ သွားခဲ့သည်ပင်။

ဦးရဲ လူများ မှားနေသလား တွေးကာ ဓါတ်ပုံကို အိတ်ထဲမှ ထုတ်ကြည့်လိုက်မိလျှင် မျက်လုံးအစုံ ပြူးကျယ်ဝိုင်းစက်ပြီး ခေါင်းနပန်း ကြီးထွက်သွားရသည်။

ဘုရားရေ. . .။

ဓါတ်ပုံက ချမ်း နေမကောင်းဖြစ်ပြီး အိပ်ရေးပျက်တာ များ သဖြင့် ဆေးသောက်ပြီး သူမပေါင်ပေါ် လှဲအိပ်ခဲ့သည့်နေ့ကပုံ။

ဘုရား. . . ဘုရား။

ဒါ. . ဒါ. . ဘယ်သူက ဓါတ်ပုံရိုက်ခဲ့တာလဲ။

အဲ့ဒီတုန်းက ချမ်းနှင့်အတူ သူမပါ ထိုင်လျက်သား မှေးခနဲ အိပ်ပျော်သွားခဲ့ရတာ။

မေလေးသည် ဓါတ်ပုံကို ထိတ်လန့်ခြင်းကြီးစွာ အသေအချာ ကြည့်မိလျှင်. . .

အားခနဲ လန့်မအော်လိုက်မိအောင် မနည်း ကိုယ့်ပါးစပ်ကိုယ် လက်ဝါးဖြင့် အမြန်အုပ်လိုက်ရသည်။

ဓါတ်ပုံထဲမှာ ဝိုးတဝါး ပေါ်နေသောအရိပ်တစ်ခုကို အခုမှ တွေ့လိုက်ရခြင်းဖြစ်သည်။

လပြည့်ဝန်း။

ဆိုဖာဆက်တီပေါ်မှာ အိပ်ပျော်နေသော သူမတို့နှစ်ယောက်



www.burmeseclassic.com

www.burmeseclassic.com



"ချမ်း. . . ချမ်း"

မေလေး အဆက်မပြတ် အော်ခေါ်ရင်း ချမ်းရဲ့တိုက်ခန်းထဲသို့ ထိတ်လန့်တကြား ပြေးဝင်မိသည်။

ချမ်းကို မတွေ့ရ။

စိုးရိမ်ပူပန်စိတ်က ချောက်ချားခြင်းနှင့်အတူ ရင်ထဲ ဟုန်းခနဲ တောက်သွားရသည်။

ချမ်း ဘယ်မှာလဲ။ ချမ်း ဘယ်ရောက်သွားပြီလဲ။

ချမ်း. . ချမ်းကို မေလေး မရှိတုန်း မကောင်းဆိုးဝါးမက တစ်ခု လုပ်လိုက်ပြီလား။

"ချမ်း. . ရေ. . ချမ်း"

စိုးရိမ်စိတ်ဖြင့် မေလေး အသံမြှင့်ခေါ်ရင်း ဓါတ်ပုံဆေးကူးသည့်အခန်းထဲကို ဝင်ရှာရန်အပြင်. . .

စာအုပ်စင်ကို. . .

"ဒိုး. . ."



www.burmeseclassic.com

www.burmeseclassic.com



ခနဲ တိုက်မိကာ စင်ပေါ်မှ စာအုပ်များ ပြိုကျသွားသဖြင့် ပြန်
ကောက်တင်မိစဉ်. . .

"ဟင်. . ."

လုံးဝကို ထင်မှတ်မထားသော အံ့အားသင့်ခြင်းနှင့်အတူ
မျက်နှာတပြင်လုံး ထူပူအမ်းထုံသွားခဲ့ရသည်။

ဓါတ်ပုံတစ်ပုံ။ မိန်းကလေးတစ်ယောက်အနေနှင့် ဘယ်လို
ကြည့်ဝံ့စရာ မရှိသော ဓါတ်ပုံတစ်ပုံ။

မိန်းကလေးတစ်ယောက်ကို ယောကျ်ားသားသုံးယောက်
ဝိုင်းပြီး နှိုင့်ထက်စီးနင်း အဓမ္မပြုကျင့်နေသည့်ပုံ။

နီရဲရီဝေနေသော မျက်လုံးများနှင့် ဇော်ထွန်း နိုင်ကြီး ဖိုးညီ
မေလေး ကိုယ့်မျက်စိတောင် ကိုယ်မယုံနိုင်။

ဒီလူတွေ. . .

ကြည့်စမ်း. . . ဘယ်လောက်များ ရိုင်းစိုင်းလိုက်ကြသလဲ။

လှုပ်ရှားရုန်းကန်မရနိုင်သော အနေအထားဖြင့် ငိုယိုအော်ဟစ်
နေရှာသည့် မိန်းကလေးတစ်ယောက်။

သူမ. . . လပြည့်ဝန်း။

ဘယ်လောက် သနားစရာ ခံပြင်းစရာ ကောင်းလိုက်တဲ့ ရက်
စက်မှုကြီးလဲ။

အနောက်မှာ တိရစ္ဆာန်အကောင်ငယ်တွေကို မပုပ်မသိုး
အောင် ဆေးရည်စိမ်ထားသည့် ပုလင်းတွေနှင့်။

ဓါတ်ခွဲခန်း. . . ကျောင်းအပေါ်ထပ်က ဓါတ်ခွဲခန်းထဲမှာ။

ဒါ့ကြောင့်. . .

ဓါတ်ပုံထဲမှာ ဓါတ်ခွဲခန်းထဲမှာ သူမ ရှိကြောင်း ပြသခဲ့တာလား

ဘယ်လောက်များ သနားစရာကောင်းလိုက်တဲ့ မိန်းကလေး
ကွယ်။ ကိုယ့်ကို မချစ်ခဲ့တဲ့ ယောကျ်ားတစ်ယောက်ရဲ့စွန့်ပစ်ခြင်း



www.burmeseclassic.com

www.burmeseclassic.com



ခံခဲ့ရတဲ့ မိန်းကလေး။

သေရည်ဝင်ပြီး လူစိတ်ပျောက်ကွယ်နေတဲ့ ယောကျ်ားတစ်စုရဲ့ နိုင်စက်ကလူပြုခြင်းကို ခေါင်းငုံ့ခံခဲ့ရတဲ့ မိန်းကလေး။

ဒါဟာ သနားစရာ မိန်းကလေးတစ်ယောက် လောကကြီးထဲက အရှုံးပေး ထွက်ခွာဖို့ လုံလောက်တဲ့ အကြောင်းအချက်တွေပဲ မဟုတ်လား။

ချမ်း ပြောပြခဲ့သလို လပြည့်ဝန်းဟာ ဆေးရုံပေါ်က ခုန်ချပြီး ကိုယ့်ကိုယ်ကို သေကြောင်းကြံစည်ခဲ့သလို့. . .

လူစိတ်ပျောက်ကွယ်ခဲ့တဲ့ ယောကျ်ားသုံးယောက်လုံးဟာလည်း လပြည့်ဝန်းရဲ့ကျိန်စာအတိုင်း တိုက်ပေါ်ကနေ ခုန်ချပြီး ကိုယ့်အသက်ကိုယ် စတေးခဲ့ကြတာ။

ဒါဟာ ထိုက်တန်တဲ့ အပြစ်ဒဏ်ပဲ။

ဒါဆို. . .

ဒါဆို ချမ်းကရော။

အဲ့ဒီအချိန်မှာ ချမ်းက ဘာလုပ်နေလဲ ဘယ်ရောက်နေလဲ။

ဘာလို့ ဓါတ်ပုံထဲမှာ ချမ်းတစ်ယောက် ပျောက်ဆုံးနေခဲ့တာလဲ။

မေလေးရင်ထဲမှာ မေးခွန်းတစ်ခု ရုန်းကြွ၍လာဆဲမှာပင်. . .

"မေလေး ဘယ်တုန်းက ပြန်ရောက်၊ ဟင်. . ဒါ. . ဒါ. . ဒီ ဓါတ်ပုံက"

ဓါတ်ပုံဆေးကူးသည့်အခန်းထဲက ထွက်လာခဲ့သော ငြိမ်းချမ်းသည် ရုတ်တရက် မေလေးကို တွေ့လိုက်ရလျှင် အံ့အားသင့်သွားခဲ့ရပြီး မေလေးလက်ထဲမှ ဓါတ်ပုံကို မြင်တွေ့လိုက်ရသောအခါ မျက်နှာတပြင်လုံး ဖြန်းခနဲ ပူသွားခဲ့ရပြီး စကားတို့လည်း ထစ်အ,သွားရတော့သည်။

မေလေးမှာလည်း ချမ်းကို တွေ့လိုက်ရလျှင် သိချင်နေသော မေးခွန်းတစ်ခုကို အောင့်အည်းထိန်းချုပ်မထားနိုင်တော့ဘဲ. . .



www.burmeseclassic.com

www.burmeseclassic.com



"ချမ်း. . . ဒီဓါတ်ပုံ ချမ်းဆီမှာ ဘယ်လိုရှိနေခဲ့တာလဲ၊ ပြောစမ်းပါ၊ ဒါ ဇော်ထွန်း မသေခင်က လာတောင်းတာ ဒီဓါတ်ပုံ မဟုတ်လားဟင်. . ပြောစမ်းပါ၊ ဒီဓါတ်ပုံ ချမ်းဆီမှာ ဘယ်လိုဖြစ်ပြီး ရောက်နေခဲ့တာလဲ"

"မေလေး. . . ကိုယ်မသိဘူး၊ ကိုယ်ဘာမှ မသိဘူး"

မေလေးလက်ထဲက ဓါတ်ပုံကို မကြည့်ရဲစွာ မျက်နှာလွှဲပြီး ငြိမ်းချမ်း မျက်စိစုံမှိတ် ငြင်းသည်။

မေလေးသည်လည်း ငြိမ်းချမ်း ငြင်းနေတာကို လုံးဝမယုံကြည်နိုင်တော့ဘဲ တစ်စုံတစ်ခုကို ဖျတ်ခနဲ ရိပ်မိသိရှိသွားရတော့ကာ. . .

"ချမ်း. . ."

မေလေး လေသံပြတ်ဖြင့် ခေါ်လိုက်သည်။

ငြိမ်းချမ်းမှာ မေလေးကို မျက်လုံးချင်း မဆုံရဲဘဲ ခေါင်းငိုက်စိုက်ချထားသည်။

"အမှန်အတိုင်း ဖြေစမ်းပါ၊ ဒီဓါတ်ပုံကို ရိုက်ပေးခဲ့တာ ဘယ်သူလဲ"

မေလေးရဲ့အမေးစကားကြောင့် ငြိမ်းချမ်း အံ့သြထိတ်လန့်စွာ မော့ကြည့်လေသည်။

"ဟင်လို့. . . ဒီဓါတ်ပုံကို ရိုက်ပေးခဲ့တာ ဘယ်သူလဲ ပြောစမ်းပါ၊ ဒီဓါတ်ပုံထဲမှာ ချမ်းတို့အုပ်စုထဲက ချမ်းတစ်ယောက်ထဲ ပျောက်နေးကာ သံသယရှိစရာပဲ၊ ပြောလေ. . . ဒီဓါတ်ပုံကို ရိုက်ပေးခဲ့တာ ဘယ်သူလဲ"

မေလေးရဲ့လေသံမှာ တစ်ထစ်ချ သံသယရိပ် ပါဝင်နေခဲ့ပြီး လုံးဝငြင်းဆန် ဖုံးကွယ်၍ မရနိုင်တော့မှန်း ငြိမ်းချမ်းမှာ သိလိုက်ရ ဟန်ဆောင်၍ မရနိုင်တော့သော မျက်နှာဖြင့် ဖွင့်ဟ ဝန်ခံရလေတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



"ကိုယ် အားလုံးကို အမှန်အတိုင်း ပြောပြပါ့မယ်၊ အဲ့ဒီနေ့က သူတို့တွေ အရမ်းမူးနေကြတယ်၊ ကိုယ်ရောက်သွားတဲ့အချိန်မှာ အရာအားလုံး နောက်ကျသွားခဲ့ပြီ. . .

ပြည့်ပြည့် ကိုယ့်ကို အကူအညီတောင်းတဲ့အချိန်မှာ ကိုယ်သူ့ကို သနားမိပေမယ့် ဇော်ထွန်းတို့ သုံးယောက်ကို မလွန်ဆန်နိုင်ခဲ့ဘူး"

"ဘာ. . . မလွန်ဆန်နိုင်ခဲ့ဘူး ဟုတ်လား၊ ဒါနဲ့ပဲ မိန်းကလေးတစ်ယောက်ကို လူယုတ်မာ အရက်သမားတွေလက်ထဲက မကယ်တင်ခဲ့တဲ့အပြင် ဒီဓါတ်ပုံကိုပါ ရိုက်ပေးခဲ့တယ်ပေါ့ ဟုတ်လား"

"မေလေးရယ်. . . ဇော်ထွန်းက ဓါတ်ပုံအတင်းရိုက်ခိုင်းလို့"

"အဓိပ္ပါယ်မရှိတာ. . . ဒါ အသုံးမကျတဲ့ ဆင်ခြေပဲ၊ ရှင်လည်း အလိုတူအလိုပါပဲ ငြိမ်းချမ်း၊ ရှင်တို့ အတော်ရက်စက်တဲ့လူတွေ၊ လူစိတ်ရှိတဲ့ လူ့အနွတွေ၊ နှမချင်း မစာနာတဲ့လူတွေ"

မေလေးသည် မိန်းမသားချင်း စာနာကာ နာသာခံခက်ဖြင့် မျက်ရည်တွေတွေကျပြီး ငြိမ်းချမ်းကို လက်ညှိုးငေါက်ငေါက်ထိုးကာ ရှုပ်စွဲထိုးနှက်နေမိသည်။

ငြိမ်းချမ်းမှာလည်း ပျော့ညံ့တွေဝေခဲ့သော ကိုယ့်အပြစ်အနာတ် ယူကြုံးမရ ပြန်ခံစားရလေကာ မျက်ရည်များ ကျလာမိလျက်. .

"မေလေးရယ်. . . ကိုယ်လေ. . ပြည့်ပြည့်အဖြစ်ကို မကြည့်ချက်ခဲ့ပါဘူး၊ ဒါပေမယ့် သူငယ်ချင်းတွေကိုလည်း ကိုယ်မလွန်ဆန်နိုင်ခဲ့ဘူး ကိုယ် ပျော့ညံ့ခဲ့တာပါ၊ အဲ့ဒီအတွက် ခုချိန်ထိ ကိုယ့်ကိုယ်ကို ခွင့်လွှတ်နိုင်အောင်ပါပဲ. . .

ဒါပေမယ့် ဒီကိစ္စဟာ ကိုယ့်ပယောဂတော့ မပါခဲ့ပါဘူး ယုံပါ၊ ကိုယ့်စကားကို ယုံပါ မေလေးရယ်"

"ဟင့်အင်း. . . ကျွန်မ ရှင့်ကို မယုံတော့ဘူး ငြိမ်းချမ်းအေး ရှင်အပြစ်အဖြစ်အောင် ရှင်လိမ်နေတာပဲ၊ ဒီဓါတ်ပုံကိုသာ မတွေ့ခဲ့ရင်



www.burmeseclassic.com

www.burmeseclassic.com



ကျွန်မဟာ ရှင့်ကို ဆက်ပြီးချစ်နေမိဦးမှာ၊ ရှင့်ကို အထင်ကြီး ယုံကြည်နေမိဦးမှာ. .

ခုတော့ ဒီဓါတ်ပုံကို တွေ့လိုက်ရလို့ ရှင်ဟာ ဘယ်လိုလူစားမျိုးလဲဆိုတာ ကျွန်မ သိသွားပြီ၊ ကျွန်မ ရှင့်ကို သိပ်မုန်းသွားပြီ ငြိမ်းချမ်းအေး၊ ဖယ်. . ကျွန်မ ပြန်မယ်"

စကားဆုံးသည်နှင့် မေလေး ဆတ်ခနဲ လှည့်ထွက်ရန် ခြေလှမ်းပြင်သည်။

"ဟင့်အင်း. . . မပြန်ပါနဲ့ မေလေးရယ်၊ ကိုယ့်ကို မမုန်းလိုက်ပါနဲ့၊ မေလေးကို ကိုယ် တကယ်ချစ်တာပါ၊ မေလေးကို ကိုယ် တကယ်လိုအပ်တာပါ၊ ကိုယ့်ဘ၀မှာ မေလေး မရှိလို့ မဖြစ်ဘူး၊ ကိုယ့်ကို မထားခဲ့ပါနဲ့ မေလေးရယ်"

ငြိမ်းချမ်း ဆောက်တည်ရာမရဖြစ်ကာ မေလေးရှေ့မှ မျက်ရည်များဖြင့် ကာဆီးထားမိသည်။

"ဖယ်. . . ကျွန်မရှေ့ကဖယ်၊ ကျွန်မ ဒီတစ်သက် ရှင်နဲ့ ဘယ်တော့မှ မျက်နှာချင်း မဆိုင်တော့ဘူး"

မေလေး ခါးသီးရွံရှာစွာ အော်ဟစ်ရင်းက ငြိမ်းချမ်းကို တွန်းပစ်ကာ အခန်းထဲမှ အားကုန်ပြေးထွက်ခဲ့မိသည်။

"မေလေး. . မေလေး"

မျက်ရည်များ ရှိုက်သံများဖြင့် ငြိမ်းချမ်း အဆက်မပြတ် အော်ခေါ်ပါသော်လည်း မေလေးမှာ နောက်ကို တစ်ချက်ကလေးမှ လှည့်မကြည့်တော့။

အခန်းကလေးထဲ၌ ရှိုက်သံများသာ ကြေကွဲဖွယ် ပျံ့လွင့်လျက်



www.burmeseclassic.com

www.burmeseclassic.com



ချမ်း သူရဲ့ချိုရွှင်သော ရယ်သံကလေးများဖြင့် သာယာခဲ့သော အခန်းမှာ ခုတော့ ခြောက်သွေ့ အထီးကျန်ဆန်လို့နေသည်။

ငြိမ်းချမ်းသည် မျက်ရည်များကို လက်ခုံဖြင့် ခပ်ကြမ်းကြမ်း သုတ်တိုက်လိုက်လျက် ဆတ်ခနဲ ထအော်သည်။

ထို့နောက်. . .

စားပွဲပေါ်မှ ပိုလာရွိုက် ကင်မရာကို လွယ်လိုက်လျက် နာကျည်းစွာ ပြီးတော့ အေးစက်စွာ ပြုံးလိုက်ကာ. . .

"လပြည့်ဝန်း"

လို့ တိုးသဲ့သော်လည်း ပြတ်သားစွာ ခေါ်လိုက်သည်။

"မင်း ရှိတယ်မဟုတ်လား. . ၊ မင်း ဒီအခန်းထဲမှာ ရှိနေတယ်မဟုတ်လား၊ မင်း ငှါ့အနားမှာ ရှိတယ်မဟုတ်လား၊ လာပါ. . . ထွက်ခဲ့ပါ ငှါ့ရှေ့ကို ထွက်လာခဲ့စမ်းပါ လပြည့်ဝန်း"

ငြိမ်းချမ်းသည် ကင်မရာကို လွယ်လျက် အခန်းထဲမှာ လှည့်



www.burmeseclassic.com

www.burmeseclassic.com



ပတ်ရင်း မမြင်ရသော တစ်စုံတစ်ယောက်ကို တိုင်တည်ကာ တစ်ယောက်ထဲ စကားတွေ ပြောနေမိသည်။

"အခု မင်းဖြစ်စေချင်သလို အားလုံးဖြစ်ရပြီ မဟုတ်လား၊ မေလေး ငါ့ကို မုန်းသွားပြီ၊ မေလေး ငါ့အနားက ထွက်ခွာသွားပြီ. . .

မင်း အဲ့လို ဖြစ်စေချင်နေတာ မဟုတ်လားဟင်"

မျက်လုံးများကို ဝေ့ဝဲကာ တစ်စုံတစ်ယောက်ကို အသည်းအသန် ရှာဖွေရင်း ငြိမ်းချမ်းသည် အရူးတစ်ယောက်လို စကားတွေ အဆက်မပြတ် ပြောနေမိသည်။

"မင်း ဘာလို့ ဒီလိုလုပ်ရတာလဲ၊ မေလေး ငါ့အနားက ထွက်သွားအောင် မင်း ဘာဖြစ်လို့ လုပ်ရတာလဲ ပြောစမ်းပါ၊ မင်း ငါ့ကို ချစ်နေသေးလို့ မဟုတ်လားဟင် လပြည့်ဝန်း. . .

ငါကတော့ မင်းကို အရင်တုန်းကလည်းမချစ်ဘူး. . နောင်လည်း ချစ်မှာမဟုတ်ဘူး. . . ဒါကြောင့်လည်း ခါတ်ခွဲခန်းထဲ ငါရောက်လာတဲ့အချိန် သူငယ်ချင်းတွေ နင့်ကိုနိုင့်ထက်စီနင်းလုပ်နေတာကို ခါတ်ပုံရိုက်ပြီး ရှောင်ထွက်ခဲ့တာပေါ့. . .

အိုကေ. . . အခု မေလေး ငါ့အနားမှာ မရှိတော့ဘူး၊ မင်း ငါ့ကို လွတ်လွတ်လပ်လပ် ချစ်လို့ရပြီ၊ ငါသေမှပဲ မင်းနဲ့ငါ ခွဲကြတာပေါ့. လာလေ. . . ဘာလို့ ပုန်းနေတာလဲ၊ မင်း ဒီအခန်းထဲမှာ ရှိနေတာ ငါသိတယ်. . . ထွက်လာခဲ့ပါ၊ မင်း ဘယ်မှာလဲ၊ ထွက်လာခဲ့စမ်းပါ လပြည့်ဝန်းရဲ့၊ ငါ့ရှေ့ထွက်လာခဲ့စမ်းပါ"

သရဲကို မိုက်ရူးရဲစွာ ကိုယ့်ရှေ့ထွက်လာရန် စိန်ခေါ်နေသူမှာ လောကၥ် သူတစ်ယောက်ထဲ ရှိလိမ့်မည်ဟု ထင်ပါသည်။

လပြည့်ဝန်းကို မြင်တွေ့ခွင့်ရဖို့အတွက်. . . အရင်လို သူ၌ ကြောက်စိတ်နည်းနည်းမှ မရှိတော့တာ ထူးဆန်းပါသည်။

ခုချိန်မှာ လပြည့်ဝန်းကို ထိပ်တိုက်မြင်တွေ့ချင်စိတ်ကသာ သူ့



www.burmeseclassic.com

www.burmeseclassic.com



ာ တားဆီးမရအောင် ရုန်းကြွဆူပွက်လို့နေသည်။

"လပြည့်ဝန်း မှင်းပုန်းနေတာလား၊ အိုကေ. . . ရတယ်"

သူ စိန်ခေါ်ရင်း ကင်မရာကို ကောက်ချိန်လိုက်သည်။

စာအုပ်စင်ရှေ့၌. . .

"ချက်. . ."

ကင်မရာကို ခလုတ်နှိပ်ပြီးသည်နှင့် ဓါတ်ပုံက ချက်ချင်း ထွက်ာသည်မို့ သူ အသည်းအသန် ထုတ်ကြည့်လိုက်သည်။

စာအုပ်စင်ရှေ့၌ ဘာမှမရှိ။

မြင်ကွင်းက ရှင်းလင်းနေသည်။

ဗီရိုရှေ့။

"ချက်"

ထွက်လာသည့်ဓါတ်ပုံကို သူ ချက်ချင်းယူကြည့်လိုက်သည်။

မရှိ။

စာအုပ်စားပွဲရှေ့။

အခန်းထောင့်။

ကုတင်ပေါ်။

"ချက်" "ချက်" "ချက်"

ကင်မရာ ခလုတ်နှိပ်သံ တချက်ချက်နှင့်အတူ ဓါတ်ပုံများမှာ ည်း တစ်ပုံပြီးတစ်ပုံ။

လပြည့်ဝန်းရဲ့အရိပ်ကလေးသော်မှ မမြင်ရ။

သူ့စိတ်တွေ ပိုပြီးဆူပွက်လာခဲ့သည်။

"ဘယ်မှာလဲ လပြည့်ဝန်း၊ မင်းဘယ်မှာလဲဟင်. . . မင်း ဘယ် ှာလဲလို့"

သူ ဒေါသတကြီး အော်ဟစ်ရင်း ကင်မရာဖြင့် တစ်ခန်းလုံး နှံ့ လိုက်ရိုက်နေမိသည်။



www.burmeseclassic.com

www.burmeseclassic.com



ရေချိုးခန်းပါမကျန်။

သူ မောပန်းလာပြီ။

ထွက်လာသည့် ဓါတ်ပုံတွေထဲမှာ လပြည့်ဝန်းကို အရိပ်အယောင်တောင်မှ မမြင်တွေ့ရသောအခါ သူ့ဒေါသတွေ ထိန်းချုပ်မရအောင် ပေါက်ကွဲလာတော့ကာ. . .

"တောက်. . ."

တစ်ချက် ပြင်းထန်စွာ ခေါက်မိလျက် ကင်မရာကို ဒေါသတကြီး ကြမ်းပြင်ပေါ် လွှင့်ပစ်ချလိုက်သည်။

"ချက်"

ဘုရားရေ။

လွှင့်ပစ်လိုက်သော ကင်မရာမှာ ကြမ်းပြင်ပေါ်မှ သူရှိနေရာဘက်သို့ လှည့်လျက် အလိုအလျောက် ခလုတ်နှိပ်သံ ထွက်ပေါ်လာသောအခါ ထိတ်ခနဲဖြစ်ပြီး သူ့ ခေါင်းရှိ ဆံပင်များ ထောင်ထသွားသလိုခံစားလိုက်ရသည်။

ထို့နောက်. . .

ကင်မရာထဲမှ ထွက်လာသောဓါတ်ပုံကို သူ အံ့သြထိတ်လန့်စွာငုံ့ပြီး ဆွဲထုတ်လိုက်မိသည်။

မြတ်စွာဘုရား. . .

လပြည့်ဝန်း။

သူ အသည်းအသန် ရှာဖွေနေခဲ့သော လပြည့်ဝန်းက. . .

သူ့ရဲ့. . .

သူ့ရဲ့ပခုံးပေါ်မှာ။

ဘုရားရေ. . .

ဒါ. . ဒါ. . ဘယ်လိုဖြစ်ရတာလဲ။

တစ်ချိန်လုံး သူ့ဖက်တွေ မခံမရပ်နိုင်အောင် နှလုံးကျင်ကိုက်



www.burmeseclassic.com

www.burmeseclassic.com


နေခဲ့တာ။ ပြီးတော့. . .

နာ့စ်မက ပေါင်ချိန်တော့ သူ့ကိုယ်အလေးချိန်ကို ပေါင်နှစ်ရာ လေးဆယ်လို့ ပြောခဲ့တာ၊ နိုင်ကြီး ဇော်ထွန်းတို့ သူ့ကိုကြည့်ပြီး ကြောက်လန့်တကြား ထွက်ပြေးကြတာ၊ ကိုရင်လေး သူ့ကိုကြည့်ပြီး အထိတ်တလန့် ဖြစ်သွားတာ။

ကြည့်စမ်း။

လက်စသတ်တော့ တစ္ဆေမက မကောင်းဆိုးဝါး နာနာဘာဝ သူ့ရဲ့ပခုံးပေါ်မှာ တက်ခွထိုင်လျက်။

ဘယ်လောက် ကြောက်မက်ဖွယ် ကောင်းလိုက်တဲ့အဖြစ်လဲ။

ဘယ်လောက်များ ဆိုးဝါးလိုက်တဲ့အဖြစ်လဲ။

"အား. . ."

ခနဲ သူ ချောက်ချောက်ချားချား အော်မိလျက် ပခုံးပေါ်မှ တစ္ဆေမကို အတင်းဆွဲချနေမိသည်။

"သွား. . . ဆင်း. . . အခုဆင်း. . . ထွက်သွား"

သူ ဆောက်တည်ရာမရ တစ္ဆေမကို ဆွဲချရင်း မောင်းထုတ်ရင်း အခန်းထဲမှာ လှည့်ပတ်ထွက်ပြေးနေမိသည်။

သို့သော်. . .

သူ့ပခုံးများမှာ ပိုပြီးနာကျင်ကိုက်ခဲလာလျက်. . .

ထိုစဉ်. . .

သူ့မျက်လုံးများရှေ့ကို အေးစက်သော တစ္ဆေမရဲ့ လက်တစ်စုံ ဖုံးအုပ်လိုက်သောအခါ. . .

သူဘာမှမမြင်ရတော့. . . .

"သွား. . သွား. . ထွက်သွား၊ ဆင်း. . အခုဆင်းသွား"

သူ သွေးရူးသွေးတန်း အော်ဟစ်ရင်း ပြေးထွက်လာခဲ့သော နေရာမှာ ဝရန်တာ ဖြစ်နေခဲ့သောအခါ. . .


www.burmeseclassic.com

www.burmeseclassic.com


"အား. . ."

ချောက်ချားဖွယ်ရာ အေးစက်မှု။

ထို့နောက်. . .

ဘာမှမရှိသော လေဟာနယ်။

သူ့ရဲ့အသိစိတ်အာရုံ အလုံးစုံသည်. . .


www.burmeseclassic.com

www.burmeseclassic.com



မှန်တံခါးချပ်ရဲ့အပြင်ဘက်မှာ ခြေအစုံရပ်ရင်း အခန်းတွင်းကို တိတ်ဆိတ်စွာ ကြည့်လိုက်မိသည်။

ခေါင်း၌ ပတ်တီးအဖွေးသားဖြင့် လူနာကုတင်ပေါ်၌ ခါးကို ပုံမှန်အနေအထားထက် ပိုမိုကုန်းကာ. . ငြိမ်သက်စွာ ထိုင်နေသော ငြိမ်းချမ်းအေးကို တွေ့လိုက်ရလျှင် မျက်ဝန်းအစုံတို့ ဝေဝါးသွားရသည်။

ချမ်း. . .

ချမ်းရယ်. . .

မျက်စိလည်း မမြင်ရတော့ဘူးတဲ့. . .

အသိစိတ်လည်း ပျောက်နေပြီတဲ့. . .

အဲဒီလောက်အထိ ဖြစ်ခဲ့မယ်မှန်း မေလေး မထင်မိခဲ့ပါ။

ဒီအခြေအနေမျိုးမှာ ဘယ်လိုနှလုံးသားမျိုးနဲ့ ချမ်းကို ဖော်ပစ် ခါခါ ခါးသီးမုန်းတီးလို့ ရမှာတဲ့လဲ။

မေလေးသည် ရက်စက်သော ကျိန်စာသင့်ရှာလေပြီဖြစ်သော



www.burmeseclassic.com

www.burmeseclassic.com



ချစ်သူရဲ့ဆိုးဝါးလှသောအဖြစ်ကို မကြည့်ရက်စွာ မျက်နှာလွှဲလိုက်မိသည်။

ခုချိန်မှာ. . .

ချမ်းမှာ မေလေးတစ်ယောက်မှလွဲပြီး ဖေးမ,မယ့်သူ မရှိ။

နှစ်သိမ့်ချွေးထွေးပေးမယ့်သူ မရှိ။

မေလေး ခေါင်းကို မော့ကာ မျက်ရည်များကို သုတ်လိုက်သည်။

ထို့နောက်. . .

လူနာအခန်းရှိ မှန်တံခါးကို အသံမမြည်အောင် ဖြည်းညင်းစွာ ဖွင့်လိုက်စဉ်. .

မှန်တံခါး၌ ထင်ဟပ်လာသောအရိပ်မှာ. . .

ချမ်းရဲ့ပခုံးထက်၌ ချောက်ချားကြောက်မက်ဖွယ်ရာ တောင့်တောင့်ကြီး ထိုင်နေသော လပြည့်ဝန်းကို တွေ့လိုက်ရလျှင်. . .

မေလေး မျက်လုံးအစုံ ပြူးကျယ်ဝိုင်းစက်သွားရကာ. . .

နှုတ်ခမ်းလွှာများကို လက်ဝါးဖြင့် ကမန်းကတန်း အုပ်ကာလိုက်မိတော့သည်။

ထို့စဉ်. . .

လှည့်ကြည့်လိုက်သော လပြည့်ဝန်းရဲ့ စိမ်းနက်စူးဝါးသော တစ္ဆေမျက်လုံးအစုံထဲ၌ကား အညှိုးတကြီး ရက်စက်လွန်းလှသည့် ကိန်စာတစ်ခုဖြင့် ကြောက်မက်ဖွယ်ရာ စူးတောက်လျက် ရှိနေလေတော့သည်။

ထိုကျိန်စာသည်ကား. . .

ငြိမ်းချမ်းအေး. . .

ရှင့်အပေါ် စူးနစ်စွာ ချစ်ခဲ့တဲ့ ကျွန်မကို ရက်ရက်စက်စက် လျစ်လျူရှု စွန့်ပစ်ခဲ့တဲ့အတွက်. . .

ကျွန်မဟာ နောက်ဆုံးထွက်သက်နဲ့အတူ အသက်ဝိညာဉ်နဲ့



www.burmeseclassic.com

www.burmeseclassic.com


ရင်းပြီး ကျိန်စာတစ်ခု ဆိုခဲ့တယ်။

အဲဒါကတော့. . .

ကျွန်မဟာ ရှင် ဘယ်နည်းနဲ့မှ မောင်းထုတ် ဖယ်ချလို့ မရနိုင်တဲ့. . ရှင်နဲ့ အနီးဆုံးမှာ နေပြီး ရှင့်ရဲ့ဘဝတစ်သက်တာပတ်လုံး နှောင့်ယှက် ဒုက္ခပေးဖို့ပဲ။

အဲ့ဒါ. . . ကျွန်မရဲ့ နောက်ဆုံးထွက်သက်နဲ့အတူ စတေးခဲ့တဲ့ ကျိန်စာပဲ။


www.burmeseclassic.com